ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

## ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU1210

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ - အနုပညာ (ပန်းချီနှင့် ဂီတ)

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှု ရှိစေရန်နှင့် ပညာရေးကောလိပ်ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာသင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့်ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်းချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆသဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည်ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ်ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် ပညာရေးကောလိပ်သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆသဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည်ဖြစ်သည်။ သို့မှသာ ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့

လုပ်ကိုင်စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သောအပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသောချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာ သင်ကြားရေးနှင့် ပညာရေးဆိုင်ရာ သီအိုရီများကို နားလည်သဘောပေါက်စေခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာအသိပညာများကိုသာ အလေးပေးခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှု အခြေအနေများ တွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာအသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေး ထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကိုဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက် များနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်းပြန်လည် သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)

၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်

၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီး အချိန်တွင်လည်း ပညာရေးကောလိပ်ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ်ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ် တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှု ပြုပါသည်။

ဤသင်ရိုးညွှန်းတမ်းပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ နှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို- UNESCO) ၏ 'မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်' မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်း ရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက်မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အစဉ်တစိုက် ပံ့ပိုးကူညီခဲ့သည်။

# မာတိကာ

နိဒါန်း ........................................................................................ က
မာတိကာ ........................................................................................ ဃ
ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ ........................................................ ၁
အခန်း ၃။ ပန်းချီအနုပညာ ........................................................................ ၄၃
၃.၁။ ပန်းချီ အနုပညာ၏ အခြေခံအကြောင်းအရာများ ........................................ ၄၅
၃.၁.၁။ မူလတန်း ပန်းချီအနုပညာ သင်ကြားခြင်း၏ အဆင့်သုံးဆင့် .................. ၄၅
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ .. ၅၃
၃.၂။ ပန်းချီရေးဆွဲခြင်း ................................................................ ၅၄
၃.၂.၁။ မြန်မာ့ပန်းချီရေးဆွဲခြင်းဆိုင်ရာ သမိုင်းကြောင်း ................................ ၅၄
၃.၂.၂။ ပန်းချီရေးဆွဲခြင်း၏ သင်ပြနည်းဗျူဟာများ .......................................... ၆၃
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၇၃
၃.၃။ လက်မှုပညာ .......................................................................... ၇၄
၃.၃.၁။ မြန်မာ့ လက်မှုပညာ သမိုင်းကြောင်း ................................................ ၇၆
၃.၃.၂။ မြန်မာ့ လက်မှုပညာအား သင်ကြားခြင်း............................................. ၈၃
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၉၃
၃.၄။ မြန်မာ့ ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှု ................................ ၉၄
၃.၄.၁။ မြန်မာ့ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှုအား ရှင်းပြခြင်း......... ၉၄
၃.၄.၂။ မြန်မာ့ပန်းချီအနုပညာအပေါ်ရသခံစားတန်ဖိုးထားမှုအား သင်ကြားခြင်း ..... ၉၉
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၀၉
အခန်းဆုံးအနှစ်ချုပ် ........................................................................ ၁၁၀
အဓိကအချက်များ ........................................................................ ၁၁၀
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ................................................ ၁၁၃
ဆက်လက်ဖတ်မှတ်စရာများ ............................................................ ၁၁၅
အခန်း ၄။ စစ်ဆေးအကဲဖြတ်ခြင်း၏ နည်းလမ်းများ ........................................ ၁၁၈
၄.၁။ စစ်ဆေးအကဲဖြတ်ခြင်း ........................................................... ၁၁၉
၄.၁.၁။ ပန်းချီအနုပညာနှင့် ဂီတအနုပညာ ဘာသာကို စစ်ဆေးအကဲဖြတ်ခြင်း..... ၁၁၉
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၃၃

အခန်းဆုံးအနှစ်ချုပ် ........................................................................... ၁၃၄
အဓိကအချက်များ ........................................................................... ၁၃၄
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................................... ၁၃၅
ဆက်လက်ဖတ်မှတ်စရာများ ........................................................................... ၁၃၇
ခက်ဆစ်အဘိဓာန် ........................................................................... ၁၃၈
ကျမ်းကိုးစာရင်း ........................................................................... ၁၄၃
နောက်ဆက်တွဲများ ........................................................................... ၁၄၈
လက်ကမ်းစာစောင် (၁) မူလတန်းပန်းချီ အနုပညာသင်ကြားခြင်း၏ အဆင့်သုံးဆင့်
(သင်ခန်းစာ ၃.၁.၁) ........................................................................... ၁၄၉
လက်ကမ်းစာစောင် (၂) လုပ်ငန်းပေးစာရွက် (သင်ခန်းစာ ၃.၁.၁) ........................................................................... ၁၅၇
လက်ကမ်းစာစောင် (၃) မြန်မာ့အနုပညာသမိုင်း
(သမိုင်းမတိုင်မီခေတ်မှ ၁၉ ရာစုအထိ) ........................................................................... ၁၅၈
လက်ကမ်းစာစောင် (၄) ကလေးများ၏ ပန်းချီလက်ရာ နမူနာများ
(သင်ခန်းစာ ၃.၂.၂) ........................................................................... ၁၆၉
လက်ကမ်းစာစောင် (၅) သင်ယူမှုလုပ်ငန်း ၂ အတွက် ရုပ်ပုံများ
(သင်ခန်းစာ ၃.၂.၂) ........................................................................... ၁၇၀
လက်ကမ်းစာစောင် (၆) သင်ယူမှုလုပ်ငန်း ၂ အတွက် အဖြေများ
(သင်ခန်းစာ ၃.၂.၂) ........................................................................... ၁၇၁
လက်ကမ်းစာစောင် (၇) ကလေးများ၏ ပန်းချီအနုပညာ
သင်ယူတိုးတက်ပုံအဆင့်ဆင့် ........................................................................... ၁၇၃
လက်ကမ်းစာစောင် (၈) မြန်မာနိုင်ငံ၏ လက်မှုပညာ (သင်ခန်းစာ ၃.၃.၁) ........................................................................... ၁၈၁
လက်ကမ်းစာစောင် (၉) သင်ခန်းစာ ကြည့်ရှုလေ့လာရမည့် လုပ်ငန်းပေးစာရွက်
(သင်ခန်းစာ ၃.၃.၂) ........................................................................... ၁၈၇
လက်ကမ်းစာစောင် (၁၀) ပန်းချီအနုပညာအပေါ်ရသခံစားတန်ဖိုးထားမှု
(သင်ခန်းစာ ၃.၄.၁) ........................................................................... ၁၈၈
လက်ကမ်းစာစောင် (၁၁) လုပ်ငန်းပေးစာရွက် (သင်ခန်းစာ ၃.၄.၂) ........................................................................... ၁၉၀
လက်ကမ်းစာစောင် (၁၂) လုပ်ငန်းပေးစာရွက် ၂ (သင်ခန်းစာ ၃.၄.၂) ........................................................................... ၁၉၁

လက်ကမ်းစာစောင် (၁၃.၁) ပထမတန်း သင်ယူမှုရည်ရွယ်ချက်များနှင့်
စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၁၉၃
လက်ကမ်းစာစောင် (၁၃.၂) ဒုတိယတန်း သင်ယူမှုရည်ရွယ်ချက်များနှင့်
စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၁၉၄
လက်ကမ်းစာစောင် (၁၃.၃) တတိယတန်း သင်ယူမှုရည်ရွယ်ချက်များနှင့်
စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၁၉၅
လက်ကမ်းစာစောင် (၁၃.၄) စတုတ္ထတန်း သင်ယူမှုရည်ရွယ်ချက်များနှင့်
စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၁၉၆
လက်ကမ်းစာစောင် (၁၃.၅) ပဉ္စမတန်း သင်ယူမှုရည်ရွယ်ချက်များနှင့်
စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၁၉၇
လက်ကမ်းစာစောင် (၁၄) ပထမတန်း ဂီတအနုပညာဘာသာ၏
စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၁၉၈
လက်ကမ်းစာစောင် (၁၅) ဒုတိယတန်း ပန်းချီအနုပညာဘာသာ၏
စစ်ဆေးအကဲဖြတ်ခြင်း ........................................ ၂၀၁
လက်ကမ်းစာစောင် (၁၆) စစ်ဆေးအကဲဖြတ် ချဉ်းကပ်နည်းအတွက်
သင်ထောက်ကူသေတ္တာ ........................................ ၂၀၄

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## အနုပညာ ဆရာလမ်းညွှန်ကို မည်သူက အသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးကောလိပ် ပထမနှစ်ကျောင်းသားများ[၁]အား အနုပညာ ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသားပြုစုထားသော စာအုပ်ဖြစ်ပါသည်။ အနုပညာဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်၏အခန်းများနှင့် သင်ခန်းစာ တစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့် အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## အနုပညာဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူမည်နည်း။

လေးနှစ်သင် ပညာရေးကောလိပ်အစီအစဉ်အတွက် အနုပညာသင်ကြားရန် တစ်နှစ်လျှင် ၂၄ ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးကောလိပ် တွင်ဖြစ်ပါသည်။

## ပညာရေးကောလိပ် ပထမနှစ် အနုပညာ ဆရာလမ်းညွှန်တွင် မည်သည့်အရာများ ပါဝင်ပါသနည်း။

ပညာရေးကောလိပ် ပထမနှစ် အနုပညာ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့၏ ဖွဲ့စည်းတည်ဆောက်ထားပုံနှင့် ပါဝင်သောအကြောင်းအရာများ တူညီကြသည်။

[၁] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ် ကျောင်းသားများကို ရည်ညွှန်းပါသည်။
[၂] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ် ဆရာများကို ရည်ညွှန်းပါသည်။

ပညာရေးကောလိပ် ပထမနှစ်၏ အနုပညာဆရာလမ်းညွှန်တွင် အောက်ပါအခန်းများ ပါဝင်သည်။

- အနုပညာဘာသာရပ်အား မိတ်ဆက်ခြင်း
- ဂီတအနုပညာ
- ပန်းချီအနုပညာ
- စစ်ဆေးအကဲဖြတ်ခြင်း၏ နည်းလမ်းများ

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံတူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

သင်ခန်းစာ တစ်ခုချင်းစီအတွက် ဆရာလမ်းညွှန်တွင် ပါဝင်သည်မှာ -

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများဖြစ်သည်။


**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုသော သင်ယူမှုနည်းလမ်းများကိုခြုံငုံဖော်ပြခြင်းဖြစ်သည်။


**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာဗဟုသုတ ရင်းမြစ်များအတွက် မှီငြမ်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် မှီငြမ်းချက်များ ပါဝင်ပါသည်။



**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ စာရွက်ကြီးများ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ အကုန်အကျနည်းသော/လုံးဝကုန်ကျစရိတ်မရှိသောရင်းမြစ်များ၊ လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။



**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော အကြံပြုထားသည့် သင်ယူမှုလုပ်ငန်းများပါဝင်ပါသည်။ သင်ခန်းစာတိုင်းသည် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ သို့မဟုတ် စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စသင့်သည် ။ သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည်သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှုအခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။



**ရပ်တန့်ပါ၊ စဉ်းစားပါ။** သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း သင်ခန်းစာ၏ အဓိကအချက်ကို သေချာစေရန်နှင့် စီစဉ်ထားသည့်အတိုင်း သင်ခန်းစာသည် အဆင်ပြေစွာ သင်ကြား သင်ယူနေခြင်း ရှိ၊ မရှိ စစ်ဆေးရန် သို့မဟုတ် ရှေ့မဆက်မီ အလေးထားရမည့်အချက်များကို ကျောင်းသားများ ထိရောက်စွာသင်ယူခြင်း ရှိ၊ မရှိ သေချာစေရန် **"ရပ်တန့်ပါ၊ စဉ်းစားပါ" ညွှန်ကြားချက်ဇယားကွက် (instruction box)ကို အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။**



**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် ရှိသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားရန် အတွက် လုပ်ငန်းစဉ် တစ်ခုချင်းအပေါ်တွင် သင်ကြားနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း ပုံစံအား အသုံးပြုထားသည်ကို ရှင်းလင်းပြသခြင်း သို့မဟုတ် အကျဉ်းချုံး ဖော်ပြထားခြင်းမျိုးဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ်ချဉ်းကပ်မှုများအတွက်စုစည်းမှု (Toolbox for assessment approaches)တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်းတစ်ခုချင်းစီ၏ စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်သည့် ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအားခြုံငုံခြင်းဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် သင်ယူမှုရည်ရွယ်ချက်များ၊ ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများ၊ သင်ယူမှုရလဒ်များအား အနှစ်ချုပ်ပေးပြီး မည်မျှသောအတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း သုံးသပ်ခြင်းဖြစ်သည်။ ဆရာတတ်ကျွမ်းမှုစံအညွှန်းကိန်းများသည် သင်ခန်းစာအကြောင်းအရာတွင် မည်သို့ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့်လိုအပ်ချက်အလိုက်ပြောင်းလဲ လုပ်ဆောင်ရန်လုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာတစ်ခုချင်းစီတွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။ ထိုအကြံပြုချက်များသည် သင်ယူတတ်မြောက်လွယ်သော ကျောင်းသားများအတွက် ထပ်ဆောင်းလုပ်ငန်းများပေးရန်နှင့် သင်ယူမှုအားနည်းသော ကျောင်းသား (သို့မဟုတ်) ကွဲပြားသော သင်ယူမှုလိုအပ်ချက် (different learning needs)ရှိသည့် ကျောင်းသားများကို လိုအပ်ချက်အလိုက် ထပ်ဆောင်းလုပ်ငန်းများပေးရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။

ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏အဖြေနှင့်ပတ်သက်ပြီး မှန်/မမှန်အတည်ပြုပေးရန် ပညာရေး

ကောလိပ်ဆရာများ အသိပညာရရှိရန်အတွက်လည်း ပံ့ပိုးပေးပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။)

ဆရာလမ်းညွှန်တွင် အခန်းတစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်သည်။

**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီးတင်ပြခြင်းဖြစ်သည်။ အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင့်အား အသိပေးရန် ဤနေရာတွင် ထပ်မံ ဖော်ပြထားပါသည်။ သင်၏ တာဝန်မှာ ကျောင်းသားများကို ဤအပိုင်းအား ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ် စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်း တစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန်အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း)တွင် သင်ယူမှု နှင့်ဆိုင်သောမေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့်ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာ ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမို သိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးကောလိပ်၏ အွန်လိုင်း စာကြည့်တိုက်တွင် ရှာဖွေ ရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သော သင်ယူမှု လုပ်ငန်းများသည် မိမိဘာသာမိမိ တစ်ဦးချင်းစီ လေ့လာနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံ ကျောင်းသားကိုင် စာအုပ်မှ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများသည် ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှု လုပ်ငန်းများကို အိမ်စာအလုပ်အဖြစ် (သို့မဟုတ်) ကျောင်းသားများသည် ၎င်းတို့ ပုံမှန်နှုန်းထား အတိုင်းလုပ်ဆောင်ရန် သင့်အနေဖြင့် တိုက်တွန်းပေးနိုင်ပါသည်။

ဆရာလမ်းညွှန်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်းများ အသေးစိတ်သည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏စာသင်ခန်းအတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုယ်စရိုက်လက္ခဏာနှင့် သင်ယူမှု လိုအပ်ချက်များ ရှိပေလိမ့်မည်။ ပညာရေးကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများ နှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။

ပညာရေးကောလိပ်ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တို့တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုဆိုသည်မှာ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အားတကယ့်လက်တွေ့ ဘဝအခြေအနေ တွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်း များသည် သင်ယူသူဗဟိုပြုဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက် များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။ [၃]

- **နောက်ခံအခြေအနေနှင့်ဆက်စပ်ပေးခြင်း (Contextualisation)။** သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝအခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက်ပြင်ဆင် ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)။** ဤသင်ကြားနည်းနှင့်ဆိုင်သောအယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူပြုလုပ်ရန် အခွင့်အလမ်းများကိုပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင်လေ့လာသင်ယူမှုနန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည် များကို ဆရာ၏ ပံ့ပိုးကူညီမှုဖြင့် အချင်းချင်း ဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည်သဘောပေါက်လာကြမည်ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက်ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည်သဘောပေါက်မှုသည် အတန်းဖော်အချင်းချင်း သော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်တက်ကြွစွာ ထိတွေ့ဆက်ဆံဆွေးနွေးခြင်းများမှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်း ဆောင်ရွက်သင်ယူခြင်း၏ အဓိက ဝိသေသလက္ခဏာများမှာ - တူညီသောအလုပ်သို့မဟုတ် လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့်လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခိုဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း - စသည်တို့ဖြစ်သည်။[၄]

[၃] Adapted from the Glossary of Curriculum Terminology (2013), International Bureau of Education (IBE), UNESCO
[၄] Lejenue's Collaborative Learning for Educational Achievement (1999)

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင်ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

## သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤအတန်းသည် ကျောင်းသားများကို မူလတန်းကျောင်းအဆင့်တွင် မြန်မာ့ရိုးရာကို အခြေခံပြီး ဂီတအနုပညာ (အဆို၊ အက) နှင့် ပန်းချီအနုပညာ (ပန်းချီဆွဲခြင်း နှင့် ဆေးခြယ်ခြင်း) များကို သင်ကြားနိုင်ရန်အတွက် ပြင်ဆင်ပေးမည်ဖြစ်သည်။ ဤအတန်း၏ ရည်ရွယ်ချက်မှာ ပြောင်းလဲနေသော ရေစီးကြောင်းနှင့် လျော်ညီစွာ အနုပညာများ ဖန်တီးရာတွင် ကြင်နာသော စိတ်နေသဘောထားများနှင့် ကျွမ်းကျင်မှုများရှိသော ဆရာကောင်းများဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ဆရာများသည် အခြေခံပညာကျောင်းသားများက မိမိတို့၏ ရိုးရာအနုပညာ၊ ဂီတနှင့် ယဉ်ကျေးမှုအတွက် အလေးပေးမှုများ ရရှိစေရန် လုပ်ဆောင်မည်ဖြစ်သည်။ ဤအတန်းတွင် အဆို၊ အက၊ အတီး၊ ပန်းချီဆွဲခြင်းနှင့် လက်မှုပညာများ ပါဝင်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကျောင်းသားများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ယူသော အပြုအမူများကို မြှင့်တင်ပေးခြင်းနှင့် အနုပညာကို သိမြင်ခံစားခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများ ကျောင်းနေပျော်စေရန် ကူညီထောက်ပံ့ပေးမည် ဖြစ်သည်။ ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသားများသည် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်အား ကိုးကားပြီး အနုပညာ၏ အခြေခံ အသိပညာများနှင့် အနုပညာသင်ကြားခြင်း၏ သင်နည်းဗေဒဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ်တွင် အနုပညာဘာသာရပ် အသိပညာကို ပိုမိုနက်နက်နဲနဲ နားလည်သဘောပေါက်ရန် ထပ်မံသင်ယူရမည်ဖြစ်ပြီး မူလတန်း အနုပညာ သင်ရိုးညွှန်းတမ်း၊ ညွှန်ကြားချက်နှင့် စစ်ဆေးအကဲဖြတ်မှုများကို ပိုမိုပြီး စနစ်တကျ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

## အခြေခံပညာသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ

အနုပညာ၏ ယေဘုယျရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အခြေခံပညာတွင် သတ်မှတ်ထားသော အနုပညာ သင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန် ပြင်ဆင်ပေးခြင်းဖြစ်သည်။ မူလတန်း ကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန်အတွက် ဘာသာရပ်နှင့် ဆိုင်သော အခြေခံကျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန် မူလတန်း၊ အလယ်တန်း အဆင့်များနှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်သည်။ (ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၈)

## အနုပညာဘာသာရပ် မူလတန်းကျောင်းသားများအတွက် သင်ယူမှုဦးတည်ချက်

၁။ အနုပညာဘာသာရပ်များကို တွေးမြင်ခံစားခြင်းဖြင့် ကိုယ်တိုင်ဖန်တီးရာတွင် ကျွမ်းကျင်မှုများ တိုးတက်လာစေရန်။
၂။ ပြဿနာဖြေရှင်းခြင်း နှင့် ဆန်းစစ်ဝေဖန်ခြင်းတို့တွင် ကျွမ်းကျင်မှုများ ရရှိစေရန်။
၃။ အနုပညာဘာသာရပ်များကို သင်ယူခြင်းဖြင့် အသိပညာဗဟုသုတ ရရှိစေရန်နှင့် နေ့စဉ်ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်စေရန်။
၄။ ရိုးရာအနုပညာကို တန်ဖိုးထားသော၊ ခံစားတတ်သော၊ ထိန်းသိမ်းသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန်။

## ဂီတအနုပညာ

၁။ ကလေးများ ကျောင်းနေပျော်၍ သင်ယူလိုစိတ် ပိုမိုထက်သန်လာစေရန်။
၂။ ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာစေရန်။
၃။ အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု ခံစားချက်များ ဖြစ်တည်လာစေရန်။
၄။ ဂီတနှင့် အကပညာအပေါ် ချစ်ခင်မြတ်နိုးမှု၊ တန်ဖိုးထားမှုနှင့် သရုပ်ဖော်နိုင်မှု စသည့် ခံစားချက်များ ဖြစ်တည်လာစေရန်။

## ပန်းချီအနုပညာ

၁။ အရောင်နှင့် ပုံသဏ္ဌာန်များ အသုံးချမှုနှင့် ဖန်တီးမှုတို့ မှတစ်ဆင့် အခြေခံပုံဆွဲပညာကို မြှင့်တင်ပေးရန်။

၂။ နေ့စဉ်ဘဝတွင် တွေ့မြင်ခံစား၊ စဉ်းစားမိသည်တို့ကို အခြေခံ၍ အတွေးအခေါ်နှင့် ပုံဖော်ဖန်တီးနိုင်သော အရည်အသွေး တိုးတက်လာစေရန်။

၃။ မိမိဒေသရှိ လက်မှုပညာများကို ခံစား၊ တန်ဖိုးထားတတ်စေရန်။

### ဇယား(က)။ အနုပညာဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| (က-၄) သင်ရိုးညွှန်းတမ်း အကြောင်း သိသည်။ | (က)(၄.၁)အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။ |
| | | (က)(၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာမူများကို ဖော်ပြသည်။ |
| (က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။ | (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| (ခ-၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။ | (ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ)(၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။ |
| (ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း | (ခ)(၂.၁) ကျောင်းသား၏ သင်ယူမှုကို  လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေး အကဲဖြတ်ခြင်းမှရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုသည်။ |
| (ဂ-၃)  ကျောင်းသား အားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာသင်ယူခွင့် မျှတမှုရှိစေရန် မြှင့်တင် ဆောင်ရွက်သည်။ | (ဂ)(၃.၁) ကျောင်းသား တစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်း နှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း ၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။ | (ဂ)(၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည် အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုကြောင်းပြသည်။ |
| | (ဂ)(၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင်သည် ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။ | (ဂ)(၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက် | အညွှန်းကိန်း |
|---|---|---|
| (ဃ-၂) သင်ကြားရေး လက်တွေ့ ကျင့်သုံးမှုများ တိုးတက်မြင့်မား ရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်သည်။ | (ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ် ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့် လည်းကောင်း၊ မိမိ၏လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ)(၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။ |
| | | (ဃ)(၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။ |
| | | (ဃ)(၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ် ပညာ အဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။ |

*ရင်းမြစ်။* မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာ မူကြမ်း ၃.၂ (၂၀၁၉ ခုနှစ်၊ မေလ) (စာ.၃၀-၃၆)

## အရွယ်ရောက်သူ လူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူ လူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါ အကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင်တက်ကြွစွာ ပါဝင်ရန် အခွင့်အလမ်းရသောအခါ နှင့်
- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာစဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင်ပြုလုပ်စေသောအခါ တို့တွင်ဖြစ်သည်။

သင်ယူရမည့် အကြောင်းအရာများကို အမျိုးမျိုးသော သင်ကြားသည့်ပုံစံများ၊ သင်ယူနည်းများသည် အရွယ်ရောက်သူ လူငယ်များအား သင်ကြားသည့် သဘောတရားများမှ 'အလေ့အကျင့်ကောင်း' များကို ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည်။

၁။ **ဆီလျော်မှုရှိပါစေ။** အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန် လိုအပ်သည်ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု

ဆက်နွယ်ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခု သင်ယူနေသည်များသည် သို့မဟုတ် တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

၂။ **သင့်ကျောင်းသားများ၏နောက်ခံဘဝအခြေအနေများကိုသိပါ။** သင်၏ကျောင်းသားများ သည် အနည်းဆုံး(၁၈)နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ် နေစေသင့်ပါသည်။ အရွယ်ရောက်သူ လူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့် နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

၃။ **စူးစမ်းလေ့လာဖော်ထုတ်မှုကိုအားပေးပါ။** အရွယ်ရောက်သူ လူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင် နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့်ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကိုသင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကိုရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးအနေဖြင့်ထက် ပံ့ပိုးကူညီသူ တစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသောအရာကို ရှာဖွေစေပြီး တွေ့ရှိ သွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု

စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်ကြားမှုတွင် မရှိမဖြစ်အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ သင်ယူမှု နည်းလမ်းများနှင့် အထောက်အကူပေးသော ရင်းမြစ်များကို စဉ်းစားရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ကျောင်းသား အားလုံး၏ စိတ်ထဲတွင် ကျား၊ မ ခွဲခြားမှုမရှိဘဲ မိမိတို့၏ လုပ်ဆောင်မှုများကို တန်းတူညီမျှ တန်ဖိုးထားခံရသည်၊ မိမိတို့သည် သင်ယူမှုအခွင့်အလမ်းများကို ညီမျှစွာရကြသည် ဟူသောခံစားချက်များကိုပေးနိုင်သည့် အပြုသဘောဆောင်ပြီး လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင်ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။

ပညာရေးကောလိပ်ဆရာတစ်ဦးအနေဖြင့် မိမိတို့ကျောင်းသားများ၏ သင်ယူမှုအခွင့်အလမ်းများ ညီတူညီမျှရရှိရေး သာမကဘဲ ၎င်းတို့ကိုယ်တိုင် ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်း၏ အရေးကြီးပုံကို တန်ဖိုးထားတတ်လာပြီး ထိုအသိသဘောထားများကို ၎င်းတို့၏ လေ့ကျင့် သင်ကြားခြင်းများတွင် အသေအချာထည့်သွင်း စဉ်းစားကြစေရန်မှာလည်း ပညာရေးကောလိပ် ဆရာများ၏ တာဝန်ပင်ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးလာသော ကျား၊ မ တန်းတူရေးဆိုင်ရာ အသိပညာ၊ စိတ်သဘောထား တန်ဖိုးထားမှု နှင့် ကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ အနာဂတ်အပြုအမူများအပေါ် ရေရှည်သက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ပြင် အောင်မြင်သောဘဝများဖြင့် ရှင်သန်နိုင်မည့် အရည်အသွေးများအပေါ်ထိ အကျိုးသက်ရောက်မှုများရှိပါသည်။

ဆရာကိုယ်တိုင် မိမိတို့၏ ကျား၊ မ ဆိုင်ရာ ဘက်လိုက်မိသော အပြုအမူများ၊ အပြောအဆို စကားအသုံးအနှုန်းများကိုလည်း သတိပြုမိပါစေ။ မိမိ၏လုပ်ဆောင်မှုများ၊ မိမိအသုံးပြုသော သင်ကြားသင်ယူမှုနည်းလမ်းများကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ။ စာသင်ခန်းအတွင်း ကျား၊ မ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှုရှိကြောင်းသေချာစေရန် ဤနည်းလမ်းများကိုထည့်သွင်းစဉ်းစား ပါ။

- ကျား၊ မ အမည်တပ်ပြီးခေါ်ခြင်း၊ ပြောခြင်း ကြိမ်နှုန်း ညီမျှပါစေ။ အမည်မသိသူများအကြောင်း ပြောပါက သူ၊ သူမ ဟူသော နာမ်စားကို တစ်လှည့်စီသုံးပါ။

- ကိုးကားချက်များသုံးပါက ကျား နှင့် မ နှစ်ဖက်လုံးမှ ပြောကြားသည့် အမြင်နှစ်မျိုးလုံးပါပါစေ။

- ရုပ်ပြပုံများ အသုံးပြုပါက ကျား နှင့် မ နှစ်မျိုးလုံး ညီမျှစွာ အသုံးပြုပါ။ လက်ရှိ ကျား၊မ ရေးရာ တရားသေ မှတ်ယူထားသည်များကို အားမပေးမိရန် သတိပြုပါ။

- စာသင်ခန်းအတွင်းတွင် ကျား၊ မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက်အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။

- ကျောင်းသားများအား ကျား၊ မ ရေးရာသဘောကို သတိပြုမိရန်၊ ကျား၊ မ ရေးရာ ဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် မီးမောင်းထိုးပြပါ။ ကျောင်းသားများ အား မိမိတို့၏ အပြုအမူများကို ပြန်လည်သုံးသပ်ရန် အားပေးပါ။

- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ ကျောင်းသားများ၊ ကျောင်းသူများနှင့် ပြောဆို ဆွေးနွေးရာတွင် တန်းတူညီမျှမှု ရှိပါစေ။ ဥပမာ - မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင်ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြု စကားပြောသောအခါ၊ မျက်လုံးချင်းဆုံကြည့်သောအခါ သို့မဟုတ် ကျောင်းသားအမည်များ ကို မှတ်မိအောင်ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။

- အတန်းတွင်း၌ ပို၍နှုတ်ဆိတ်နေတတ်သော ကျောင်းသားဖြစ်ပါက ကျား၊ မ မရွေးဘဲ အားပေးကူညီပံ့ပိုးပေးပါ။

- ကျားရော၊ မ ပါ ညီမျှစွာပါဝင်လုပ်ဆောင်မှုကို အထောက်အကူဖြစ်စေသော သင်ကြား သင်ယူမှု နည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်နည်းများ ဥပမာ - အုပ်စု လုပ်ငန်း၊ သရုပ်ဆောင် သင်ကြားသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်းများကို အသုံးပြုပါ။ ကျောင်းသားအားလုံး၏ သင်ယူမှုလိုအပ်ချက်များ၊ သင်ယူဟန်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျောင်းသားရော ကျောင်းသူများပါ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်းပေးပါ။ တစ်ဦးတစ်ယောက်တည်းက လွှမ်းမိုးထားမှုမရှိအောင် လုပ်ငန်းများကို စီမံခန့်ခွဲပေးရပါမည်။

- ဘာသာရပ်တိုင်းတွင် ကျောင်းသားများက မိမိတို့၏ လုပ်ဆောင်မှုများနှင့်ပတ်သက်ပြီး မျှော်မှန်းချက်များ ချမှတ်ရာတွင် ကျားနှင့် မ တန်းတူ ချမှတ်နိုင်ရန် ပြုလုပ်ပေးပါ။

- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ထိုင်ခုံစီစဉ်ခြင်း၊ အတန်းကိုအလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် ပြုမူဆောင်ရွက်ရပါမည်။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှ တစ်ဆင့် ကျား၊ မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊ မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာစာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူတို့၏ ကျား၊ မ တန်းတူ သာတူညီမျှကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

## သင်ကြား သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများ ရရှိစေလိုသည့် အသိပညာ၊ကျွမ်းကျင်မှုများနှင့် သဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမသိမ်း လိုက်နာလုပ်ဆောင်ရန်မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် လိုအပ်ချက်အရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်စာအုပ်တွင် အသုံးပြုထားပါသည်။ သင်၏ သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို အဆင်ပြေအောင် ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြားသင်ယူမှု နည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှု ဆိုင်ရာနည်းလမ်းများကို ညာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertool-kit.com/index.php/tool/all-tools သို့မဟုတ် အခြားအလားတူဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သောလုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက်နေ့စဉ်မှတ်တမ်း (ဂျာနယ်)များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ - ဖတ်ထားသောစာများ အပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန် များသည် ကျောင်းသားများအား ယခင်ကသင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများ အား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန်အထောက်အကူဖြစ်စေနိုင်ပါသည်။ ဥပမာ - သင်ခန်းစာမသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာ ကို ကြိုတင်ဖတ်ရန်မှာကြားခြင်း။

## ဖြစ်ရပ်လေ့လာခြင်း (Case Studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြ သည်။ ထိုနောက် ဇာတ်ကွက်နှင့်ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု သို့မဟုတ်

မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ ရှိကြသည်။


## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)

ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသောလုပ်ငန်းများ ဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်းဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ - လက်တွေ့တန်းပြ လေ့ကျင့်နေချိန် အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသောလုပ်ငန်းများ သို့မဟုတ် သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်းဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲအနေဖြင့် ကျောင်းသား များအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း (ကျူတိုရီရယ်များ)၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း(Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသော လုပ်ငန်း သို့မဟုတ် ပိုစတာတစ်ခုစီကိုပြုလုပ်ကြပြီး နေရာအသီးသီးတွင် ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ဝေဖန်ချက်၊ မေးခွန်း သို့မဟုတ် အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသထားပြီး အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်း ပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။





## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆိုအသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်စာအုပ်တွင် တွေ့ရပါမည်။


- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)**
  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက် များကို စုစည်းရန်အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စပြီး ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ

သို့မဟုတ် ပိုမိုအသေးစိတ်သော အသိသညာများကို ကွန်ရက်ပုံစံဖြင့် ဆက်သွယ်သည်။ အောက်တွင်ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါ သည်။




- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**

  မတူသော အကြောင်းအရာ သို့မဟုတ် စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn ပုံစံကားချပ်ကိုသုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က)နှင့် (ခ) တို့၏တူနေ သော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသောနေရာများမှာ (က) နှင့် (ခ) တို့၏သီးသန့် ကိုယ်ပိုင်လက္ခဏာများဖြစ်ကြသည်။



- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**
  ဤနည်းလမ်းသည် ယူနစ်တစ်ခု၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲ၊ သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသောအချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives) ကိုပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း သို့မဟုတ် တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ သို့မဟုတ် အခန်း(unit)ကို မသင်မီ ကျောင်းသားများအား ပထမကော်လံနစ်ခုတွင် မိမိတို့သိပြီး သည့် အကြောင်းအရာနှင့် သိလိုသော အကြောင်းအရာများကို ဖြည့်ပါစေ။ သင်ခန်းစာ သို့မဟုတ် အခန်း (unit)ကို သင်ပြီးချိန်တွင် ၎င်းတို့သင်ယူတတ်မြောက်သွားသော အကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**
  တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအားခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ - ကောင်းသောအကျိုးဆက်များ နှင့် ဆိုးသောအကျိုးဆက်များ သို့မဟုတ် မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ်(၁) | ခေါင်းစဉ်(၂) |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ - အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကိုကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွစွာသင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန် ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြုပ်ပါဝင် လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကိုခွဲခြားပေးနိုင်ပါသည်။ ဥပမာ - မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းကို ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်း ပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကိုရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို တွေ့မြင်နိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားတစ်ယောက်၏သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှုရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန် လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း(Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွားဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း သို့မဟုတ် ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့်လည်းကောင်း ပါဝင်ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး သို့မဟုတ် ကျောင်းသား အုပ်စုငယ်တစ်ခုသည် ၎င်းတို့အချင်းချင်း သင်ခန်းစာအားလုံး သို့မဟုတ် အစိတ်အပိုင်းကို သင်ကြားကြသည်။ ယင်းနောက်၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်

နှင့် ၎င်းတို့၏ သင်ယူတတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာအသေးစားအပေါ် အကြံပြုသုံးသပ်ချက်များရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်ထင်ဟပ်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုသည် လက်တွေ့ပြုလုပ်ရန် သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသောအခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိက သင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ - အဖွင့် မေးခွန်းများမေးခြင်း သို့မဟုတ် ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြု သုံးသပ်ချက်များ ပံ့ပိုးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက အသိပညာအသစ် သို့မဟုတ် ချဉ်းကပ်နည်း အသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာကနမူနာသင်ပြခြင်းဖြစ်သည်။ ဆရာတစ်ဦး အနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းတစ်ခုကို နှုတ်ကပြောပြသည် ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းကို မည်သို့တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်း က သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ပညာရေးကောလိပ်ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့သင်ကြားပို့ချမည့် အခြေခံပညာ ကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း သို့မဟုတ် ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို အဓိပ္ပာယ်ရှိစေရန် ပုံစံချထား သည့် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။

သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့ စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှုပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ်သင်လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ ဥပမာ - သိပ္ပံစမ်းသပ်မှုဆိုင်ရာလက်တွေ့လုပ်ဆောင်မှုနှင့် ကျောင်းသားများကိုယ်တိုင် ဦးဆောင်ခြင်း သို့မဟုတ် ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ ဥပမာ - သချာဆိုင်ရာ စူးစမ်းရှာဖွေမှုနှင့် ထိုလုပ်ငန်းပြုလုပ်ရန်လိုအပ်သော လုပ်ငန်းပေးစာရွက် တို့ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory)နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာတစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား အဓိပ္ပာယ်ဖွင့်ဆိုပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာသော အုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများ အနေဖြင့် စာဖတ်အုပ်စုသို့မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြသည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့

စာတမ်းတွင်ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု သို့မဟုတ် ရေးသား သည့် နည်းစနစ်အပေါ် အလေးပေး ဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြား သောနည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ရင်း အခြေအနေအစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့်ပေး သော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းက ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှု အခက်အခဲများအကြား အလုပ်လုပ်ရန် သို့မဟုတ် တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှု များကို လုံခြုံ၍ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူတစ်ဦး အနေဖြင့် သဘောထားလျက် ၎င်းတို့ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးကောလိပ် အခြေပြုအနီးကပ် သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကိုပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါ သည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်း နှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်းရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေးအထူးပြုနယ်ပယ်ဆိုင်ရာ ကို စဉ်းစားရန် အချိန်လည်းပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်း များကို ဆန်းစစ်ဖော်ထုတ်ဆွေးနွေးကြသည်။ အမြင်များအပေါ် အခြေအတင်ဆွေးနွေးကြပြီး

ပိုင်းခြားစိတ်ဖြာ လေ့လာကြသည်။ ကျောင်းသားများသည် နီးနောဖလှယ်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် သို့မဟုတ် ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နီးနောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန် မျှော်လင့်ထားရပါမည်။ နီးနောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်နှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများကို ပိုမိုလေးနက်စွာစဉ်းစားခြင်း ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး-တွဲ-မျှဝေ သင်ယူခြင်း (Think-Pair-Share)

တွေး-တွဲ-မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကိုဖြေရန် သို့မဟုတ် ပြဿနာတစ်ခုကိုဖြေရှင်းရန် အတူတကွဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး-တွဲ-မျှဝေခြင်းကို အသုံးပြုရန်အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ။** ။ သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့် မေးခွန်း တစ်ခုကို မေးခြင်းဖြင့်အစပြုပါ။ ကျောင်းသားများအား ထိုမေးခွန်းနှင့်ပတ်သက်ပြီး ၎င်းတို့သိထားပြီးသော သို့မဟုတ် သင်ယူခဲ့ပြီးသောအကြောင်းကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ။** ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ။** ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်အတွင်းမျှဝေပါစေ။ မေးခွန်းနှင့်ပတ်သက်၍ အခြားသူများ၏ အတွေးများကိုဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ် ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသား တစ်ဦးချင်း သို့မဟုတ် ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု သို့မဟုတ် ပညာရပ်ဆိုင်ရာ ကိစ္စများကို အဓိကထား

ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာအကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

**အင်တာနက်အွန်လိုင်း စာမျက်နှာများအသုံးပြုခြင်း ( Virtual Learning Environment-VLE )**

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကိုအသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက် အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက် အသုံးပြုခြင်း နည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

**အလုပ်ရုံဆွေးနွေးပွဲများ (Workshops)**

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကိုအသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

**စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာ**

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲ၊ သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာ ရှိပါသည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှု အမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏သင်ယူမှုကို နှုတ်အားဖြင့် သို့မဟုတ် စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည်

သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသော အပိုင်းဖြစ်ကြောင်း သတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှု တိုးတက်လာခြင်းနှင့် အနာဂတ်လုပ်ငန်းအပေါ် ကူညီထောက်ပံ့နိုင်ခြင်းကို ပေးသည်။ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း သို့မဟုတ် စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းမတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများမှာ-

**သရုပ်ပြသင်ကြားခြင်း (Demonstration)**

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအားပြသစေခြင်း ဖြစ်သည်။ ဥပမာ - ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သီပွဲလက်တွေ့စမ်းသပ်ချက်၏ အဆင့်တစ်ဆင့် သို့မဟုတ် ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာကကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

**အိမ်စာအလုပ်ပေးခြင်း (Homework assignments)**

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်း ဖတ်စရာများဖတ်စေခြင်း စသည့် အိမ်စာလုပ်ငန်းပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ သင်ယူမှုလမ်းကြောင်း မှန်ကန်ခြင်း ရှိ၊ မရှိ ကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခု ဖြစ်သည်။ ပေးသောအိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးမှု၊ တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း(ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦး ဖြစ်လာရန်အတွက် မိမိတို့၏တိုးတက်မှုများကို ထင်ဟပ်သုံးသပ်ခြင်းအားဖြင့် မိမိတို့၏သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်း စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် ထင်ဟပ်သုံးသပ်ခြင်းသည် သင်ယူနေသောဘာသာရပ်နှင့် အခြားဘာသာရပ်များ ကိုဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကိုဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှသင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသား များက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ရေးသားခြင်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှုရှိပါသလားဆိုသည်ကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏ အဖြေများ သို့မဟုတ် တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ ပုံစံ (Checklist) သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်း/ ပုံစံ (Criteria) ကို အသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ်အခြေခံပြီး တုံ့ပြန်သုံးသပ်ချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း(Peer Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း သို့မဟုတ် အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းဟု ခေါ်သည်။

အချင်းချင်းစစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များ အပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များ ပေးနိုင်ရန် စစ်ဆေးရန်အချက်များပါသော စာရင်း (Checklist) သို့မဟုတ် အမှတ်ပေးစံများပါသောဇယား (Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားချိန်အတွင်း ကျောင်းသားများ အချင်းချင်းအပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့် ပုံစံကိုဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခု ဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူ ဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကိုစစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများ ဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သောအစီအစဉ်များ ပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှတစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု သို့မဟုတ် နေ့စဉ်ဘဝ ပြဿနာ တစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ ပရောဂျက်တစ်ခု ပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အမှတ်ပေးစံများပါသောဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ထောက်ပံ့ပေးကြရန် မေတ္တာရပ်ခံပါသည်။

**အမေးအဖြေများ (Question and answer)**

ကျောင်းသားများသည် သင်ယူနေသောအကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေး နိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသား များ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

**ဉာဏ်စမ်းမေးခွန်း (Quiz)**

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်းအနေဖြင့် သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါ သည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

**မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)**

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ် နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည် သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့လုပ်ဆောင်ရမည့်လုပ်ငန်း သို့မဟုတ် တတ်မြောက်ထား ရမည့်ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ်စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသ ပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

## ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်ယူရမည်များ (ဘာသာရပ်) ကို သင်ယူနေစဉ်အတွင်း သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများကို ပြန်လည်ထင်ဟပ်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများ ကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျနည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့အသုံးပြုရမည် ဆိုသည်နှင့်ပတ်သက်၍ ဆရာသည် သေချာစွာ ဂရုတစိုက်စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူဖြစ်စေရန် အကူအညီပေးနိုင်ရေးအတွက် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကိုရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် ၅၀ စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာသင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများ သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန်ကို ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။

- အကြောင်းအရာကို မည်သို့သင်ကြားပို့ချပေးမည်၊ သင်ယူမှုလုပ်ငန်းများကို မည်သို့ ဆောင်ရွက်မည် ဆိုသည့်အချက်တို့နှင့်ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်စာအုပ်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှု လုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် အကြံပြုထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။

- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများနားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်ပြင်ဆင်၍ဖြစ်စေ၊ လက်ကမ်းစာစောင်အနေဖြင့်ဖြစ်စေ၊ သင်ပုန်းပေါ်တွင်စာဖြင့် ရေးသား၍လည်း ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့်ရေးပါ။

- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကိုရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း ၎င်းတို့ မည်သည့်အရာအား ပြုလုပ်ရမည်ဆိုသည်ကို နားလည် သဘောပေါက်ကြမည် ဖြစ်သည်။ ဤသို့ကြိုတင်လေ့ကျင့်ခြင်းကို မိတ်ဆွေတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့် အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အားတောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာ

လုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တိုသရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည် ဖြစ်သည်။

- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခုပြုလုပ်ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့) လုပ်ငန်းအပြီး ရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက်ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို အသုံးပြုနိုင်မည်ဆိုပါက များစွာ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- လုပ်ဆောင်ရန် ညွှန်ကြားထားသောအလုပ်များကို ကျောင်းသားများ လုပ်ဆောင်နိုင်ရန် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။
- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။
- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြားသင်ယူခြင်းနည်း (short role-play)ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီ သင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။

- သင်ယူမှုလုပ်ငန်းအား မည်သို့ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့ နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည် ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာ အကြောင်းအရာများ သို့မဟုတ် ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့ အချက်များသည် ကျောင်းသားများအတွက် နားလည်ရန်ခက်ခဲနိုင်သည်ဟု သံသယ ဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။
- စာသင်ခန်း၏နေရာအနှံ့ လှည့်လည်သွားလာပြီး အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါသည်။
    - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
    - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
    - ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံး ရှိနေကြောင်း သေချာပါစေ။
    - ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင် နေခြင်း ရှိ၊ မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။

- အကယ်၍ နားလည်မှုလွဲနေကြောင်း စုံစမ်းသိရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံးအကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန်ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။

- သင်ခန်းစာများရှေ့မဆက်မီ "ရပ်တန့်ပါ၊ စဉ်းစားပါ" ညွှန်ကြားချက် ဇယားကွက်တွင်ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာသင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာ သင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကိုရစေပြီး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာသင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီအောင် မည်သို့ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။

- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော သို့မဟုတ် ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကိုအကဲဖြတ်နိုင်သည်။

- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်းအားပေးနိုင်သည်။

- ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်း ပြုလုပ်ချိန်အတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှ ရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့်ရလဒ်အတွက် ပြင်ဆင် လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန် ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း သို့မဟုတ် အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေး ဖော်ပြလိုသည့် ရှုထောင့်တစ်ခု သို့မဟုတ် နှစ်ခုကို ရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့်ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူ မှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီး တည်ဆောက်ရန်ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံ ဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့်ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်ပါ သည်။

## မာတိကာ အကြောင်းအရာ

### ဇယား (ခ)၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ အနုပညာဘာသာ မာတိကာ အကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | စာသင်ချိန် |
|---|---|---|---|---|---|
| ၃။ ပန်းချီ အနုပညာ | ၃.၁။ ပန်းချီ အနုပညာ၏ အခြေခံ အကြောင်း အရာများ | ၃.၁.၁။ မူလတန်း ပန်းချီအနုပညာ သင်ကြားခြင်း၏ အဆင့် သုံးဆင့် | • ပန်းချီအနုပညာအား မူလတန်းကျောင်းသားများကို သင်ကြားရာတွင် ဆရာများ သိရှိလုပ်ဆောင်ရမည့် အဆင့်သုံးဆင့်ကို ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| | ၃.၂။ ပန်းချီ ရေးဆွဲခြင်း | ၃.၂.၁။ မြန်မာ့ပန်းချီ ရေးဆွဲခြင်းဆိုင်ရာ သမိုင်းကြောင်း | • မြန်မာ့ပန်းချီရေးဆွဲခြင်း ဆိုင်ရာ သမိုင်းကြောင်းအား ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| | | ၃.၂.၂။ ပန်းချီ ရေးဆွဲခြင်း၏ သင်ပြ နည်းဗျူဟာများ | • ကလေးများ၏ ပန်းချီရေးဆွဲခြင်းသည် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှု သီအိုရီအရ အသက်အရွယ်အလိုက် မည်သို့တိုးတက်လာသည်ကို ရှင်းပြတတ်မည်။<br>• မူလတန်းသင်ရိုးတွင် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများ၏ နမူနာများကို ပြောကြားတတ်မည်။ | က (၄.၁)<br>ဂ (၃.၂) | ၂ |
| | ၃.၃။ လက်မှု ပညာ | ၃.၃.၁။ မြန်မာ့ လက်မှုပညာ သမိုင်းကြောင်း | • မြန်မာ့လက်မှုပညာ သမိုင်းကြောင်းအား ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့ တတ်ကျွမ်းမှု စံ | စာသင် ချိန် |
|---|---|---|---|---|---|
| | | ၃.၃.၂။ မြန်မာ့ လက်မှုပညာအား သင်ကြားခြင်း | • မူလတန်းကျောင်းများတွင် လက်မှုပညာ သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။<br>• မူလတန်းသင်ရိုးတွင် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများ၏ နမူနာများကို ပြောကြားတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ဃ (၂.၁) | ၂ |
| | ၃.၄။ မြန်မာ့ပန်းချီ အနုပညာ အပေါ် ရသခံစား တန်ဖိုး ထားမှု | ၃.၄.၁။ မြန်မာ့ ပန်းချီအနုပညာ အပေါ် ရသခံစား တန်ဖိုး ထားမှုအား ရှင်းပြခြင်း | • မူလတန်းကျောင်းများတွင် ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှုအား သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| | | ၃.၄.၂။ မြန်မာ့ ပန်းချီ အနုပညာအပေါ် ရသခံစား တန်ဖိုးထားမှုအား သင်ကြားခြင်း | • မူလတန်းကျောင်းများတွင် ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှုအား သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။<br>• မူလတန်းသင်ရိုးတွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ပြောကြားတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ဃ (၂.၁) | ၂ |

| အခန်း များ | အခန်းငယ် များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ်ကျွမ်းမှု စံ | စာ သင် ချိန် |
|---|---|---|---|---|---|
| ၄။ စစ်ဆေး အကဲ ဖြတ်ခြင်း၏ နည်းလမ်း များ | ၄.၁။ စစ်ဆေး အကဲ ဖြတ်ခြင်း | ၄.၁.၁။ ပန်းချီ အနုပညာနှင့် ဂီတ အနုပညာ ဘာသာကို စစ်ဆေး အကဲဖြတ်ခြင်း | • မူလတန်းအဆင့် ဂီတအနုပညာဘာသာတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြတတ်မည်။<br>• မူလတန်းအဆင့် ပန်းချီအနုပညာဘာသာတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ဃ (၂.၁) | ၂ |
| စုစုပေါင်း စာသင်ချိန် | | | | | ၁၂ |

အခန်း
၃

# ပန်းချီ အနုပညာ

အနုပညာဘာသာ၏ ဒုတိယနှစ်ဝက် ပထမအခန်းတွင် ပန်းချီအနုပညာသင်ကြားရာတွင် အသုံးပြုရမည့် အဆင့်သုံးဆင့်ဖြစ်သည့် မိတ်ဆက်ခြင်း၊ ဖန်တီးလုပ်ဆောင်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း စသည့်အကြောင်းအရာများကို ဦးစွာမိတ်ဆက် သင်ကြားမည် ဖြစ်သည်။ ကျောင်းသားများသည် မိမိတို့ ဆရာများဖြစ်လာပါက အသုံးပြုရမည့် ရင်းမြစ်များဖြစ်သည့် မူလတန်း ပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန်များကို ကိုယ်တိုင်ဆက်စပ်သင်ယူရမည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ ဤအခန်းတွင် ပန်းချီဆွဲခြင်း၏ နယ်ပယ်များ၊ မြန်မာ့ပန်းချီရေးဆွဲခြင်းဆိုင်ရာ သမိုင်းကြောင်းများ နှင့် မူလတန်းအဆင့် ပန်းချီရေးဆွဲခြင်း၏သင်ကြားရေးနည်းဗျူဟာများ စသည်တို့ ပါဝင်ပါသည်။ မြန်မာ့ရိုးရာ လက်မှုပညာများကို မိတ်ဆက်သင်ကြားမည်ဖြစ်ပြီး ကျောင်းသားများသည် မြန်မာ့လက်မှုပညာဆိုင်ရာ သမိုင်းကြောင်းများနှင့် လက်မှုပညာကို မူလတန်းကျောင်းသားများအား အဘယ်ကြောင့် သင်ကြားရသည် စသည့် အကြောင်းအရင်းများကို လေ့လာနိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ ဤစာသင်နှစ်၏ နောက်ဆုံးအခန်းငယ်တွင် ပန်းချီအနုပညာ၏ တတိယနယ်ပယ်ဖြစ်သော ရသခံစားတန်ဖိုးထားမှု အကြောင်းအရာများ ပါဝင်မည် ဖြစ်သည်။

ကျောင်းသားများသည် မြန်မာ့ရိုးရာပန်းချီ အနုပညာရသခံစားတန်ဖိုးထားမှု၏ အရေးပါမှုများကို နားလည်သဘောပေါက်မည်ဖြစ်ပြီး မိမိကိုယ်တိုင် အနုပညာကိုသိမြင်ခံစားမှုများ ဖြစ်ပေါ်စေရန် အားပေးတိုက်တွန်းမှုများ ရရှိမည်ဖြစ်သည်။ သင်ခန်းစာများအားလုံးကို ဘာသာရပ်အကြောင်းအရာများ၊ သင်ယူမှုရလဒ်များနှင့် ပထမတန်း၊ ဒုတိယတန်း ပန်းချီအနုပညာ သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများဖြင့် ဆက်စပ်သင်ယူရမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်

- ပန်းချီအနုပညာအား မူလတန်းကျောင်းသားများကို သင်ကြားရာတွင် ဆရာများ သိရှိ လုပ်ဆောင်ရမည့် အဆင့်သုံးဆင့်ကို ရှင်းပြတတ်မည်။
- မြန်မာ့ ပန်းချီရေးဆွဲခြင်း ဆိုင်ရာ သမိုင်းကြောင်းအား ရှင်းပြတတ်မည်။
- ကလေးများ၏ ပန်းချီရေးဆွဲခြင်းသည် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုသီအိုရီအရ အသက်အရွယ်အလိုက် မည်သို့တိုးတက်လာသည်ကို ရှင်းပြတတ်မည်။
- မြန်မာ့ လက်မှုပညာ သမိုင်းကြောင်းအား ရှင်းပြတတ်မည်။
- မူလတန်းကျောင်းများတွင် လက်မှုပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- မူလတန်း ကျောင်းများတွင် ပန်းချီအနုပညာအား ရသခံစားတန်ဖိုးထားမှု သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- မူလတန်းသင်ရိုးတွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများ ကို ပြောကြားတတ်မည်။

# ၃.၁။ ပန်းချီ အနုပညာ၏ အခြေခံအကြောင်းအရာများ

ဤအခန်းငယ်သည် ပန်းချီအနုပညာ သင်ခန်းစာများ သင်ကြားခြင်း၏ အဆင့်သုံးဆင့် အကြောင်းအရာနှင့် မိမိအနေဖြင့် သင်ခန်းစာများ ပြင်ဆင်သောအခါ ထိုအဆင့်များအား အဘယ်ကြောင့် ဂရုတစိုက် ထည့်သွင်းစဉ်းစားရမည်ကို မိတ်ဆက်ပေးမည်ဖြစ်သည်။ ထိုအဆင့်များသည် ကျောင်းသားများကို ထိရောက်သော သင်ခန်းစာများအား စီစဉ်သင်ကြားနိုင်ရန် နှင့် မူလတန်းကျောင်းသားများ စနစ်တကျ တက်ကြွစွာ သင်ယူနေသည်ကို သေချာစေရန် ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။ ထိုအဆင့်သုံးဆင့်၏ ဖြစ်စဉ်များသည် ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း စသည့် အဓိကကျွမ်းကျင်မှုများ ရရှိအောင် ကူညီထောက်ပံ့ပေးမည် ဖြစ်သည်။

## ၃.၁.၁။
## မူလတန်း ပန်းချီအနုပညာ သင်ကြားခြင်း၏ အဆင့်သုံးဆင့်

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်

- ပန်းချီအနုပညာအား မူလတန်းကျောင်းသားများကို သင်ကြားရာတွင် ဆရာများ သိရှိလုပ်ဆောင်ရမည့် အဆင့်သုံးဆင့်ကို ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာများကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

**အချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ** - အုပ်စုလုပ်ငန်း၊ အတန်းအလိုက် ဆွေးနွေးခြင်း ၊ မိမိကိုယ်တိုင် ပြန်လည် သုံးသပ်ခြင်း၊ အချင်းချင်း ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပန်းချီအနုပညာသင်ကြားခြင်း အဆင့်သုံးဆင့် နှင့် လက်ကမ်းစာစောင်(၂) လုပ်ငန်းပေးစာရွက်ကို ဖတ်ရှုရန်။

**လိုအပ်သော ရင်းမြစ်များ** - ပထမတန်း နှင့် ဒုတိယတန်း ပြဋ္ဌာန်းစာအုပ်များ နှင့် ဆရာလမ်းညွှန်များ။

## သင်ယူမှုလုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း (၁) - မိတ်ဆက်ခြင်း** (၁၀ မိနစ်)

၁။ ကျောင်းသားများကို ပန်းချီအနုပညာဆိုသည်မှာ အဘယ်နည်းကို မေးမြန်းပါ။

၂။ အကြံပြုချက်များရယူပါ။ ကျောက်သင်ပုန်းပေါ်တွင် ထိုအကြံပြုချက်များကို အကြောင်း

အရာ ဆက်သွယ်ပြပုံစံ (စိတ်ကူးပုံဖော်ခြင်းပုံစံ) ဖြင့် မှတ်တမ်းတင်နိုင်သည်။

၃။ လိုအပ်ပါက ပန်းချီအနုပညာ၏ အဓိပ္ပာယ်ဖြစ်သော ဓာတ်ပုံများ၊ ရုပ်ရှင်များ၊ ဆေးခြယ်မှုများ၊ ပန်းပုလက်ရာများ၊ လက်မှုပညာများ စသည့်အရာများကို မြင်ခြင်းဖြင့် ချစ်ခင်မြတ်နိုးသည့် အနုပညာ ပုံစံဖြစ်ကြောင်း ရှင်းပြပါ။

၄။ ပန်းချီအနုပညာ သင်ကြားသင်ယူခြင်းနှင့်ပတ်သတ်၍ ကိုယ်ပိုင်အတွေ့အကြုံများကို ပြန်လည် အမှတ်ရစေရန် ကျောင်းသားအချို့ကို ရွေးချယ်ပါ။

(က) ကျောင်းတွင် သို့မဟုတ် အခြားနေရာတွင် မည်သည့် လက်မှုပညာ နှင့် ပန်းချီများကို သင်ယူခဲ့ဖူးပါသနည်း။

(ခ) ထိုအကြောင်းအရာများကို မည်သည့်အဆင့်များဖြင့် သင်ယူခဲ့ရသနည်း။

(ဂ) ပန်းချီအနုပညာအား သင်ယူခဲ့စဉ် မည်သို့ခံစားရသနည်း။

**စစ်ဆေးအကဲဖြတ်ခြင်း**

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုလုပ်ငန်း (၁) တွင် အသုံးပြုမည်ဖြစ်သည်။ ကျောင်းသားများ ပန်းချီအနုပညာအား အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါသလား။ မတူညီသော နမူနာများစွာကို ပြောကြားနိုင်ပါသလား။ လိုအပ်သလို ကူညီထောက်ပံ့ပေးပြီး ကျောင်းသားများ တူညီသောနားလည်မှုများ ဖြစ်ပေါ်စေရန် အဓိပ္ပာယ်ကို သင်ပုန်းပေါ်တွင် ချရေးပါ။ အချို့သော ကျောင်းသားများသည် ပန်းချီအနုပညာ နှင့် ပတ်သက်ပြီး အတွေ့အကြုံ အနည်းငယ်သာ ရှိနိုင်သဖြင့် ကျောင်းသားများကို ထိုဘာသာရပ်သည် အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်ကို မှတ်သားစေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ပန်းချီအနုပညာ၏ အခြေခံအဓိပ္ပာယ် နှင့် အချို့သော နမူနာများ ဖြစ်သည့် ပန်းချီဆွဲခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း နှင့် ဓာတ်ပုံစသည်တို့ကို ပြောကြားနိုင်ရမည် ဖြစ်သည်။ အချို့သော ကျောင်းသားများသည် ကျောင်းတွင် သို့မဟုတ် အိမ်တွင် မည်သို့ ဆေးခြယ် ရေးဆွဲရသည်ကို သင်ယူနိုင်မည့် နမူနာများကို ပြောကြားနိုင်ပေမည်။

## သင်ယူမှုလုပ်ငန်း (၂) ပြန်လည်စုစည်းခြင်း - ပန်းချီအနုပညာသင်ကြားခြင်း၏ အဆင့်သုံးဆင့် (၁၅ မိနစ်)

၁။ ကျောင်းသားများကို ဤသင်ခန်းစာအတွက် ပြင်ဆင်ရန် လက်ကမ်းစာစောင် (၁) ပန်းချီအနုပညာ သင်ကြားခြင်း အဆင့်သုံးဆင့်အား ပြန်လည်ဖတ်ရှုရန် သတိပေးပါ။

၂။ သင်ပုန်းပေါ်တွင် သင်ကြားခြင်း အဆင့်သုံးဆင့်ဖြစ်သော မိတ်ဆက်ခြင်း၊ ဖန်တီး လုပ်ဆောင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း ခေါင်းစဉ်များကို ရေးသားပါ။

၃။ ကျောင်းသားများကို အဆင့်တစ်ဆင့်ချင်းစီတွင် မည်သို့ဖြစ်ပျက်သည်ကို နမူနာများဖြင့် ပြောကြားစေပါ။ ထိုအကြောင်းအရာများကို ပြဋ္ဌာန်းစာအုပ်မှ ဖတ်ရှုခြင်းထက် မိမိ၏ စကားလုံးများဖြင့် ပြောကြားစေပါ။ အဆင့်တစ်ဆင့်ချင်းစီအတွက် အနှစ်ချုပ်ကို သင်ပုန်းပေါ်တွင် ရေးသားစေပါ။

၄။ ကျောင်းသားများကို ပန်းချီအနုပညာအား သင်ယူရာတွင် မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံများ နှင့် သင်ယူခဲ့ပြီးဖြစ်သော အဆင့်သုံးဆင့်အား နှိုင်းယှဉ်စေပါ။ ကျောင်းသားများသည် မိမိတို့ အတွေ့အကြုံများသည် မည်သည့်နေရာတွင် တူညီ၍ မည်သည့်နေရာတွင် ကွဲပြားခြားနားသည်ကို နမူနာများဖြင့် ပြောကြားသင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုလုပ်ငန်း (၂) တွင် လုပ်ဆောင်ရမည်။ ကျောင်းသားများသည် အဆင့် သုံးဆင့်၏ နမူနာများကို ပြောကြားနိုင်ပါသလား။ ထိုအဆင့်များကို မိမိ၏ ကိုယ်ပိုင်စကားလုံးများဖြင့် ရှင်းပြနိုင်ပါသလား။ လိုအပ်ပါက ဆရာက မေးခွန်းများဖြစ်သည့် 'မိတ်ဆက်ခြင်းအဆင့်တွင် မည်သည်ကို လုပ်ဆောင်ရမည်နည်း။ ကျောင်းသားများသည် ပြန်လည်သုံးသပ်ခြင်း အဆင့်တွင် မည်သည်ကို လုပ်ဆောင်ရမည်နည်း။' စသည်ဖြင့် မေးမြန်းပြီး ကူညီထောက်ပံ့ပေးပါ။ ကျောင်းသားများကို ၎င်းအဆင့်များသည် သင်ကြားရေးကျွမ်းကျင်မှုကို ကူညီထောက်ပံ့ပေးမည် ဖြစ်ကြောင်း ပြန်လည် သတိပေးပြောကြားပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ခန်းစာ မတိုင်မီ ကျောင်းသားများသည် တာဝန်ပေးအပ်ထားသော စာများကို ဖတ်ရှုပါက သင်ခန်းစာ၏ အဆင့်တစ်ဆင့်စီတွင် ဆရာများ မည်သို့လုပ်ဆောင်ရမည် နှင့် ကျောင်းသားများ မည်သို့လုပ်ဆောင်ရမည် စသည့် နမူနာအချို့ကို ပြောကြားနိုင်မည် ဖြစ်သည်။

- **မိတ်ဆက်ခြင်း** - သရုပ်ပြသင်ကြားခြင်း၊ အဆင့်ဆင့် ညွှန်ကြားချက်များပေးခြင်းနှင့် လေ့ကျင့်ခြင်းများပြုလုပ်ခြင်းဖြင့် သင်ခန်းစာပါ အကြောင်းအရာများကို ကျောင်းသားများ စိတ်ဝင်စားအောင်၊ ပြုလုပ်လိုစိတ်ရှိအောင်နှင့် နားလည်သဘောပေါက်အောင် ဆောင်ရွက်ရမည်။

- **ဖန်တီးလုပ်ဆောင်ခြင်း** - ကျောင်းသားများ မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုပြီး မိမိကိုယ်ပိုင်ဖန်တီးမှုများကို ပျော်ရွှင်စွာ လုပ်ဆောင်ရန် (သို့မဟုတ်) အနုပညာလက်ရာများကို ချီကျူးတန်ဖိုးထားရန်အတွက် သေချာစွာလေ့လာကြည့်ရှုရန် အားပေးရမည်ဖြစ်သည်။

- **ပြန်လည်သုံးသပ်ခြင်း** - ကျောင်းသားများ မိမိ၏အနုပညာလက်ရာများကို အချင်းချင်း ပြသရန်၊ မိမိ၏ အတွေးအခေါ်များနှင့် တွေ့ရှိချက်များကို မျှဝေရန် နှင့် ပန်းချီအနုပညာ သင်ယူခြင်းအား ပျော်ရွှင်နှစ်သက်မှုရှိစေရန် ကူညီအားပေးရမည်။

## သင်ယူမှုလုပ်ငန်း (၃)- အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ အတန်းကို ကျောင်းသား ငါးဦး သို့မဟုတ် ခြောက်ဦးပါဝင်သော အုပ်စုများအဖြစ်ဖွဲ့ပါ။ အုပ်စု တစ်စုစီသည် အောက်ဖော်ပြပါ သင်ခန်းစာသုံးခုမှ တစ်ခုကို တာဝန်ယူစေပါ။ [၅]

(က) အုပ်စု (က) - ပထမတန်း - အခန်း ၂၊ သင်ခန်းစာ (၂.၂) စက္ကူဖြင့် ထပ်ကာရေးခြစ်ခြင်း[၆]

(ခ) အုပ်စု (ခ) - ဒုတိယတန်း - အခန်း ၄၊ သင်ခန်းစာ (၃) သစ်ရွက်များဖြင့် အဆင်တန်ဆာ အမျိုးမျိုးပြုလုပ်ခြင်း။

(ဂ) အုပ်စု (ဂ) - ဒုတိယတန်း - အခန်း ၅၊ သင်ခန်းစာ (၁) မြန်မာ့ ပန်းပွတ်ပညာကို လေ့လာခြင်း။

၂။ အုပ်စုတစ်စုချင်းစီအား သင်ခန်းစာနှင့်ဆိုင်သော ဆရာလမ်းညွှန်အား ဖတ်ရှုရန်နှင့် ထိုအဆင့် သုံးဆင့်သည် မည်သည့် နေရာတွင် သီသာထင်ရှားသည်ကို ဆွေးနွေးရန် (၁၀) မိနစ် အချိန်ပေးပါ။

၃။ ကျောင်းသားများကို လက်ကမ်းစာစောင် (၂) လုပ်ငန်းပေးစာရွက်အား ညွှန်ကြားပြီး ၎င်းလုပ်ငန်းပေးစာရွက်ကို ဖြည့်စွက်စေပါ။

၄။ ကျောင်းသားများကို ဆရာလမ်းညွှန်မှ ကူးချခြင်းများ မပြုလုပ်ရန် ရှင်းပြပါ။ သင်ခန်းစာ၏ ထိုအဆင့်သုံးဆင့်မှ တစ်ဆင့်ချင်းစီတွင် မည်သို့ဖြစ်ပေါ်သည်ကို မိမိ၏ ကိုယ်ပိုင်စကားလုံး များဖြင့် အသုံးပြုစေပါ။

---

[၅] အုပ်စုတစ်စုစီသည် သင်ခန်းစာ တစ်ခုထက်မက တာဝန်ယူနိုင်သည်။
[၆] ပထမတန်း ဆရာလမ်းညွှန်တွင် စက္ကူဖြင့်ထပ်ကာ ရေးခြစ်ခြင်း စကားလုံးကို အသုံးမပြုထားပါ။ သို့သော် ရေးဆွဲရမည့်နည်းလမ်းကို စက္ကူဖြင့်ထပ်ကာ ရေးခြစ်ခြင်းဟုခေါ်ဆိုသည်။ ထိုအရာကို ပွတ်တိုက်ခြင်းဟု သိရှိကြပြီး စက္ကူကို ရေးဆွဲမည့်အရာ၏ မျက်နှာပြင်တွင်ထားရှိပြီး ခဲတံ သို့မဟုတ် ရောင်စုံခဲတံကိုအသုံးပြုပြီး စက္ကူပေါ်တွင် ရေးဆွဲခြင်းဖြစ်သည်။ ရေးဆွဲသည့်မျက်နှာပြင်သည် စက္ကူပေါ်တွင် ပုံပေါ်လာမည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများကို ကြီးကြပ်ပြီးစာသင်ခန်းတွင် လှည့်လည်ကြည့်ရှုနေစဉ်တွင် ကျောင်းသားများ၏ လုပ်ငန်းပေးစာရွက်ကို ဆန်းစစ်ပါ။ ကျောင်းသားများကို လုပ်ငန်းပေးစာရွက်အား ဖြည့်စွက်ရန် လိုအပ်သော အကြံဉာဏ်များပေးခြင်းဖြင့် ကူညီထောက်ပံ့ပါ။ မူလတန်းဆရာ လမ်းညွှန်ပါ သင်ခန်းစာများကို အသုံးပြုပြီး အုပ်စုများကို မေးခွန်းများဖြစ်သော သင်ခန်းစာ၏ ယခုအဆင့်တွင် '*ဆရာက မည်သို့ပြုလုပ်နေသည်။ ကျောင်းသားများ မည်သို့ ပြုလုပ်နေသည်။ နှင့် သင်ခန်းစာ၏ မည်သည့်အဆင့် ဖြစ်သည်။*' စသည်ဖြင့် မေးမြန်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

လုပ်ငန်းပေးစာရွက်တွင် ကျောင်းသားများသည် မိမိတို့တာဝန်ယူရမည့် မူလတန်းပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအတွက် သင်ယူမှု အဆင့်သုံးဆင့်မှ တစ်ဆင့်စီကို ခွဲခြားသတ်မှတ်နိုင်ရမည် ဖြစ်ပြီး သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများသည် အဆင့်တစ်ခုစီတွင် မည်သို့အသုံးပြုထားသည်ကို နမူနာများဖြင့် ပြောကြားနိုင်မည် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများကို ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်မှာ သင်ခန်းစာ၏ အဆင့်သုံးဆင့်အား ရှင်းပြနိုင်ရန် ဖြစ်ကြောင်း သတိပေးပြောကြားပါ။

၂။ ကျောင်းသားများကို မိမိတို့၏ အတွဲအား အဆင့်သုံးဆင့်၏ အမည်ဖြစ်သော (မိတ်ဆက်ခြင်း၊ ဖန်တီးလုပ်ဆောင်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း) အား ပြောကြားစေပါ။

၃။ ကျောင်းသားများကို မိမိတို့သည် ကျွမ်းကျင်သော ဆရာများ ဖြစ်လာသောအခါ သင်ကြားရမည့် မူလတန်း သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို ကြည့်ရှုရန် သတိပေးပြောကြားပါ။

၄။ ကျောင်းသားနှစ်ဦး သို့မဟုတ် သုံးဦးအား ရွေးချယ်ပြီး မူလတန်း ဆရာလမ်းညွှန်ရှိ သင်ခန်းစာ၏ အဆင့်များမှ တစ်ဆင့်၏ နမူနာများကို ပြောကြားစေပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများကို အသေးစိတ်နမူနာများအား ပြောကြားခိုင်းပါ။ ဥပမာ- မည်သည့် ပန်းချီရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း ပုံစံများကို သိရှိပါသနည်း။ မည်သည့် ပန်းပုများ နှင့် လက်မှုပညာများအား တွေ့မြင်ဖူးပါသနည်း။

**သင်ယူမှုလုပ်ငန်း ၂။** ။ ယုံကြည်မှုအားနည်းသော ကျောင်းသားများကို ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကိုရည်ညွှန်းပြီး ကြည့်ရှုခွင့်ပေးခြင်းဖြင့် ကူညီထောက်ပံ့ပေးပါ။ အဆင့် တစ်ဆင့်ချင်းစီအတွက် ရှင်းလင်းသော အနှစ်ချုပ်ကို သင်ပုန်းပေါ်တွင် ရေးသားပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ ယုံကြည်မှုအားနည်းသော ကျောင်းသားများကို မတူညီသော စွမ်းရည်ရှိသော အဖွဲ့များဖွဲ့ခြင်းဖြင့်ကူညီထောက်ပံ့ပေးပါ။ သင်ယူမှုလုပ်ငန်းအတွင်း အုပ်စုများကို ကြီးကြပ်ခြင်းများ စစ်ဆေးအကဲဖြတ်ခြင်းများပြုလုပ်ပါ။ ယုံကြည်မှုရှိသော ကျောင်းသားများကို မိမိတို့ တာဝန်ယူရမည့် သင်ခန်းစာများကို မည်သို့သင်ကြားရမည် သို့မဟုတ် မည်သို့ လိုက်လျောညီထွေအောင် ညှိယူရမည် စသော ထပ်ဆောင်းမေးခွန်းများ မေးမြန်းပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပန်းချီအနုပညာ သင်ခန်းစာတွင် လက်တွေ့ညွှန်ကြားချက်များ ပေးနိုင်ရန် အထိရောက်ဆုံးနည်းလမ်းမှာ အဘယ်နည်း။ အဘယ်ကြောင့်နည်း။

**အဖြေ** *သရုပ်ပြသင်ကြားခြင်းသည် လမ်းညွှန်ပြသမှုပေးရာတွင် အထိရောက်ဆုံးနည်းလမ်းဖြစ်သောကြောင့် လမ်းညွှန်ပြသချက်များအား နားထောင်ခြင်း၊ ဖတ်ရှုခြင်းထက် သရုပ်ပြသင်ကြားခြင်းက ကျောင်းသားများအတွက် ပိုမိုနားလည်လွယ်ကူမည်ဖြစ်သည်။ သရုပ်ပြသင်ကြားခြင်းသည် ကျောင်းသားများကို သင်ခန်းစာ၏ ရည်ရွယ်ချက်များ နှင့် တီထွင်ဖန်တီးမည့် လုပ်ငန်းစဉ်များကို နားလည်စေရန် ကူညီပေးသည်။*

**မေးခွန်း ၂။** ဆရာက တီထွင်ဖန်တီးမှုများ ဖြစ်ပေါ်အောင် မည်သို့ကူညီတိုက်တွန်းပေးနိုင်သနည်း။

**အဖြေ** *ကျောင်းသားများ မိမိကိုယ်ပိုင် စိတ်ကူးစိတ်သန်းများနှင့် အတွေးအခေါ်များကို ရှင်းလင်းစေရန် မေးခွန်းများမေးမြန်းခြင်းဖြင့် ကူညီပေးနိုင်သည်။ ကျောင်းသားများ၏ တီထွင်ဖန်တီးမှုကို မြှင့်တင်ပေးနိုင်ရန် လှပကောင်းမွန်သော အနုပညာလက်ရာများကို ပုံတူကူးယူခြင်းထက် မိမိတို့၏ ကိုယ်ပိုင်စိတ်ကူးများကို ပုံဖော်ဖန်တီးနိုင်အောင် ကူညီထောက်ပံ့ပေးရမည်။*

**မေးခွန်း ၃။** လက်တွေ့ ပန်းချီအနုပညာ သင်ခန်းစာ၏ အဆုံးတွင် ကျောင်းသားများအား မည်သည့် ညွှန်ကြားချက်များ ပေးသင့်ပါသနည်း။

**အဖြေ** *မိမိတို့၏ ပစ္စည်းများကို ရှင်းလင်းရန် နှင့် ပစ္စည်းကိရိယာများအား ပြန်လည်ပေးအပ်ရန်။ လက်များ ညစ်ပေနေပါက ဆေးကြောရန်။*

# ၃.၂။ ပန်းချီ ရေးဆွဲခြင်း

ဤအခန်းငယ်သည် မြန်မာနိုင်ငံ ပန်းချီရေးဆွဲခြင်း၏ သမိုင်းကြောင်းဆိုင်ရာ နောက်ခံအသိပညာများ ကျွမ်းကျင်စေရန် သင်ကြားခြင်းဖြစ်ပြီး မူလတန်းကျောင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်များအား ထည့်သွင်းစဉ်းစားပြီး ပန်းချီဆွဲရာတွင် ကူညီနိုင်ရန်အတွက် သင်ယူမှုလုပ်ငန်းအချို့အား မိတ်ဆက်သင်ကြားမည် ဖြစ်သည်။ကျောင်းသားများ၏ ပန်းချီဆွဲခြင်း စွမ်းရည်များ တိုးတက်စေရန်အတွက် ၎င်းတို့ကိုယ်တိုင် လေ့လာသင်ယူရမည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။

ပန်းချီရေးဆွဲခြင်း ဆိုသည်မှာ ဘောပင်၊ ခဲတံ၊ ရောင်စုံခဲတံ သို့မဟုတ် မီးသွေး အပိုင်းအစ စသည်တို့ကို အသုံးပြု၍ မျဉ်းများဖြင့် အရာဝတ္ထုပစ္စည်းများကို ပုံဖော်ရေးဆွဲသော အနုပညာတစ်ရပ် ဖြစ်သည်။ ပန်းချီရေးဆွဲခြင်းသည် ဆေးခြယ်ခြင်းနှင့် ကွဲပြားခြားနားသည်မှာ တိကျသော ပုံသဏ္ဍာန်များ ဖန်တီးနိုင်ခြင်း ဖြစ်သည်။

မျဉ်းကြောင်းအမျိုးမျိုး နှင့် ပုံသဏ္ဍာန်အမျိုးမျိုးအား အသုံးပြုပြီး ရေးဆွဲခြင်းဖြင့် လူတစ်ဦး၏ အတွေးအခေါ်များကို အရာဝတ္ထု၊ တောတောင် ရေမြေရှုခင်း၊ ပန်းပွင့်၊ သစ်ပင် စသည့် အရာများ အဖြစ်ပြောင်းလဲအောင် ပြုလုပ်နိုင်သည်။

## ၃.၂.၁။
## မြန်မာ့ပန်းချီရေးဆွဲခြင်းဆိုင်ရာ သမိုင်းကြောင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည်
- မြန်မာ့ပန်းချီရေးဆွဲခြင်းဆိုင်ရာ သမိုင်းကြောင်းအား ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာများကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁)ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

**အချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ** - နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း၊ ဟောပြောပို့ချခြင်း၊ အုပ်စုလုပ်ငန်း၊ တင်ပြခြင်း၊ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားများနှင့် ဆရာများသည် ကျောင်းသားကိုင်စာအုပ်ရှိ အနုပညာသမိုင်းနှင့်ဆိုင်သော အချက်အလက်များကို အခန်း (၃.၂) သင်ခန်းစာ (၃.၂.၁) မြန်မာ့ပန်းချီရေးဆွဲခြင်းမှစတင်ပြီး ဖတ်ရှုသင့်သည်။ လက်ကမ်းစာစောင် (၃) ကို ဖတ်ရှုပြီး နားလည်သဘောပေါက်မှုအား ဆန်းစစ်ရန် ဉာဏ်စမ်းမေးခွန်း များ ပြင်ဆင်ထားနိုင်သည်။ (ဆောင်ရွက်လိုမှသာ)

**လိုအပ်သောရင်းမြစ်များ** - မှတ်စုရေးနိုင်ပြီး ကပ်နိုင်သော စာရွက်ငယ်၊ ကျောင်းသားကိုင်စာအုပ်၊ အခန်း (၃.၂) သင်ခန်းစာ (၃.၂.၁)၊ ကားချပ်ကြီး စာရွက်၊ ရေးမှတ်စရာ မှင်တံ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - ကြိုတင် စစ်ဆေးခြင်း (နှစ်ယောက် တစ်တွဲ လုပ်ဆောင်ခြင်း) (၁၀ မိနစ်)

၁။ သင်ပုန်းပေါ်တွင် အလျားလိုက် မျဉ်းကြောင်းဆွဲပါ။ ထိုမျဉ်းသည် မိမိအတွက် အချိန်ကာလပင် ဖြစ်သည်။

၂။ နှစ်ယောက်တစ်တွဲစီ ကျောင်းသားများကို မှတ်စုရေးပြီး ကပ်နိုင်သော စာရွက်ငယ်တစ်ခု သို့မဟုတ် နှစ်ခုအား ဖြန့်ဝေပါ။

၃။ ကျောင်းသားများကို မြန်မာ့ပန်းချီရေးဆွဲခြင်း နှင့် ပတ်သက်ပြီး သင်ယူခဲ့သည်ကို နှစ်ယောက်တစ်တွဲစီ ကျောင်းသားကိုင်စာအုပ်အား ပြန်မကြည့်ဘဲ အမှတ်ရစေပါ။ အသက်အရွယ်အလိုက် ပန်းချီရေးဆွဲပုံ မည်သို့တိုးတက်လာသည်ကို အလေးပေးပါ။

၄။ မှတ်စု စာရွက်ငယ်ပေါ်တွင် အဖြစ်အပျက်များကို ရေးသားရန် အတန်းအား အချိန် (၅) မိနစ် ပေးပြီး သင်ပုန်း၏ အချိန်ဇယားပေါ်တွင် ကိုက်ညီသောအချက်များကို ကပ်စေပါ။

**ရပ်တန့်ပါ၊ စဉ်းစားပါ။**

အချိန် (၅) မိနစ်သာ ပေးခြင်းသည် ဤလုပ်ငန်းတွင် အရေးပါသည်။ ဤအဆင့်တွင် ပြီးပြည့်စုံသော မြန်မာ့ပန်းချီရေးဆွဲခြင်း အချိန်ဇယားကို ဖြည့်စွက်ရန် မလိုအပ်ပါ။ ယခုလုပ်ငန်းသည် သင်ယူမည့် အကြောင်းအရာအား ကျောင်းသားဗဟိုပြု မိတ်ဆက်မှုအနေဖြင့် အတန်း၏ အသိပညာဗဟုသုတ မည်မျှစုစည်းနိုင်သည်ကို ကြိုတင်စစ်ဆေးမည့် လုပ်ငန်းသာဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အချိန်ဇယားတွင် ကပ်ထားသော မှတ်စုစာရွက်ငယ်များကို အကျဉ်း ပြန်လည်သုံးသပ်ပါ။ ကျောင်းသားများ မှန်ကန်မှု ရှိ၊ မရှိ ဆန်းစစ်ပါ။ ဖြစ်ရပ်အချို့အား မပြည့်စွက်မှု၊ မှားယွင်းစွာ နေရာထားရှိမှုနှင့် အခြားမှားယွင်းမှုများ ရှိနိုင်သဖြင့် ကျောင်းသားများကို အချိန်ဇယားအား ဆက်လက်သုံးသပ်စေပါ။ သင်ခန်းစာ၏ နောက်ပိုင်းတွင် ထိုအချိန်ဇယားကို ပြန်လည် လုပ်ဆောင်ရန် အခွင့်အရေး ရရှိမည်ဖြစ်သည်။

နှစ်ယောက်တစ်တွဲ ဆွေးနွေးမှုများ နှင့် အချိန်ဇယားပေါ်တွင် ကပ်ထားသော အကြောင်းအရာများတွင် ကျောင်းသားများ မြန်မာ့ပန်းချီရေးဆွဲခြင်း သမိုင်းအပေါ် ယေဘုယျ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မြန်မာ့ပန်းချီရေးဆွဲခြင်းဆိုင်ရာ သမိုင်းကြောင်း၏ အဓိကအချက်အချို့ကို ကျောင်းသားများ ပြောကြားနိုင်သင့်သည်။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၂.၁) မြန်မာ့ပန်းချီရေးဆွဲခြင်းအား နမူနာကြည့်ရှုနိုင်သည်။ အချိန်ဇယားသည် မပြီးပြည့်စုံသေးပါက စိတ်မပူပါနှင့်။ ကျောင်းသားများသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကို ဤသင်ခန်းစာသင်ယူစဉ် တိုးတက်လာမည် ဖြစ်ပြီး အချိန်ဇယားကို ဖြည့်စွက်လာနိုင်ပေမည်။

## သင်ယူမှုလုပ်ငန်း (၂) – ဟောပြောပို့ချခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၂.၁) မှ ပန်းချီဆွဲခြင်းနှင့် အနုပညာ၏ သမိုင်းကြောင်း အနှစ်ချုပ်ပါ အချက်အလက်များကို အနှစ်ချုပ်ပြီး အစောပိုင်းကာလ ဂူပန်းချီရေးဆွဲမှုမှစ၍ ယနေ့ခေတ်အထိ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုများကို ရှင်းပြပါ။

၂။ ကျောင်းသားများသည် ဤသင်ခန်းစာအတွက် အကြောင်းအရာများကို ကြိုတင်ဖတ်ရှုပြီး ဖြစ်သဖြင့် ဟောပြောပို့ချမှုကို အတိုချုပ်သာ ပြုလုပ်ရန် အရေးကြီးပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဟောပြောပို့ချမှုပါ အကြောင်းအရာများသည် သင်ယူမှုလုပ်ငန်း(၁) ၏ အောင်မြင်မှု အပေါ်တွင် မူတည်သည်။ မိမိအနေဖြင့် ကျောင်းသားများ အချိန်ဇယားပေါ်တွင် မကပ်ရသည့် အကြောင်းအရာ အချက်အလက်များကို ရွေးချယ်အလေးပေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများထံမှ မည်သည့် တုံ့ပြန်မှုကို မလိုအပ်ပါ။ ဆန္ဒရှိပါက ဟောပြောပို့ချမှု ပြီးဆုံးလျှင် မေးခွန်းများအား ဖိတ်ခေါ်နိုင်သည်။ မိမိအနေဖြင့် ထိုသို့မေးမြန်းလိုလျှင် လုံလောက်သော ဘာသာရပ်ဆိုင်ရာ အသိပညာများရှိရန် အရေးကြီးပါသည်။

## သင်ယူမှုလုပ်ငန်း (၃) - အုပ်စုလုပ်ငန်း (၁၀ မိနစ်)

၁။ အတန်းတွင် ကျောင်းသား ငါးယောက် သို့မဟုတ် ခြောက်ယောက်ပါဝင်သော အုပ်စုများ ဖွဲ့ပါ။

၂။ အုပ်စုတစ်စုစီအား လက်ကမ်းစာစောင်(၃) မြန်မာ့အနုပညာသမိုင်းကြောင်းမှ စာရွက် တစ်ရွက်စီ ပေးပြီး လေ့လာဆွေးနွေးစေပါ။

၃။ ကျောင်းသားများအား အုပ်စုတစ်စုစီသည် မိမိတို့တာဝန်ယူရမည့် မြန်မာ့သမိုင်း အချိန်အပိုင်းအခြားတစ်ခုစီကို ကျွမ်းကျင်စွာ ပြောကြားနိုင်ရမည်ဖြစ်ကြောင်း အသိပေးပါ။ ဖတ်ရှုနေစဉ် ကျောင်းသားများသည် အတန်းကို မျှဝေရန် အဓိကအချက်များကို မှတ်စုရေးသားထားသင့်သည်။

၄။ ၁၀မိနစ်ခန့် ဖတ်ရှုပြီးပါက မိမိတို့သိရှိပြီးသော အသိပညာကို အတန်းသို့မျှဝေရန် ပြင်ဆင်ရမည် ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို သင်ယူမှုလုပ်ငန်း (၃) တွင်လုပ်ဆောင်ရမည်ဖြစ်သည်။ ကျောင်းသားများသည် လုပ်ငန်းပေးစာရွက်ပါ အကြောင်းအရာများကို နားလည်ကြောင်း သေချာအောင် ပြုလုပ်ပြီး မေးခွန်းများမေးမြန်းပါက ဖြေဆိုနိုင်ရန် ပြင်ဆင်ထားပါ။

ကျောင်းသားများ၏ စွမ်းရည်ကို လုပ်ငန်းပေးစာရွက်မှ တိုက်ရိုက်ကူးချခြင်းထက် မိမိ၏ကိုယ်ပိုင်စကားလုံးများဖြင့် အချက်အလက်များကို အနှစ်ချုပ်နိုင်မှုအား အကဲဖြတ်ပါ။

ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများဖြစ်သည့် ကျောင်းသားများအုပ်စုတွင် မည်သို့ကောင်းမွန်အောင် လုပ်ဆောင်သနည်း။ ကျောင်းသားများ တစ်ဦးနှင့်တစ်ဦး အချင်းချင်းဆက်ဆံပြောဆိုပြီး အဖွဲ့အနေဖြင့် တင်ပြမည့် အဓိကအကြောင်းအရာများကို သဘောတူမှု ရှိပါသလား။ စသည်ဖြင့် အကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လာမည့်သင်ယူမှုလုပ်ငန်းတွင် ရှင်းလင်းစွာ တင်ပြနိုင်ရန် လုပ်ငန်းပေးစာရွက်တွင် အချက်အလက်များကို အနှစ်ချုပ်ထားသင့်သည်။

## သင်ယူမှုလုပ်ငန်း (၄) မျက်နှာစုံညီ မျှဝေခြင်း (၁၀ မိနစ်)

၁။ စာသင်ချိန်တစ်ခုစီအတွက် ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပြီး စာရွက်ကြီးကို အသုံးပြုပြီး အတန်းအား အဓိကအချက်များကို တင်ပြစေပါ။

၂။ တစ်နည်းအားဖြင့် အုပ်စုများကို စာရွက်ကြီးအား နံရံပေါ်တွင် ကပ်စေပြီး ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်းကိုလည်း ပြုလုပ်စေနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို ပြန်လည်တင်ပြမှုများ ပြုလုပ်စဉ် အကဲဖြတ်နိုင်ပြီး ဆက်လက်မေးခွန်းများ မေးမြန်းခြင်းဖြင့် ထိုနားလည်သဘောပေါက်မှုကို ဆန်းစစ်နိုင်သည်။ ကျောင်းသားများအချင်းချင်း ထို့သို့ စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်ရန် အားပေးပါ။ အပြုသဘောဆောင်သော အကောင်းမြင်သော တုံ့ပြန် အကြံပြုချက်များ ပေးသင့်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုများသည် မိမိတို့၏ လက်ကမ်းစာစောင်ပါ အချက်အလက်များကို ကိုယ်ပိုင် စကားလုံးများဖြင့် အနှစ်ချုပ် ပြန်လည်တင်ပြသင့်သည်။

## သင်ယူမှုလုပ်ငန်း (၅) ပြန်လှန်သုံးသပ်ခြင်း (၅ မိနစ်)

၁။ အုပ်စု တစ်စုစီကို မှတ်စုစာရွက်ငယ်များ ပိုမို ဖြန့်ဝေပါ။

၂။ အတန်းကို အချိန် ၅ မိနစ် ပေးပြီး ထိုစာရွက်ငယ်များတွင် အဓိကအချက်များကို ရေးမှတ်ရန် နှင့် အချိန်ဇယားတွင် ဖြည့်စွက်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ကြားသင်ယူမှုလုပ်ငန်း (၁) အတိုင်း အချိန်ဇယားကို တိကျစွာစစ်ဆေးအကဲဖြတ်ပါ။ လိုအပ်ပါက ချက်ချင်းတုံ့ပြန်အကြံပြုချက်များပေးပြီး ယခုလုပ်ငန်းတွင် အချိန်ဇယားသည် အတိကျဆုံး၊ ပြီးပြည့်စုံဆုံး ဖြစ်နေစေရန် သေချာအောင်ပြုလုပ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုများသည် လက်ကမ်းစာစောင်ပါ အကြောင်းအရာများမှ အချက်အလက်များနှင့်အုပ်စုလိုက် ပြန်လည်တင်ပြမှုများကိုအသုံးပြုပြီး ဖြစ်ရပ်များကို ဖြည့်စွက်နိုင်ရမည်ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများကို ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်မှာ မြန်မာနိုင်ငံ၏ ပန်းချီရေးဆွဲခြင်း သမိုင်းအား ရှင်းပြနိုင်ရန် ဖြစ်ကြောင်း ပြန်လည်သတိပေးပါ။

၂။ ယခုအချိန်ဇယားကို ညွှန်ကြားပြီး ကျောင်းသားများအား မိမိ၏ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူထား ရန် ဖိတ်ခေါ်ပါ။

၃။ ကျောင်းသားများကို ယခုသင်ခန်းစာ၏ တတ်ကျွမ်းမှုစံများမှာ ဘာသာရပ်ဆိုင်ရာ အသိပညာ ဗဟုသုတများနှင့် ဆက်စပ်နေကြောင်း သတိပေး ပြောကြားပါ။

၄။ ကျောင်းသားများကို သင်ခန်းစာအကြောင်းအရာအပေါ်တွင် အခြေခံပြီး မိမိ၏ အတန်းဖော် အား အနည်းဆုံး ဖြေဆိုနိုင်မည့် မေးခွန်းတစ်ခုရေးသားခြင်း သို့မဟုတ် မေးမြန်းခြင်းများကို လုပ်ဆောင်စေပါ။[၇]

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ဤသင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများသည် အမြင်၊ အကြား၊ ရသခံစားမှု စသည့် အမျိုးမျိုးသော သင်ယူမှုပုံစံများ၏ ရည်ရွယ်ချက်များကို ပေါက်မြောက်စေသည်။ တက်ကြွစွာသင်ယူလိုသော ကျောင်းသားများသည် ဤအချိန်ပြဇယားကို ဖန်တီးသည့် သင်ယူမှုလုပ်ငန်းမှ အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ အမြင်အာရုံဖြင့် သင်ယူလိုသော ကျောင်းသားများသည်လည်း ယခုဟောပြောပို့ချမှု နှင့် အချင်းချင်း ပြောဆိုမှုမှ များစွာ အကျိုးကျေးဇူးများ ရရှိနိုင်သည်။

[၇] တစ်နည်းအားဖြင့် ကျောင်းသားများ နှစ်ယောက်တစ်တွဲ သို့မဟုတ် အိမ်စာအနေဖြင့် ပြုလုပ်နိုင်ရန် ဉာဏ်စမ်းမေးခွန်းများကို ပြင်ဆင်ထားပါ။

**သင်ယူမှုလုပ်ငန်း ၁။** ။ မှတ်စုစာရွက်ငယ်ကို ကျောင်းသားများအားလုံးကပ်ရန် သို့မဟုတ် နှစ်ယောက်အတွဲများ အားလုံးကပ်ရန် မလိုအပ်ပေ။ ကျောင်းသားများအားလုံးကို သင်ခန်းစာ သင်ယူစဉ် အချက်အလက်များကိုသိရှိစေရန် အချိန်ဇယားတွင်ကပ်ထားသော မှတ်စု စာရွက်ငယ် များကို ကြည့်ရှုရန် အားပေးတိုက်တွန်းရမည်ဖြစ်သည်။ နှစ်ယောက်တစ်တွဲလုပ်ငန်းနှင့် ဆွေးနွေးမှု များပြုလုပ်ရန် အားပေးတိုက်တွန်းပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများသည် ဟောပြောပို့ချမှု ပြုလုပ်နေစဉ် ကျောင်းသားကိုင် စာအုပ်ကို ရည်ညွှန်းပါက ပိုမိုအထောက်အကူပြုနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၃ နှင့် ၄ ။** ။ လက်ကမ်းစာစောင်များကို မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ ဖြင့် ပုံစံနှစ်ခုစလုံးရရှိအောင် သေချာစွာပြင်ဆင်ထားပါ။ စွမ်းရည်မတူသော အုပ်စုများဖွဲ့ပြီး အချင်းချင်း အုပ်စုတွင်း စစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ရန် အားပေးပါ။ အုပ်စုများကို ကြည့်ရှုလေ့လာပြီး အချို့အုပ်စုများသည် မည်သည့်အချက်များကို ပြန်လည်တင်ပြရမည်ကို မသေချာပါက ကူညီထောက်ပံ့ခြင်းများပြုလုပ်ပါ။ ထိုသို့ကူညီထောက်ပံ့ရာတွင် မည်သည့်အရာများ ကို ရေးရမည်ကို ပြောကြားခြင်းမပြုလုပ်ဘဲ *'ကျောင်းသားများအား လက်ကမ်းစာစောင်တွင် မည်သည့်အချက်သည် အရေးကြီးဆုံးသော ဖြစ်ရပ် ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။'* စသည့် ပြဿနာဖြေရှင်းခြင်း၊ ဝေဖန်စဉ်းစားနိုင်သည့် စွမ်းရည်များကို မြှင့်တင်ပေးသည့် မေးခွန်းများကို မေးမြန်းခြင်းဖြင့် ကူညီပေးပါ။

**သင်ယူမှုလုပ်ငန်း ၅ ။** ။ သင်ယူမှုလုပ်ငန်း (၁) ကဲ့သို့ အုပ်စုအားလုံးသည် စာရွက်ငယ်များကပ်ရန် မလိုအပ်ပေ။ အချိန်ဇယားပေါ်တွင် မှန်ကန်တိကျသော အချက်အလက်များရှိပါက လုံလောက်ပါ သည်။ ကျောင်းသားများကို အချိန်ဇယားကို အာရုံစူးစိုက်ရန်နှင့် ပညာရေးဘာသာ ကဲ့သို့သော အခြားဘာသာရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ဓာတ်ပုံရိုက်ယူထားရန် အားပေးတိုက်တွန်းပါ။

မြန်မာ့အနုပညာသမိုင်းကို စိတ်ဝင်စားသော ကျောင်းသားများသည် နယူးယောက်မြို့ အာရှ အနုပညာလက်ရာပြတိုက်မှ အောက်ဖော်ပြပါ တစ်နာရီခန့်နီးပါးကြာမြင့်သော ဗီဒီယိုအား အင်္ဂလိပ်ဘာသာဖြင့် ကြည့်ရှုနိုင်ပါသည်။
https://asiasociety.org/video/buddhist-art-myanmar-intersection-faith-and-karma-complete

## ၃.၂.၂။
## ပန်းချီရေးဆွဲခြင်း၏ သင်ပြနည်းဗျူဟာများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည်

- ကလေးများ၏ ပန်းချီရေးဆွဲခြင်းသည် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှု သီအိုရီအရ အသက်အရွယ်အလိုက် မည်သို့တိုးတက်လာသည်ကို ရှင်းပြတတ်မည်။
- မူလတန်းသင်ရိုးတွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ပြောကြား တတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၃-၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။

**အချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် နှစ်ချိန်

**သင်ယူမှုနည်းလမ်းများ** - အုပ်စုလုပ်ငန်း၊ အုပ်စုလိုက် တင်ပြခြင်း၊ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ**-လက်ကမ်းစာစောင်(၄)၊ လက်ကမ်းစာစောင်(၅)၊ လက်ကမ်းစာစောင်(၆) နှင့် လက်ကမ်းစာစောင်(၇)ကို ဖတ်ရှုရန်။

**လိုအပ်သော ရင်းမြစ်များ -** ကားချပ်ကြီး စာရွက်၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### စာသင်ချိန် (၁)

**သင်ယူမှုလုပ်ငန်း (၁) - မိတ်ဆက်ခြင်း** (၁၀ မိနစ်)

၁။ ကျောင်းသားများကို လက်ကမ်းစာစောင် (၄) - ကလေးများ၏ ပန်းချီလက်ရာ နမူနာများကို ကြည့်ရန် ညွှန်ကြားပါ။

၂။ ကျောင်းသားများကို အောက်ဖော်ပြပါ မေးခွန်းများအား နှစ်ယောက်တစ်တွဲစီ အကျဉ်းချုပ် ဆွေးနွေးစေပါ။

(က) မည်သည့်ရုပ်ပုံသည် အသက်အကြီးဆုံးကျောင်းသားမှ ရေးဆွဲထားခြင်းဖြစ်မည် နည်း။

(ခ) အဘယ်ကြောင့် ထိုကဲ့သို့ ထင်မြင်သနည်း။

(ကူညီပံ့ပိုးခြင်းအတွက် သတိပြုရမည့်အချက် - ဤလုပ်ငန်းတွင် အဖြေသည် အမှား အမှန် မရှိပေ။ ဤလုပ်ငန်း၏အဓိကအချက်မှာ ကျောင်းသားများ၏ ကျွမ်းကျင်မှုနှင့် မတူညီသော ရုပ်ပုံများကို ကြည့်ရှုလေ့လာစေရန် ဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ ကျောင်းသားများ၏ အသက်အရွယ် ကွဲပြားခြားနားမှုအပေါ် မူတည်၍ ရရှိလာသော ရုပ်ပုံများ၏ ကွဲပြားခြားနားမှုနှင့် ထိုမတူကွဲပြားမှုသည် ကလေးများ၏ အသက်အရွယ်အား ခန့်မှန်းနိုင်မှုကို မြင်သာစေချင်သောကြောင့် ဖြစ်သည်။)

၃။ တုံ့ပြန်အကြံပြုချက်များ ရယူပါ။ ကျောင်းသားများကို ကလေးများသည် မတူညီသော အသက်အရွယ်အလိုက် မတူညီသော ဖွံ့ဖြိုးတိုးတက်မှုရှိကြောင်း ရှင်းပြပါ။ ဆိုလိုသည်မှာ ထိုကျောင်းသားများ ရေးဆွဲထားသောရုပ်ပုံများသည် ၎င်းတို့၏တိုးတက်မှု အဆင့်အပေါ် မူတည်၍ ကွဲပြားခြားနားနိုင်ပေသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများကို ဤသင်ယူမှုလုပ်ငန်းသည် မှန်ကန်သော အဖြေဟူ၍မရှိသော အဖွင့်မေးခွန်း လုပ်ငန်းဖြစ်ကြောင်း သတိပေးပြီး တွေးခေါ်မှုစွမ်းရည်များကို မြှင့်တင်ရန် အားပေးတိုက်တွန်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများအားလုံးသည် နှစ်ယောက်တစ်တွဲ ဆွေးနွေးမှုတွင် ဦးစွာ အနှစ်ချုပ်ခြင်းများကို လုပ်ဆောင်နိုင်သင့်သည်။ ကျောင်းသားများ အများစုသည် ရုပ်ပုံများမှ မတူညီသော အရာများကို ဖော်ပြနိုင်စွမ်းများ ရှိသင့်သည်။ ကျောင်းသားအချို့သည် ထိုကွဲပြားခြားနားမှုများအတွက် ဖွံ့ဖြိုးမှု ဆိုင်ရာ အကြောင်းအရင်းများကို အကြံပြုလာနိုင်သင့်သည်။

## သင်ယူမှုလုပ်ငန်း (၂) - အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ အတန်းကို ကျောင်းသား ငါးဦး သို့မဟုတ် ခြောက်ဦး ပါဝင်သော အုပ်စုများအဖြစ် ဖွဲ့ပါ။

၂။ လက်ကမ်းစာစောင်(၅) သင်ယူမှုလုပ်ငန်း (၂) အတွက် ရုပ်ပုံများကိုညွှန်ကြားပြီး လက်ကမ်းစာစောင်ပါ ရုပ်ပုံများကို ကြည့်ရှုရန် ညွှန်ကြားပါ။

၃။ အုပ်စုများကို အသက်အရွယ်အငယ်ဆုံး (နံပါတ် ၁ ဟု ရေးပြီး) မှ အကြီးဆုံးအထိ (နံပါတ် ၆) ရေးဆွဲထားသည့် အစီအစဉ်အတိုင်း ရုပ်ပုံများကို အစီအစဉ်တကျ ထားစေပါ။

၄။ ရုပ်ပုံများကို အသက်အရွယ်အလိုက် စီစဉ်ထားပြီးပါက ထိုရုပ်ပုံတစ်ခုစီသည် မည်သည့် အသက်အရွယ်မှ ဆွဲထားခြင်းဖြစ်မည်ကို အုပ်စုများကို ခန့်မှန်းစေပြီး လက်ကမ်းစာစောင်တွင် ထိုခန့်မှန်း အကြောင်းအရာများကို မှတ်သားစေပါ။

၅။ အုပ်စုများကို ယခုကဲ့သို့ ရုပ်ပုံများ စီစဉ်ထားခြင်းနှင့် အသက်အရွယ်ခန့်မှန်းစေမှုများ၏ အကြောင်းအရင်းကို ပြန်လည်စဉ်းစားစေပါ။ အထူးသဖြင့် ကျောင်းသားများသည် ပန်းချီ ရေးဆွဲရာတွင် ကျွမ်းကျင်တိုးတက်မှုအဆင့်ဆင့်အတွက် မည်သည့် ရည်ညွှန်းချက်များဖြင့် ဖော်ပြနိုင်ပါသနည်း။

၆။ မိမိ၏တွေ့ရှိချက်များအား အုပ်စုတွင်း မျှဝေစေပြီး အချင်းချင်း တူညီသောရလဒ် အဖြေများ ဖြစ်၊ မဖြစ် ကို လေ့လာစေပါ။ တွေ့ရှိချက်များကို အနှစ်ချုပ် ဆွေးနွေးပါ။

၇။ ကျောင်းသားများအားရုပ်ပုံများကိုဆွဲခဲ့သည့်ကလေးများ၏အသက်ကို ဖော်ပြပေးထားသည့် သင်ယူမှုလုပ်ငန်း (၂) အတွက် လက်ကမ်းစာစောင် (၆) အဖြေများကို အသုံးပြုပြီး သင်ယူတိုးတက်မှုအဆင့်၏ သိသာထင်ရှားသော ရှုထောင့်များနှင့်ပတ်သတ်၍ သတင်း အချက်အလက်အချို့ကိုပေးရန် လမ်းညွှန်ပါ။

၈။ ကျောင်းသားများကို မိမိကိုယ်တိုင် ပြန်လည် ဆန်းစစ်စေပြီး အုပ်စုများအချင်းချင်း လက်ကမ်းစာစောင်ပေါ်တွင် ကလေးများ၏အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု သီအိုရီနှင့် မိမိ၏ အတွေးအမြင်များအကြား ကွဲပြားခြားနားမှုရှိသောအချက်များကို ပြန်လည်ဆွေးနွေးစေပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

မိမိကိုယ်တိုင် စစ်ဆေးအကဲဖြတ်မှုများသည် သင်ယူမှုလုပ်ငန်း(၂)တွင် ဖြစ်ပေါ်သည်။ မိမိ၏ စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်မှုအား ကြီးကြပ်လေ့လာပြီး အဖြေမှန် စာရွက် နှင့် တူညီသော အစီအစဉ်အတိုင်း ရုပ်ပုံများထားရှိပါသလား။ ထိုရွေးချယ်မှုများအတွက် အကြောင်းပြချက်များ ပေးနိုင်ပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ကျိုးကြောင်းဆက်စပ်ပြီး အစီအစဉ်အတိုင်း အကြံပြုသင့်သည်။ ကျောင်းသားများ အုပ်စုသည် မိမိ၏ဆုံးဖြတ်ချက်များအတွက် ရှင်းပြနိုင်ရန် အတွေးအမြင်များကို စုဆောင်းသင့်သည်။ ကျောင်းသားများသည် မိမိတို့အုပ်စု၏ အတွေးအမြင်များ နှင့် အဖြေစာရွက် အကြား တူညီမှု နှင့် ကွဲပြားခြားနားမှုများကို ခွဲခြားသတ်မှတ် နိုင်ရမည်။

## သင်ယူမှုလုပ်ငန်း (၃) - ဖတ်ရှုခြင်း နှင့် ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများအား လက်ကမ်းစာစောင်(၇) - ကလေးများ၏ ပန်းချီအနုပညာ ဖွံ့ဖြိုးမှု အဆင့်များ ကို အသုံးပြုရန် လမ်းညွှန်ပါ။။

၂။ ကျောင်းသားများကို ဖွံ့ဖြိုးတိုးတက်မှုအဆင့်များဖြစ်သော (ရေးခြစ်နိုင်သည့်အဆင့် (Scribble Stage) မှ ဆုံးဖြတ်ချက် ချနိုင်သည့်အဆင့်အထိ စာပိုဒ်ခြောက်ခု) ကို ဖတ်ရှုစေပါ။

၃။ မိမိ၏ အုပ်စုများတွင် လက်ကမ်းစာစောင်(၅) ပါ ရုပ်ပုံများ နှင့် လက်ကမ်းစာစောင်(၇)ပါ ထင်ရှားသော အချက်များကိုယှဉ်တွဲလေ့လာစေပါ။

၄။ ကျောင်းသားတစ်ဦးချင်းစီမှ တုံ့ပြန် အကြံပြုချက် အချို့ကို ရယူပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုဆွေးနွေးမှုများကို ကြီးကြပ်လေ့လာပါ။ မိမိကြားမိသော အချက်များကို မှတ်သားပြီး ရွေးချယ်ထားသော ကျောင်းသားများကို ဖိတ်ခေါ်၍ ၎င်းအချက်များကို အတန်းအား ပြောကြားစေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အမြေများ

အချို့သော ကျောင်းသားများသည် ကလေးများ၏ ပန်းချီရေးဆွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်များ၏ ဖော်ပြချက်များကို ယှဉ်တွဲနိုင်မည်။ အချို့သော ကျောင်းသားများသည် အခြားသူများထက် ပိုမိုကောင်းမွန်သော အတွေးအမြင်များ ရှိနိုင်သဖြင့် မိမိ၏အတွေးအမြင်များအား အုပ်စုအချင်းအချင်း မျှဝေရန် အခွင့်အလမ်းပေးရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်မှာ ကလေးများသည် အသက်အရွယ်အလိုက် ပန်းချီရေးဆွဲမှုများ မည်သို့ဖွံ့ဖြိုးလာသည်ကို ရှင်းပြနိုင်ရန်ဖြစ်ကြောင်း သတိပေးပြောကြားပါ။

၂။ ကျောင်းသားများအား ဆရာအတတ်ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်(ဂ) (၃.၂) အား သတိပြုစေပါ။ (အထက်တွင် ဖော်ပြထားသော ရရှိသွားမည့် တတ်ကျွမ်းမှုအား ပြန်လည်ကြည့်ရှုပါ)

၃။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ ဤသင်ခန်းစာသည် ထိုတတ်ကျွမ်းမှုအား မည်သို့ပြည့်မီစေသည်ကို ဆွေးနွေးစေပါ။ ပန်းချီရေးဆွဲခြင်း၏ ဖွံ့ဖြိုးမှုအဆင့်များကို စဉ်းစားစေပြီး ယေဘုယျအားဖြင့် ကလေးများဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး မည်သည်ကို သိရှိသည်ကို စဉ်းစားစေပါ။

၄။ တုံ့ပြန်အကြံပြုချက်များ ရယူပြီး ကျောင်းသားများကို ကလေးများအားလုံးသည် တူညီသော နှုန်းအတိုင်း ဖွံ့ဖြိုးခြင်း မဟုတ်ကြောင်း နားလည်စေရန် လမ်းညွှန်ပါ။ လက်ကမ်းစာစောင်(၇) ပါ အကြံပြုထားသော အသက်အရွယ်များသည် ကလေးအားလုံးအတွက် မရည်ညွှန်းနိုင်ပါ။ အချို့သောကလေးများသည် သဘာဝပုံများဆွဲနိုင်သည့် အဆင့် (Pseudo-Naturalistic stage) ထိ မည့်သည့်အခါမျှ မရောက်ရှိဘဲ မိမိကိုယ်ကို ပန်းချီဆွဲရာတွင် အားနည်းသည်ဟု ယုံကြည်ကာ လုပ်ဆောင်မှုများပြုလုပ်ရန် တွန့်ဆုတ်ခြင်းများ လည်းရှိနိုင်သည်။

၅။ ကျောင်းသားများသည် ဤအချက်ကိုမှတ်သားပြီး မိမိတို့သင်ကြားမည့် ကျောင်းသားများအားလုံးကို လေးစားစွာဆက်ဆံရန်နှင့် လေးစားစွာသင်ကြားရန် အရေးကြီးပါသည်။ ဆရာများအနေဖြင့် ကျောင်းသားများအားလုံး၏ တိုးတက်မှုကို ကူညီပေးနိုင်သော သင်ခန်းစာပုံစံများကို စီစဉ်ရန် ပြုလုပ်ရမည်ပင် ဖြစ်သည်။ [၈]

**စာသင်ချိန် (၂)**

**သင်ယူမှုလုပ်ငန်း (၄) – အုပ်စုလုပ်ငန်းနှင့် ပြန်လည်တင်ပြခြင်း (၃၅ မိနစ်)**

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ တွဲပြီး ပြီးခဲ့သောစာသင်ချိန်မှသင်ယူမှုများကို ပြန်လည် အမှတ်ရစေပါ။ မည်သည့် အဆင့်များကို မှတ်မိပါသနည်း။ မတူညီသော အဆင့်များအလိုက် ကွဲပြားခြားနားသော သွင်ပြင်လက္ခဏာအချို့မှာ အဘယ်နည်း။

၂။ အတန်းကို ကျောင်းသား ငါးဦး သို့မဟုတ် ခြောက်ဦးပါဝင်သော အုပ်စုများအဖြစ်ဖွဲ့ပါ။

၃။ လက်ကမ်းစာစောင်(၇) မှ အုပ်စုတစ်စုစီကို မတူညီသော ပန်းချီရေးဆွဲမှုအဆင့်များကို တာဝန်ပေးအပ်ပါ။ [၉]

- အုပ်စု (၁) - ရေးခြစ်နိုင်သည့်အဆင့် (Scribble Stage)
- အုပ်စု (၂) - အကြိုသရုပ်ဖော်နိုင်သည့်အဆင့် (Pre-schematic Stage)
- အုပ်စု (၃) - သရုပ်ဖော်နိုင်သည့်အဆင့် (Schematic Stage)
- အုပ်စု (၄) - စတင်၍ လက်တွေ့ပုံများ ဆွဲနိုင်သည့်အဆင့် (Dawning Realism Stage)
- အုပ်စု (၅) - သဘာဝပုံများ ဆွဲနိုင်သည့် အဆင့် (Pseudo-Naturalistic Stage)
- အုပ်စု (၆) - ဆုံးဖြတ်ချက် ချနိုင်သည့်အဆင့် (Decision Stage)

---

[၈] ကျောင်းသားများကို လေးစားစွာ ဆက်ဆံကူညီရမည်ဟု ဆိုလိုခြင်းမှာ ပညာရေးဘာသာတွင် အသေးစိတ်ဖော်ပြထားသည်အတိုင်း လူတိုင်းအကျုံးဝင်သင်ကြားခြင်းကို ဆိုလိုခြင်းဖြစ်သည်။

[၉] အုပ်စု တစ်စုစီသည် အဆင့် တစ်ခုထက်မက တာဝန်ယူနိုင်သည်။

၄။ အုပ်စုတစ်စုစီသည် မိမိတို့ တာဝန်ယူရမည့် ပန်းချီအနုပညာဖွံ့ဖြိုးတိုးတက်မှုအဆင့် တစ်ခုစီအတွက် ပေါ်လွင်စေသော ရုပ်ပုံကားချပ်များအား ပြင်ဆင်ရမည်ဖြစ်သည်။ ထို ရုပ်ပုံကားချပ်များတွင် သရုပ်ပြပန်းချီရုပ်ပုံနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်၏ ရှင်းလင်းချက်များ ပါဝင်ရမည်။ လက်ကမ်းစာစောင် (၆) ပါ အကြောင်းအရာများနှင့် လက်ကမ်းစာစောင် (၇) ၏ နောက်ဆုံးပိုင်းတွင် ထပ်လောင်းဖြည့်စွက်ထားသော အကြောင်းအရာများသည် ဤ ရုပ်ပုံကားချပ် ပြုလုပ်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

၅။ အုပ်စုတစ်စုစီမှ အဖွဲ့ဝင်တစ်ဦးစီသည် အတန်းသို့ ပြန်လည်တင်ပြမှုများ ပြုလုပ်သင့်သည်။ ကလေးများ ဖွံ့ဖြိုးတိုးတက်မှု၏ မည်သည့်အချက်များကို ဖော်ထုတ်ပြသသနည်း။

၆။ ရုပ်ပုံကားချပ်များကို စာသင်ခန်း နံရံတွင်ကပ်၍ ခင်းကျင်းပြသစေပြီး ကျောင်းသားများကို အဆင့် တစ်ဆင့်ချင်းစီကို ပြန်လှန်သုံးသပ်ပြီး ပန်းချီအနုပညာသင်ယူပုံ ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်ကို လေ့လာစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤစာသင်ချိန် အစပိုင်းတွင် ယခင်စာသင်ချိန်မှ သိရှိခဲ့သော ဗဟုသုတများကို ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းဖြင့် အကဲဖြတ်နိုင်သည်။ ရုပ်ပုံကားချပ်များ ပြုလုပ်သည့် သင်ယူမှုလုပ်ငန်းသည် ကျောင်းသားများ ဖွံ့ဖြိုးတိုးတက်မှု အဆင့်များ၏ နားလည်သဘောပေါက်မှုကို ပြသမည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ရုပ်ပုံကားချပ်ကို ဖန်တီးရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သင့်သည်။ သရုပ်ပြရုပ်ပုံများနှင့် အဆင့်တစ်ခုစီ၏ ရှင်းပြမှုများ ပါဝင်သင့်သည်။ ကျောင်းသားများကို မိမိ ကိုယ်ပိုင်စကားလုံးများဖြင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်များကို ထုတ်ဖော်ပြောဆိုနိုင်ကြောင်း ပြသစေပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များမှာ ကလေးများ၏ ပန်းချီရေးဆွဲမှုသည် အသက်အရွယ်အလိုက် တိုးတက်လာခြင်းကို ရှင်းပြနိုင်ရန်နှင့် ထိုအရာများသည် မူလတန်းသင်ရိုးညွှန်းတမ်းနှင့် မည်သို့ဆက်စပ်သည်ကို ရှင်းပြနိုင်ရန်ဖြစ်ကြောင်း သတိပေးပြောကြားပါ။

၂။ ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များကို ဖြန့်ဝေပါ။

၃။ ကျောင်းသားများကို ပန်းချီရေးဆွဲခြင်းနှင့် ဆေးခြယ်ခြင်း သင်ခန်းစာများသည် ကလေးများကို သင်ကြားရာတွင် မတူညီသော အဆင့်အလိုက် မည်သို့လေ့ကျင့်သင်ကြားရမည်ကို ကြည့်ရှုလေ့လာစေပါ။

၄။ ဥပမာအနေဖြင့် ဒုတိယတန်း အခန်း (၂) အခြေခံပုံသဏ္ဍာန်များ ရေးဆွဲခြင်းသည် ကျောင်းသားများ သရုပ်ဖော်နိုင်သည့် အဆင့်ရောက်အောင် သင်ကြားခြင်းဖြစ်သည်ကို ဖော်ဆောင်သည်။

၅။ ကျောင်းသားများကို အတန်းများအလိုက် အခြားနမူနာများကို ရှာဖွေစေပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများအတွက် ရုပ်ပုံများသည် ထင်ရှားစွာမြင်နိုင်စေရန် သေချာစွာပြင်ဆင်ပါ။ အတန်းကို မိမိ၏သီအိုရီများအားအကြံပြုရန် ဖိတ်ခေါ်အားပေးပါ။ ဤလုပ်ငန်းတွင် ကျိုးကြောင်းဆီလျော်သောအဖြေများအားလုံးကို လက်ခံပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ အုပ်စုများသည် အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး ဆက်သွယ်ပြောဆိုမှုများရှိစေရန် သေချာအောင်ပြုလုပ်ပါ။ အုပ်စုတွင်းရှိ အဖွဲ့ဝင်များအားလုံးသည် အဖြေစာရွက်များကို မြင်နိုင်အောင် သေချာပြုလုပ်ပေးပါ။ အချို့သော ကျောင်းသားများသည် အဖြေစာရွက်အား မိတ္တူကူးယူရန် လိုအပ်နိုင်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ဖတ်ရှုခြင်းအဆင့်တွင် ကျောင်းသားတစ်ဦးအား ရွေးချယ်ပြီး လုပ်ငန်းပေးစာရွက်ပါ အပိုင်းတစ်ခုစီကို အတန်းသို့ ကျယ်လောင်စွာ ဖတ်ရှုစေပါ။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများအားလုံး အကြောင်းအရာကို တူညီစွာရရှိရန် အခွင့်အလမ်းပေးမည်ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ အုပ်စုတစ်စုစီမှ ပြန်လည်တင်ပြခြင်းထက် ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းဖြင့် တက်ကြွသော သင်ယူမှုလုပ်ငန်းများကို ဖန်တီးနိုင်ပြီး ထိုသို့လုပ်ဆောင်ပါက ကျောင်းသားများ ကားချပ်ကြီးမှ အကြောင်းအရာများကို သင်ယူနိုင်ရန် သေချာစေမည့် စာသင်ခန်းစီမံခန့်ခွဲမှုများကို ဂရုပြုရန် လိုအပ်ပါသည်။

ကျောင်းသားများသည် ထပ်လောင်း၍သင်ယူမှု သုတေသနအရင်းအမြစ်များမှ မတူညီသော ဖွံ့ဖြိုးတိုးတက်မှုအဆင့်များကို ကြည့်ရှုနိုင်ပါသည်။ အောက်ပါ ဗီဒီယို (တက်ကြွစွာ သရုပ်ပြသင်ကြားမှုများ များစွာပါဝင်သော) အား အင်္ဂလိပ်ဘာသာဖြင့် စတင်ကြည့်ရှုလေ့လာနိုင်သည်။

https://thevirtualinstructor.com/stages-of-artistic-development.html

ကျောင်းသားကိုင်စာအုပ်တွင် ပန်းချီဆွဲခြင်း နှင့်ပတ်သက်ပြီး ပြီးပြည့်စုံစွာ ညွှန်ကြားချက်များနှင့် လေ့ကျင့်ခန်းများပါဝင်ပြီး ကျောင်းသားများကို ပန်းချီရေးဆွဲခြင်းအား အတတ်နိုင်ဆုံးလေ့ကျင့်ရန် အားပေးတိုက်တွန်းသင့်သည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ၁၉၈၇ ခုနှစ်တွင် ပညာရှင်များဖြစ်သည့် လိုဝန်ဖီးနှင့် ဘရီတန် (Lowenfeld & Brittain)လေ့လာမှုသည်မည်သည့်အရာများကိုပြသရန်ရည်ရွယ်ပါသနည်း။

***အဖြေ*** *ကလေးများ၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အလိုက် တီထွင်ဖန်တီးသည့် လက်မှုပညာ ဖွံ့ဖြိုးတိုးတက်မှု။*

**မေးခွန်း ၂။** မတူညီသော မျဉ်းအမျိုးအစားများကိုရေးဆွဲရန် လေ့ကျင့်မှုသည် အဘယ်ကြောင့် အရေးကြီးသနည်း။

***အဖြေ*** *လက်မှုပညာ ရေးဆွဲရာတွင် မျဉ်းများသည် အခြေခံကျသော အချက်ဖြစ်သည်။*

**မေးခွန်း ၃။** မည်သည့် သင်ယူမှုလုပ်ငန်းသည် ကျောင်းသားများအား အရေးနှင့် ပုံဆွဲခြင်း အတွက် ကူညီနိုင်ပါသနည်း။

***အဖြေ*** *ရုပ်ပုံများနှင့် အရာဝတ္ထုများကို အကွာရာ စကားလုံးများဖြင့် ဖန်တီးခြင်း။*

# ၃.၃။ လက်မှုပညာ

မြန်မာနိုင်ငံသည် လက်မှုပညာ ဖွံ့ဖြိုးသောနိုင်ငံဖြစ်သည်။ လက်မှုပညာသည် အနုပညာလက်ရာ တစ်ခုဟု သတ်မှတ်နိုင်သော်လည်း လက်မှုပညာကို မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သနည်း။ လက်မှုပညာသည် အနုပညာသည်တစ်ဦးမှ မိမိ၏အနုပညာလက်ရာများကို မည်ကဲ့သို့ပုံဖော်မည်၊ မည်သည့်အရာများကို အသုံးပြုမည်နှင့် အဘယ်ကြောင့်ပြုလုပ်မည် စသည်တို့ကို အသေးစိတ် တွေးခေါ်ပြီးမှ ဖန်တီးဖြစ်ပေါ်လာသည့် အရာဝတ္ထုဖြစ်သည်။ ထို့ကြောင့် ကလေးများသည် ကျွမ်းကျင်သည့် အနုပညာသည်များ ဖြစ်လာနိုင်ခြေ ရှိရှိ၊ မရှိရှိ မိမိပြုလုပ်လိုသော အရာဝတ္ထုများကို မည်ကဲ့သို့ ပုံဖော်ဖန်တီးရမည်နှင့် အဘယ်ကြောင့် ပြုလုပ်ရသည့် အကြောင်းအရင်းများကို တွေးတောသိရှိရန် လိုအပ်သည်။ ထိုသို့ တွေးတောသိရှိခြင်းသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အားပေးမည်။

ကလေးများသည် မိမိ၏အနုပညာလက်ရာများကို ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများဖြင့် ပေါင်းစပ် ဖန်တီးရခြင်းအား အလွန်စိတ်ဝင်စားကြပါသည်။ ကလေးများသည် သန့်စင်သောရွှံ့ကို ရှာဖွေရမည် ဖြစ်ပြီး ထိုရွှံ့များကို အခြားကိရိယာများ အသုံးမပြုဘဲ လက်ချောင်းများဖြင့်သာ အသုံးပြုပြီး မိမိ၏ ပတ်ဝန်းကျင်ရှိ အရာများကို ဖန်တီးရမည်ဖြစ်သည် (ပုံ ၃.၂၉)။ ကျေးလက်တောရွာမှ ကလေးအများစုသည် ဆောင်းရာသီတွင် စိုစွတ်နေသော မိမိ၏အနီးအနား လယ်ကွင်းပြင်မှ ရရှိသော ရွှံ့များကိုအသုံးပြုပြီး ကစားစရာပစ္စည်းများကို ပုံဖော်ဖန်တီးကြပါသည်။



**ပုံ ၃.၂၉. ရွှံ့များကိုအသုံးပြုပြီး ပြုလုပ်ထားသော တိရစ္ဆာန်များ**

ကလေးများသည် သဘာဝအားဖြင့် အနုပညာရသများကို ခံစားနိုင်သည့် စွမ်းရည်ရှိပြီး အနုပညာလက်ရာများ ဖန်တီးမှုအား အလွန်ပျော်ရွှင်ကြသည်။ ကလေးများသည် မိမိ၏လက်များဖြင့် ရုပ်ပုံများ၊ အရာဝတ္ထုများ၊ သို့မဟုတ် ကစားစရာများ ကိုပြုလုပ်မည့် ကျွမ်းကျင်မှုများ ရရှိအောင်သာ အချိန်အနည်းငယ် ယူရမည်ဖြစ်ပြီး သူတို့၏ စိတ်အားထက်သန်မှုများ တိုးတက်လာအောင် နှိုးဆွပေးရမည်သာ ဖြစ်သည်။ ထိုသို့ နှိုးဆွပေးခြင်းဖြင့် ကလေးများအား လွတ်လပ်စွာ စဉ်းစားသည့် အခွင့်အလမ်းများ၊ မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုနိုင်သည့် အခွင့်အလမ်းများနှင့် စိတ်ကူးစိတ်သန်းများကို ပုံဖော်နိုင်သည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

ဆရာကောင်းတစ်ဦးသည် ကလေးများ၏ ငုပ်နေသော အရည်အသွေးများအား ဖော်ထုတ်ရမည်ကို ကောင်းစွာနားလည်မည် ဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် ကလေးများအား အရာဝတ္ထုအမျိုးမျိုးကို အသုံးပြုပြီး ၎င်းတို့၏ စိတ်ကူးစိတ်သန်းများနှင့် ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန် လှုံ့ဆော်ရမည်။ ဆရာက မိမိ၏အတွေ့အကြုံများကို ပြောကြားနိုင်သော်လည်း ကလေးများသည် မိမိကိုယ်တိုင် လက်တွေ့စမ်းသပ်ရန်၊ လေ့လာဆန်းစစ်ရန်နှင့် ကိုယ်တိုင်စူးစမ်းရှာဖွေရန် အခွင့်အရေးရှိကြောင်းကို သတိပြုရမည်။

ကလေးတိုင်းတွင် မိမိ၏ပတ်ဝန်းကျင်ရှိ အရာများကိုသရုပ်ဖော်ပြီး အဓိပ္ပာယ်ရှိသော အနုပညာလက်ရာများကို ရွေးချယ်ပုံဖော်နိုင်သည့် စွမ်းရည်များ ရှိသည်။ ယေဘုယျအားဖြင့် ကလေးများအား မူလအတွေးအခေါ်များကို ဖော်ထုတ်နိုင်ရန်သာ စတင်အကူအညီပေးရမည်ဖြစ်ပြီး ထိုကလေးများသည် မိမိကိုယ်တိုင် ထိုအကြံဉာဏ်များကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်သွားနိုင်မည် ဖြစ်သည်။[၁၀]

## ၃.၃.၁။ မြန်မာ့ လက်မှုပညာ သမိုင်းကြောင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်

- မြန်မာ့လက်မှုပညာ သမိုင်းကြောင်းအား ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသည်။

(က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင် ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

**အချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

[၁၀] Andrews, M. F. (1966). Sculpture and Idea. New Jersey: Prentice Hall

**သင်ယူမှုနည်းလမ်းများ -** ဉာဏ်စမ်းမေးခွန်း၊ ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှု ဖြစ်စဉ်၊ အုပ်စုလိုက် ပြန်လည်တင်ပြခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** -လက်ကမ်းစာစောင်(၈)ကို ဖတ်ရှုရန်။ ကျောင်းသားများနှင့် ဆရာများသည် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၃.၃.၁) ကို ဖတ်ရှုရမည်။

**လိုအပ်သော ရင်းမြစ်များ -** လက်ကမ်းစာစောင် (၈) ၊ ကားချပ်ကြီး စာရွက်၊ ရေးမှတ်စရာ မှင်တံ။

သင်ယူမှု လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း (၁) - ဉာဏ်စမ်းမေးခွန်း** (၅ မိနစ်)

၁။ ကျောင်းသားများ၏ အကြိုသင်ခန်းစာဖတ်ရှုမှုအား နားလည်သဘောပေါက်မှုကို စစ်ဆေးရန် လက်ကမ်းစာစောင် တစ်ခုပေါ်တွင် သို့မဟုတ် သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါ မေးခွန်းငါးခုကို ပြင်ဆင်ထားပါ။

(က) ပျူခေတ်မှ လက်မှုပညာများ၏ အရွယ်အစားများကို မည်မျှသိရှိပါသနည်း။

(ပျူခေတ်မှ လက်မှုပညာများသည် အရွယ်အစား ကြီးမားကြသည်။)

(ခ) ပျူခေတ် လက်မှုပညာသည် များသည် ရွှေဖြင့် မည်သည်တို့ကို ပြုလုပ်ခဲ့ကြသနည်း။

(အောက်ဖော်ပြပါ မည်သည့်အဖြေကိုမဆိုလက်ခံသင့်သည်။ လက်ကောက်များ၊ ခြေချင်းများ၊ နားကွင်းများ (လက်ဝတ်ရတနာ) နှင့် ခေါင်းလောင်းများ)

(ဂ) မည်သည့် ခေတ်တွင် ပန်း (၁၀) မျိုးကို ကျယ်ပြန့်စွာ သိရှိခဲ့ကြပါသနည်း။(ပုဂံခေတ်)

(ဃ) ပုဂံခေတ်တွင် အရောင်များ အသုံးပြုမှုသည် မည်သို့တိုးတက်လာခဲ့ပါသနည်း။

(ပိုမိုတောက်ပသော အရောင်များကို အသုံးပြုလာကြသည်။)

(င) ယနေ့ခေတ် လက်မှုပညာများ၏ အရည်အသွေးအပေါ် ထင်မြင်ယူဆချက်များမှာ အဘယ်နည်း။

(အရည်အသွေးများသည် ယခင်ခေတ်များထက် ပိုမိုညံ့ဖျင်းလာကြသည်။)

၂။ အဖြေများကို ဖြေကြားရန် အချိန်ပိုမို လိုအပ်နိုင်သဖြင့် အချိန်အား ကန့်သတ်ထားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသားများသည် မိမိအနေဖြင့် အတန်းတွင် အဖြေများ ပြောကြားမှုကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်နိုင်သည်။ တစ်နည်းအားဖြင့် ကျောင်းသားများကို မိမိ၏ အဖြေများအား မှတ်စုစာအုပ်တွင် ရေးမှတ်စေပြီး ဆရာထံမှတစ်ဆင့်လည်း စစ်ဆေးနိုင်သည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**
အဖြေများကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း (၂) - ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှု ဖြစ်စဉ် (၁၅ မိနစ်)**

၁။ ပန်းဆယ်မျိုးဟု လူသိများသော မြန်မာ့ရိုးရာ လက်မှုပညာ၏ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သမိုင်းဆိုင်ရာ အရေးပါမှုအား အကျဉ်းချုပ် မိတ်ဆက်ပါ။

၂။ အတန်းကို အုပ်စု (၁၀) စု ဖွဲ့ပြီး လက်ကမ်းစာစောင်(၈) မြန်မာ့လက်မှုပညာအား အုပ်စုများသို့ ကြည့်ရှုရန် ညွှန်ကြားပါ။

၃။ အုပ်စုတစ်စုစီကို လက်မှုပညာကျွမ်းကျင်မှု (၁၀) မျိုးမှ ၁ မျိုးစီကို တာဝန်ယူပြီး ဆွေးနွေးလေ့လာစေပါ။ အုပ်စုတစ်စုစီကို မိမိတာဝန်ယူရမည့် ကျွမ်းကျင်မှုတစ်ခုစီအတွက် အကျဉ်းချုပ် ပြန်လည်တင်ပြနိုင်ရန် ပြင်ဆင်စေပါ။ ယခုတင်ပြရမည့် အကြောင်းအရာများအတွက် ကျောင်းသားကိုင်စာအုပ်မှ လက်ကမ်းစာစောင်(၈) အား ကိုးကားရမည် ဖြစ်ပြီး ကျောင်းသားများသည် အင်တာနက် စာမျက်နှာပေါ်တွင်လည်း လိုအပ်သော အချက်များကို ရှာဖွေနိုင်သည်။

၄။ အုပ်စုတစ်စု စီသည် (၂) မိနစ်စာ အကျဉ်းချုပ်တင်ပြမှုများ လုပ်ဆောင်နိုင်ရန် ပြင်ဆင်ရမည် ဖြစ်ပြီး တင်ပြရာတွင် အထောက်အကူပြုသော စာသင်ခန်းတွင် ချိတ်ဆွဲနိုင်သော ပိုစတာများကိုလည်း ပြင်ဆင်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုတစ်စုစီကို မိမိတို့တာဝန်ယူရမည့် လက်မှုပညာနှင့်ဆိုင်သော သတင်းအချက်အလက်များအား ဆန်းစစ်သည့် မေးခွန်းများ မေးခြင်းဖြင့် ထိရောက်သော အုပ်စုလိုက်ပြန်လည်တင်ပြမှုများ ဖြစ်ပေါ်စေရန် ကူညီထောက်ပံ့ခြင်းနှင့် ကြည့်ရှုလေ့လာခြင်းများ ပြုလုပ်ပေးပါ။ မိမိတို့ပတ်ဝန်းကျင်ရှိ နမူနာများအား စဉ်းစားစေပါ။ မိမိတို့တာဝန်ယူပြင်ဆင်ရသည့်လက်မှုပညာ၏ အရွယ်အစား၊ ခေတ်၊ တည်နေရာ၊ ရည်ရွယ်ချက်၊ အရည်အသွေး၊ ထုတ်ကုန်၊ ဖွံ့ဖြိုးမှု၊ ယနေ့ခေတ်နှင့် ယခင်ခေတ် နှိုင်းယှဉ်မှုများ စသည့် မတူညီသော အကြောင်းအရာများကို ပြောကြားနိုင်ရန် ပြင်ဆင်စေပြီး ကျောင်းသားများ နားလည်သဘောပေါက်မှု ရှိမရှိ ဆန်းစစ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုများအလိုက် ကျောင်းသားကိုင်စာအုပ်ပါအကြောင်းအရာများကို လက်ကမ်းစာစောင် (၈) နှင့် ၎င်းတို့၏ ကိုယ်ပိုင် သုတေသနလေ့လာတွေ့ရှိချက်များနှင့်ပေါင်းစပ်ပြီး အထူးပြု အသုံးချမည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃) - အုပ်စုလိုက် ပြန်လည်တင်ပြခြင်း (၂၅ မိနစ်)

၁။ အုပ်စုတစ်စုစီသည် လက်မှုပညာနှင့်ပတ်သက်ပြီး မိမိ၏ ဖတ်ရှုလေ့လာထားသော တွေ့ရှိချက်များနှင့် အချက်အလက်များကို ပြန်လည်တင်ပြရမည်။

၂။ အုပ်စုတစ်စုစီ ပြုလုပ်ထားသော ပိုစတာများကို ကျောင်းသားများအချင်းချင်း လှည့်လည်ကြည့်ရှုနိုင်ရန် စာသင်ခန်းတွင် ချိတ်ဆွဲထားစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်တင်ပြမှုများကို အကောင်းမြင်သော တုံ့ပြန်အကြံပြုချက်များပေးပြီး အထူးသဖြင့် မိမိတို့ကိုယ်တိုင် ရှာဖွေလေ့လာထားသော အဖွဲ့များကို အားပေးပါ။

အိမ်စာအလုပ်ပေးခြင်း ။ ။ ကျောင်းသားများကို မိမိတို့ပတ်ဝန်းကျင်ရှိ ရိုးရာလက်မှုပညာများကို ကြည့်ရှုလေ့လာပြီး မိမိ၏ဖုန်းများဖြင့် ဓာတ်ပုံများရိုက်ယူလာရန် စေခိုင်းပါ။[၁၁] ကျောင်းသားများကို နေ့စဉ်မြင်တွေ့ရသော မတူညီသော ရိုးရာလက်မှုပညာများကို စာရင်းပြုစုရန်နှင့် ပန်း (၁၀)မျိုး အားလုံး၏ နမူနာများကိုရှာဖွေရန် အားပေးမှုပြုပါ။ ကျောင်းသားများသည် ပန်း (၁၀) မျိုးထဲတွင် မပါဝင်သော နေ့စဉ်ဘဝတွင် မြင်တွေ့ရသော လက်မှုပညာများကို ထပ်လောင်းရှာဖွေတွေ့ရှိနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပြန်လည်တင်ပြမှုမှ သတင်းအချက်အလက်များသည် ကျောင်းသားကိုင်စာအုပ်နှင့် လက်ကမ်းစာစောင် (၈) ပါ အကြောင်းအရာများ ပေါင်းစပ်ထားသောအရာများ ဖြစ်သည်။

အိမ်စာအလုပ်ပေးခြင်းကို ဂျာနယ်မှတ်တမ်း သို့မဟုတ် ပြန်လည်သုံးသပ်သည့် မှတ်တမ်းများတွင် တင်ပြမည်ဖြစ်ပြီး စာသင်နှစ်တစ်လျှောက်တွင်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

---
[၁၁] သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာဖြင့် ဘက်စုံပေါင်းစပ်ထားသော သင်ယူမှု နမူနာ

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများကို သင်ခန်းစာ၏ သင်ယူမှုရလဒ်မှာ မြန်မာ့ရိုးရာ လက်မှုပညာများ၏ သမိုင်းကို ရှင်းပြနိုင်ရန်ဖြစ်ကြောင်း သတိပေးပြောကြားပြီး ယခုသင်ခန်းစာ၏ ဆရာ အတတ်ပညာ တတ်ကျွမ်းမှုစံများမှာ ဘာသာရပ်ဆိုင်ရာ ဗဟုသုတနှင့် ဆက်စပ်နေကြောင်း သတိပေးပြောကြားပါ။

၂။ ကျောင်းသားများသည် ထိုရိုးရာလက်မှုပညာများကို ဤသင်ခန်းစာတွင် ဉာဏ်စမ်းများ ဖြေဆိုခြင်းနှင့် လက်မှုပညာတစ်ခုစီအား အသေးစိတ် စူးစမ်းလေ့လာခြင်းဖြင့် သင်ယူခဲ့ပြီး ဖြစ်ကြောင်း သတိပေးပြောကြားပါ။

၃။ ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးအား လက်မှုပညာနှင့်ပတ်သက်ပြီး မည်သို့ သင်ယူလေ့လာနိုင်ကြောင်းအား မေးမြန်းပါ။ ထိုအရာများတွင် စာအုပ်များ၊ အင်တာနက်၊ အနုပညာရှင်များနှင့်စကားပြောခြင်း သို့မဟုတ် နေ့စဉ်ဘဝ၏ လက်မှုပညာလက်ရာများကို ခွဲခြမ်းစိတ်ဖြာခြင်းများ ပါဝင်နိုင်သည်။

၄။ မည်သည့် လက်မှုပညာများကို ပိုမိုသင်ယူရန်လိုအပ်ကြောင်း မိမိကိုယ်တိုင် စစ်ဆေး အကဲဖြတ်ခြင်းများ ပြုလုပ်စေပါ။

၅။ ဆက်လက်၍ လာမည့်အပတ်များတွင် ပိုစတာများကို လှည့်လည်ကြည့်ရှုရန် အချိန်ပေးခြင်း များပြုလုပ်ရန် သတိပေးပြောကြားပြီး မြန်မာ့ရိုးရာ လက်မှုပညာအမျိုးမျိုးကို ကိုယ်တိုင်လေ့လာရန် သတိပေးပြောကြားပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းအား ကူညီထောက်ပံ့ရာတွင် အတန်း၏ လိုအပ်ချက်များနှင့် အားသာချက်များ အပေါ်တွင် မူတည်ပြီး နည်းလမ်းများစွာ ရှိပါသည်။ အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားပြီး ရွေးချယ်နိုင်သည်။

- သင်ပုန်းပေါ်တွင် မေးခွန်းများရေးခြင်း သို့မဟုတ် လက်ကမ်းစာစောင်ဖြင့် မေးခွန်းများရေးခြင်း။
- မေးခွန်းများကို တစ်ခုပြီးတစ်ခု မေးခြင်း သို့မဟုတ် တစ်ပြိုင်နက်တည်းမေးခြင်း။
- အတန်းကိုတစ်ဝက်ခွဲပြီးအဖြေတစ်ခုစီကိုမှန်ကန်စွာ ဖြေနိုင်သောအဖွဲ့အားအမှတ်ပေးခြင်း။
- ကျောင်းသားများကို ရွေးချယ်ပြီး ဖြေဆိုစေခြင်း။
- ကျောင်းသားများကို အဖြေများအား လက်ကမ်းစာစောင်တွင် သို့မဟုတ် မှတ်စုစာအုပ်တွင် ရေးမှတ်စေခြင်း။
- မိမိကိုယ်တိုင် စစ်ဆေးအကဲဖြတ်နိုင်ရန် အဖြေများကို အတန်းသို့ ပြောကြားခြင်း သို့မဟုတ် ရေးမှတ်ထားသော အဖြေများကို အမှတ်ပေးရန် စုစည်းခြင်း။

**သင်ယူမှုလုပ်ငန်း ၂။** ။ အချိန်နှင့် ရင်းမြစ်များအပေါ်တွင် အခြေခံပြီး ကျောင်းသားများကို မိမိတို့ ကိုယ်ပိုင်အချိန်တွင် သုတေသနများ ထပ်မံပြုလုပ်ရန် လမ်းဖွင့်ပေးပြီး ဆက်လက်၍မိမိတို့ ပိုစတာတွင် ဖြည့်စွက်စေပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ မတူညီသော သင်ယူမှုပုံစံအမျိုးမျိုး (အမြင်၊ အကြားနှင့် ခံစားမှု အာရုံ) မှ သင်ယူနိုင်ရန် ပိုစတာများကို ခင်းကျင်းပြသထားမှုများ သေချာစွာ ပြုလုပ်ပါ။

# ၃.၃.၂။
# မြန်မာ့ လက်မှုပညာအား သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်**

- မူလတန်းကျောင်းများတွင် လက်မှုပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- မူလတန်းသင်ရိုးတွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ပြောကြားတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာ များကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင်သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများအားဖြင့်လည်း ကောင်း၊ မိမိ၏လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် နှစ်ချိန်

**သင်ယူမှုနည်းလမ်းများ** - ဗီဒီယို ပြသခြင်း၊ တစ်ဦးချင်း လုပ်ငန်းများ၊ အတန်းအလိုက် ဆွေးနွေးခြင်း၊ ပြန်လည် တင်ပြခြင်း၊ ပြန်လည် သုံးသပ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ဒုတိယတန်း ဗီဒီယိုသင်ခန်းစာ၊ အခန်း-၃၊သင်ခန်းစာ-၅၊ပန်းချီအနုပညာ-စက္ကူကိုအသုံးပြု၍လက်မှုပစ္စည်းများပြုလုပ်ခြင်းအား ပြသနိုင်ရန် ပြင်ဆင်ခြင်း သို့မဟုတ် Download ဆွဲခြင်းများ ပြုလုပ်ထားပါ။

https://www.youtube.com/watch?v=Ng44-n3xC10&feature=youtu.be

**လိုအပ်သော ရင်းမြစ်များ** - ဒုတိယတန်း ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန် ၊ လက်ကမ်းစာစောင် (၉)၊ ပညာရေးကောလိပ် ကျောင်းသား တစ်ဦးစီအတွက် - A4 စက္ကူ စာရွက် တစ်ဝက်၊ A4 စက္ကူ လေးပုံ တစ်ပုံ၊ သတင်းစာ အပိုင်းအစများ၊ ကတ်ကြေး၊ ကော်၊ ရောင်စုံ ခဲတံများ။

## သင်ယူမှုလုပ်ငန်းများ

### စာသင်ချိန် (၁)

#### သင်ယူမှုလုပ်ငန်း (၁) - ဗီဒီယိုသင်ခန်းစာအား ကြည့်ရှုလေ့လာခြင်း (၂၀ မိနစ်)

၁။ သင်ခန်းစာအကြောင်းအရာများကို ကျောင်းသားများအား မိတ်ဆက်ပြီး မြန်မာနိုင်ငံ၏ လက်မှုပညာများကို မူလတန်းကျောင်းသားများအား မိတ်ဆက်သင်ကြားနိုင်ရန်အတွက် ကျောင်းသားများအား မိမိကိုယ်တိုင် လက်တွေ့လုပ်ဆောင်ရန် လိုအပ်ကြောင်းကို အားပေးတိုက်တွန်းပါ။ ကျောင်းသားများအား မူလတန်းစာသင်ခန်းထဲတွင် မူလတန်း ကျောင်းသားများအား စက္ကူဖြင့်ပန်းပုံများဖန်တီးမှုကို ပြသနေသော မိနစ်၂၀ခန့် ရှိသော ဗီဒီယိုသင်ခန်းစာအား ကြည့်ရှုရမည်ဖြစ်ကြောင်းကို ရှင်းပြပါ။

၂။ ကျောင်းသားများအားလက်ကမ်းစာစောင် (၉) သင်ခန်းစာကြည့်ရှုလေ့လာရမည့်အချက်များ ကို ရည်ညွှန်းပါ။

၃။ ကျောင်းသားများကို ဗီဒီယိုကြည့်ရှုရန် ညွှန်ကြားပြီး သင်ခန်းစာ (၃.၁.၁) တွင် ပြုလုပ်ခဲ့သည် အတိုင်း သင်ခန်းစာအား ကြည့်ရှုလေ့လာနေစဉ် သင်ခန်းစာ၏ မိတ်ဆက်ခြင်း၊ ဖန်တီး လုပ်ဆောင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း စသည့်အကြောင်းအရာများကို သေချာစွာ ကြည့်ရှုလေ့လာပြီး လုပ်ငန်းပေးစာရွက်တွင် မှတ်စုများ ရေးသားစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ မှတ်စုများကို ကြီးကြပ်လေ့လာပါ။ ထပ်လောင်း စစ်ဆေးအကဲဖြတ်မှုများသည် နောက်လာမည့် သင်ယူမှုလုပ်ငန်းတွင် လုပ်ဆောင်ရမည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် အဆင့်သုံးဆင့်နှင့်ပတ်သက်ပြီး သင်ခန်းစာ၏ အချို့သော အသေးစိတ် အချက်များကို ခွဲခြားနိုင်သင့်သည်။ ၎င်းတို့သည် ဆရာက မည်သို့လုပ်ဆောင်သည်နှင့် ကျောင်းသားများ မည်သို့လုပ်ဆောင်သည်ကိုလည်း အကြံပေးမှုများ လုပ်နိုင်သည်။

## သင်ယူမှုလုပ်ငန်း (၂) - မူလတန်း ပြဋ္ဌာန်းစာအုပ်များနှင့် ကြည့်ရှုလေ့လာမည့် သင်ခန်းစာအား နှိုင်းယှဉ်ခြင်း (၂၀ မိနစ်)

၁။ အတန်းကို ကျောင်းသား ငါးယောက် သို့မဟုတ် ခြောက်ယောက်ပါဝင်သော အဖွဲ့များ ဖွဲ့ပါ။

၂။ ဒုတိယတန်း ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များကို အုပ်စုများအတွက် ဖြန့်ဝေပြီး ဗီဒီယိုသင်ခန်းစာနှင့် နှိုင်းယှဉ်ပါ။

၃။ ကျောက်သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း နှိုင်းယှဉ်သည့် ဇယားကွက်အား ရေးဆွဲပါ။[၁၂]

| သင်ခန်းစာ သင်ယူမှု အဆင့် | ဗီဒီယို | မူလတန်း ပြဋ္ဌာန်းစာအုပ် |
|---|---|---|
| မိတ်ဆက်ခြင်း | *ကြည့်ရှုလေ့လာတွေ့ရှိချက်*<br>*ကြည့်ရှုလေ့လာတွေ့ရှိချက်* | *ကြည့်ရှုလေ့လာတွေ့ရှိချက်*<br>*ကြည့်ရှုလေ့လာတွေ့ရှိချက်* |
| ဖန်တီးလုပ်ဆောင်ခြင်း | *ကြည့်ရှုလေ့လာတွေ့ရှိချက်*<br>*ကြည့်ရှုလေ့လာတွေ့ရှိချက်* | *ကြည့်ရှုလေ့လာတွေ့ရှိချက်*<br>*ကြည့်ရှုလေ့လာတွေ့ရှိချက်* |
| ပြန်လည်သုံးသပ်ခြင်း | *ကြည့်ရှုလေ့လာတွေ့ရှိချက်*<br>*ကြည့်ရှုလေ့လာတွေ့ရှိချက်* | *ကြည့်ရှုလေ့လာတွေ့ရှိချက်*<br>*ကြည့်ရှုလေ့လာတွေ့ရှိချက်* |

၄။ ကျောင်းသားများကို ဗီဒီယိုနှင့် ဒုတိယတန်းပြဋ္ဌာန်းစာအုပ် သို့မဟုတ် ဆရာလမ်းညွှန်များထဲရှိ သင်ခန်းစာ၏ မိတ်ဆက်ခြင်း၊ ဖန်တီးလုပ်ဆောင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း စသည့် အဆင့်များတွင် မည်သည်တို့ကို တွေ့ရှိရသည်ကို နမူနာများဖြင့် ပြောကြားစေပါ။

၅။ ကျောင်းသားများကို ဗီဒီယိုသင်ခန်းစာနှင့် စာအုပ်များအကြား တူညီမှုများနှင့် ကွဲပြားခြားနားမှုများအား ခွဲခြားသတ်မှတ်စေပါ။

[၁၂] ကြည့်ရှုလေ့လာတွေ့ရှိချက်နေရာတွင် သင်ခန်းစာ၏ အပိုင်းတစ်ခုစီအတွက် မည်သည့်အရာများ ဖြစ်ပေါ်သည် စသည့် ကျောင်းသားများ၏ အတွေးအခေါ်များကို ရေးသားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတွေးအခေါ်များအား စုစည်းနေစဉ် နှင့် သင်ပုန်းပေါ်တွင် ရေးသားနေစဉ် အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း နှင့် မိမိကိုယ်တိုင် စစ်ဆေးအကဲဖြတ်မှုများသည် ကျောင်းသားများ မိမိ၏ အတွေးအခေါ်နှင့် သူငယ်ချင်းများအား နှိုင်းယှဉ်နေစဉ်တွင် ဖြစ်ပေါ်နေပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ယူမှုလုပ်ငန်း (၁) ကို ကြည့်ရှုပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို ဤစာသင်ချိန်၏ သင်ယူမှုရလဒ်များမှာ မူလတန်း သင်ရိုးညွှန်းတမ်း၏ သင်ယူမှုလုပ်ငန်း နမူနာများကိုပြောကြားနိုင်ရန် ဖြစ်ကြောင်း အသိပေး ပြောကြားပါ။

၂။ ဆရာအတတ်ပညာ တတ်ကျွမ်းမှု စံအညွှန်းဘောင်ဖြစ်သော (ဃ) (၂.၁) အခြားဆရာများ ထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာစွမ်းရည် ဖွံ့ဖြိုး တိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည် စသည့်အချက်များအား ထောက်ပြပါ။

၃။ ကျောင်းသားများကို ကျွမ်းကျင်သော မူလတန်းဆရာတစ်ဦးမှ ကျောင်းသားများကို အချက်အလက်များ သင့်လျော်စွာ၊ တက်ကြွစွာနှင့် ဆက်စပ်သင်ကြားနိုင်အောင် သင်ခန်းစာ အား ညှိယူကာ သင်ကြားနေသော ဗီဒီယိုသင်ခန်းစာအားကြည့်ရှုပြီးဖြစ် ကြောင်း သတိပေး ပြောကြားပါ။

၄။ နှစ်ယောက်တစ်တွဲစီဗီဒီယိုတွင် ဆရာလမ်းညွှန်မှ ညွှန်ကြားချက်အတိုင်း တူညီစွာ လုပ်ဆောင်သော အချက်တစ်ချက်နှင့် မတူညီသောအချက်တစ်ချက်စီကို ခွဲခြားသတ်မှတ် ခြင်းဖြင့် ဤသင်ခန်းစာအား အနှစ်ချုပ်စေပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁ ။** ။ ကျောင်းသားများသည် အဆင့်တစ်ဆင့်စီအတွက် အဓိကအချက်များကို ခွဲခြားရန် ခက်ခဲနေပါက *ဤအဆင့်သည် မည်သည့်အဆင့် ဖြစ်သနည်း။ ဆရာက မည်သည်ကို ပြုလုပ်နေသနည်း။* စသည့် မေးခွန်းများမေးမြန်းခြင်းများဖြင့် ကူညီထောက်ပံ့ပေးပါ။

အတန်းတွင် ဗီဒီယိုသင်ခန်းစာအားကြည့်ရှုရန် ကိရိယာများ မပြည့်မီပါက အောက်ဖော်ပြပါ အချက်များကို စဉ်းစားပါ။

- မိမိကိုယ်တိုင် သင်ခန်းစာကို သရုပ်ပြသင်ကြားခြင်း။
- သင်ခန်းစာမတိုင်မီ မိမိ၏ဖုန်းများဖြင့် ဗီဒီယိုသင်ခန်းစာအား ကြည့်ရှုစေခြင်း။

**သင်ယူမှုလုပ်ငန်း ၂ ။** ။ အတန်း၏ အတွေးအမြင်များကို ကျောက်သင်ပုန်းပေါ်တွင် ရေးသားခြင်းဖြင့် ကျောင်းသားများအားလုံး အချက်အလက်များကို သိရှိအောင် ပြုလုပ်ပါ။ ဉာဏ်ရည်မြင့်သော ကျောင်းသားများကို ဤသင်ခန်းစာအား ၎င်းတို့အနေဖြင့် ပိုမိုကွဲပြားခြားနားစွာ သင်ကြားနိုင်မည့် နည်းလမ်းများကို အကြံပြုရန် အားပေးဖိတ်ခေါ်မှု ပြုလုပ်ပေးပါ။

## စာသင်ချိန် (၂)

### သင်ယူမှုလုပ်ငန်း (၃) - နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း (လက်တွေ့လုပ်ဆောင်ခြင်း) (၃၀ မိနစ်)

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ တွဲပါ။ နှစ်ယောက်အတွဲ တစ်တွဲမှ တစ်ဦးသည် ဆရာအနေဖြင့် လုပ်ဆောင်ပြီး ကျန်တစ်ဦးသည် ကျောင်းသားအနေဖြင့် လုပ်ဆောင်စေပါ။

၂။ ပန်းနှင့် ပန်းအိုးပြုလုပ်ရန် လိုအပ်သော ရင်းမြစ်များကို ဖြန့်ဝေပါ။

၃။ နှစ်ယောက်တစ်တွဲစီ၏ ဆရာသည် ဗီဒီယိုသင်ခန်းစာနှင့် ဆရာလမ်းညွှန်ပါ ညွှန်ကြားချက်များအတိုင်း တပည့်များကို ပန်းနှင့်ပန်းအိုးကို မည်ကဲ့သို့ ပြုလုပ်ရမည်ကို ညွှန်ကြားချက်များ ပေးရမည်ဖြစ်ပြီး သင်ခန်းစာ၏ အရေးကြီးသော အပိုင်းသုံးပိုင်းဖြစ်သော မိတ်ဆက်ခြင်း၊ ဖန်တီး လုပ်ဆောင်ခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း စသည်တို့ ပါဝင်ရမည် ဖြစ်သည်။ ကျောင်းသားအနေဖြင့် လုပ်ဆောင်သူသည် ဆရာ၏ ညွှန်ကြားချက်အတိုင်း လိုက်နာပြီး ပန်းအိုးနှင့်ပန်းများ ကို ပြုလုပ်စေပါ။

၄။ ဆရာများကို သင်ခန်းစာအား သတ်မှတ်ထားသော အတန်းချိန်အတွင်း ပြီးမြောက်စေရန် ကူညီထောက်ပံ့ပေးပါ။ ကျောင်းသားများ၏ အချိန်စီမံခန့်ခွဲမှုကို ကူညီရန် အချိန်ကျန်ရှိမှုကို သတိပေးပြောကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အကောင်းမြင်သော တုံ့ပြန်အကြံပြုချက်များကို ကြိမ်ဖန်များစွာပေး၍ ကြီးကြပ်ပါ။ ဤသင်ယူမှုလုပ်ငန်းသည် ပျော်စရာကောင်းသော်လည်း ကျောင်းသားများအနေဖြင့် လက်တွေ့ သင်ကြားရေးအတွေ့အကြုံများမရှိပါက ခက်ခဲမှုများနှင့် စိတ်ရှုပ်ထွေးမှုများလည်း ရှိနိုင်သည်။ လိုအပ်ပါက သင်ကြားသင်ယူမှု အစီအစဉ်များ၏ ခက်ခဲနိုင်သောအချက်များကို သရုပ်ဖော် ပြသပေးပါ။

**အိမ်စာအလုပ် ။** ။ ကျောင်းသားများကို မူလတန်း ပြဋ္ဌာန်းစာအုပ်များမှ အခြားသင်ခန်းစာကို ရွေးချယ်စေပြီး သင်ခန်းစာတွင် တွေ့မြင်ရသော အဆင့်သုံးဆင့်အား မှတ်သားစေပါ။ အခြား ဗီဒီယိုသင်ခန်းစာများသည်လည်း အောက်ပါလင့်ခ်တွင် တွေ့ရှိနိုင်သည်။

https://www.youtube.com/channel/UC0pW4hIlFEAbZiN_4ez9hRA/videos

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အမြေများ

ကျောင်းသားများသည် ဗီဒီယိုသင်ခန်းစာပါ အချို့သောအချက်များကို ထပ်ခါထပ်ခါ လုပ်ဆောင်နိုင်သည်။ သင်ခန်းစာ၏ သင်ယူမှု အဆင့် သုံးဆင့်ကို သရုပ်ပြရန် ရည်ရွယ်သင့်သည်။

## သင်ယူမှုလုပ်ငန်း (၄) - ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို မိမိတို့ ဖန်တီးမှုများအား အတန်းသို့ပြသစေပါ။

၂။ သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါ ဆွေးနွေးရမည့် အချက်များကို ရေးသားပါ။

- *ဆရာ - မိမိ၏ကျောင်းသားများကို မည်သို့ ကူညီထောက်ပံ့နိုင်ကြောင်း ရှင်းပြပါ။*
- *ကျောင်းသား - သင်ယူသူအနေဖြင့် မည်သို့ခံစားရသည်ကို ရှင်းပြပါ။*

၃။ ဆရာနှင့် ကျောင်းသားသုံးယောက် သို့မဟုတ် လေးယောက်အား အတန်းသို့ အကြံပြုချက်များပေးရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းအတွက် အရေးကြီးပါသည်။ ကျောင်းသားများသည် ပြုလုပ်မှုများကို အချင်းချင်းအကဲဖြတ်ခြင်းထက် သင်ပုန်းပေါ်တွင် ရေးထားသောအချက်များကို အလေးပေးရန်နှင့် မိမိကိုယ်ကို ပြန်လည်သုံးသပ်ရန် သေချာစေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ နှင့် ဆရာများ အနေဖြင့် သရုပ်ပြသူများသည် မိမိ၏ ခံစားချက်များကို ဖော်ပြရန် အခွင့်အလမ်းများ ရှိသည်။ သို့သော် ကျောင်းသားများ အားလုံးသည် မိမိ၏ ရင်ထဲမှ ခံစားချက်များကို ဖော်ပြလိုစိတ်မရှိမှုများ ဖြစ်နိုင်သဖြင့် ဂရုပြု ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများကို ယခုစာသင်ချိန်သည် ဆရာအတတ်ပညာ တတ်ကျွမ်းမှုစံ အညွှန်းဘောင်မှ (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်အား အလေးပေးထားကြောင်း သတိပြု ပြောကြားပြီး လူပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ လက်တွေ့သင်ကြားခြင်း အတွေ့အကြုံများသည် မရှိမဖြစ် အရေးပါကြောင်း သတိပေး ပြောကြားပါ။

၂။ ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများအပိုင်းတွင် လေ့လာခဲ့သည်များကိုစဉ်းစားပြီး ကျောင်းသားများကို မိမိ၏သင်ခန်းစာများကို မည်သို့ ပိုမို ကောင်းမွန်စွာ သင်ကြားနိုင်မှုအား ပြန်လည်သုံးသပ်စေပါ။ မည်သို့မတူညီဘဲ လုပ်ဆောင်မည်နည်း။ မည်သည့်အရာများကို ကောင်းစွာပြုလုပ်ခဲ့သနည်း။ ကျောင်းသား ဖြစ်ပါက မိမိ၏ တွဲဖက်ဆရာအား မည်သို့အကြံပြုမည်နည်း။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၃။** ။ ဆရာများကို အဓိက သင်ကြားနည်းဗျူဟာများကို သင်ပုန်းပေါ် တွင် ရေးသားခြင်းဖြင့် ကူညီထောက်ပံ့ပေးပါ။

- *သင်ကြားမှုအဆင့် သုံးဆင့်အား မှတ်သားရန်။*
- *ရှင်းလင်းသော အတိုချုပ်ညွှန်ကြားချက်များ ပေးရန်။*
- *ကျွမ်းကျင်မှုများကို သရုပ်ဖော်ပြီး မိမိ၏ ကျောင်းသားများအား တူညီသောကျွမ်းကျင်မှုဖြင့် သရုပ်ဖော်စေပါ။*

ကျောင်းသားနှင့်ဆရာသည် ပြဿနာတစ်စုံတစ်ခု ကြီးကြီးမားမားရှိပါက အခန်းကဏ္ဍကို ပြောင်းလဲ တာဝန်ယူနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ ကျောင်းသားများသည် မိမိ၏ ရင်တွင်းခံစားချက်များကိုမျှဝေရန် တွန့်ဆုတ်နေပါက အမည်မသိသူအနေဖြင့် ရေးသားစေခြင်းများပြုလုပ်နိုင်သည်။ ကျောင်းသားများကို စာရွက်ငယ်များပေးပြီး စာကြောင်းတစ်ကြောင်းစီဖြင့် မည်သို့ခံစားရသည်ကို ရေးသားစေပါ။ မိမိ၏အမည်အား ရေးသားရန်မလိုအပ်ပေ။ ထိုစာရွက်များကို စုစည်းပါ။ ထိုအချက်သည် အတန်းတွင် အမှန်တကယ်သင်ကြားခြင်းနှင့်ပက်သက်ပြီး မည်သို့ခံစားရသည်ကို ယေဘုယျ ခြုံငုံပေးမည့် အရာပင်ဖြစ်သည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ပျူ ဆိုသည်မှာ မည်သူနည်း။

**အဖြေ** *ပျူလူမျိုးများသည် ရှေးအကျဆုံး ဘုရင်နိုင်ငံဖြစ်သော ဗိဿနိုး၊ ဟန်လင်း နှင့် သရေခေတ္တရာ ခေတ်များကို တည်ထောင်ခဲ့သည်။ သူတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို မြန်မာနိုင်ငံအနှံ့တွင် တွေ့ရှိနိုင်သည်။ ထိုပျူလူမျိုးများသည် ပုဂံခေတ် အချိန်ထိအောင် အောင်မြင်ခဲ့ပြီး ထိုသူများ၏ ဘာသာနှင့် စာပေများကို ပုဂံအင်ပါယာတွင် ဆက်လက်အသုံးပြုခဲ့ကြသည်။ (ဦးသိန်းလှိုင်၊ ၂၀၁၆)*

**မေးခွန်း ၂။** ပျူခေတ်တွင် မည်သည့်လက်မှုပညာများ ထွန်းကားခဲ့သနည်း။

**အဖြေ** *ယေဘုယျအားဖြင့် ပျူခေတ်တွင် လက်မှုပညာ ခြောက်မျိုး ထွန်းကားခဲ့ပါသည်။ ပန်းပဲ၊ ပန်းချီ၊ ပန်းရန်၊ ပန်းတော့၊ ပန်းတဉ်း၊ ပန်းတမော့ စသည်တို့ဖြစ်သည်။*

**မေးခွန်း ၃။** ပုဂံသည် ကမ္ဘာလှည့်ခရီးသည်များအတွက် အဘယ်ကြောင့် ထင်ရှားကျော်ကြားသည့် နေရာဖြစ်သနည်း။

**အဖြေ** *ကမ္ဘာလှည့်ခရီးသည်များသည် ပုဂံရှိ ဘာသာရေးအဆောက်အအုံများ၏ လက်ရာများကို ကြည့်ရှုရန် လာရောက်ခြင်းဖြစ်သည်။ ပန်းရံ၊ ဗုဒ္ဓဝင် ပုံပြင်၊ ပြခန်းများ၊ နံရံပန်းချီများ၊ ပန်းပုများကို ရှေးခေတ် စေတီ၊ ပုထိုး၊ ဘုရားနှင့် ဘုန်းကြီးကျောင်းများတွင် တွေ့နိုင်သည်။*

# ၃.၄။ မြန်မာ့ ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှု

ဤအခန်းငယ်တွင် သင်နှင့် ကျောင်းသားများသည် မြန်မာ့အနုပညာအား ခေတ်အလိုက် လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုရှုထောင့်မှ လေ့လာရမည်ဖြစ်သည်။ ရသခံစားတန်ဖိုးထားမှု၏ အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုနိုင်ပြီး ထိုရသခံစားတန်ဖိုးထားမှုသည် မိမိအနေဖြင့် ကြိုက်သည် မကြိုက်သည်ကိုသာ ဆိုလိုခြင်းမဟုတ်ပေ။ ထိုရသခံစား တန်ဖိုးထားမှုသည် အနုပညာ၏ ဇာစ်မြစ်၊ အမွေအနှစ်နှင့် တိုးတက်လာမှုကို နားလည်သဘောပေါက်ခြင်း၊ မိမိ၏ ခံစားချက်ကို ဖော်ပြနိုင်ခြင်း နှင့် ထိုအနုပညာလက်ရာများသည် မိမိ၏ ခံစားချက်များကို မူလတန်းစာသင်ခန်းထဲတွင် မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို ရှင်းပြနိုင်ခြင်း စသည်တို့ဖြစ်သည်။

## ၃.၄.၁။
## မြန်မာ့ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှုအား ရှင်းပြခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်

- မူလတန်းကျောင်းများတွင် ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှုအား သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁)ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

**အချိန် -** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ -** အုပ်စုဖွဲ့လုပ်ငန်း၊ နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း၊ ပြန်လှန်ရည့်လည်ကြည့်ရှု သင်ယူခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** လက်ကမ်းစာစောင် (၁၀) ကို ဖတ်ရှုရန်။ ပထမစာသင်နှစ် သင်ခန်းစာ (၁.၂.၁) မှ လက်ကမ်း စာစောင် (၃) ကို ဖတ်ရှုရမည်။

**လိုအပ်သောရင်းမြစ်များ -** ကားချပ်ကြီး စာရွက်၊ ဘောပင်များ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - ဉာဏ်ဖွင့် ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို ရသခံစားတန်ဖိုးထားမှုအား မည်သို့ နားလည်သည်ကို မေးမြန်းပါ။ အတန်း တစ်တန်းလုံး ဉာဏ်ဖွင့်ဆွေးနွေးမှုများ လုပ်ဆောင်ပြီး သင်ပုန်းပေါ်တွင် အတန်း၏ အကြောင်းအရာ ဆက်စပ်ပြပုံ ကို ရေးသားပါ။

၂။ ကျောင်းသားများကို အနုပညာအား အဘယ်ကြောင့် ရသခံစားတန်ဖိုးထားသည်ကို မေးမြန်းပါ။ ဥပမာ - 'အနုပညာ၏ လုပ်ငန်းများသည် မိမိအား မည်သို့ ခံစားစေပါသနည်း။ မတူညီသော အနုပညာ အမျိုးအစားများသည် မည်သည့် တွေးတောမှုများပေးပါသနည်း။' ကျောင်းသားများကို အနုပညာ၏ အမျိုးအစားအားလုံးဖြစ်သော နိုင်ငံတကာ နှင့် မြန်မာ၊ ရိုးရာ နှင့် ခေတ်သစ်များကို စဉ်းစားရန် သတိပေး ပြောကြားပါ။

၃။ ကျောင်းသားများကို သင်ခန်းစာ (၁.၂.၁) မှ လက်ကမ်းစာစောင် (၃) လုပ်ငန်းပေးစာရွက် (၃) ကို ကြည့်ရှုစေပါ။

၄။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီလုပ်ဆောင်စေပြီး နယ်ပယ် (၃) ရသခံစား တန်ဖိုးထားခြင်းအား ဆွေးနွေးစေပါ။ ကျောင်းသားများသည် အောက်ဖော်ပြပါ မေးခွန်း အတွက် အဖြေများကို ဖော်ထုတ်သင့်သည်။ *'မြန်မာ့ပန်းချီအနုပညာအား ရသခံစား တန်ဖိုးထားမှုသည် မူလတန်းကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါသနည်း။'*

၅။ ကျောင်းသားသုံးယောက် သို့မဟုတ် လေးယောက်အား ဆွေးနွေးမှုများကို မျှဝေစေပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းအတွက် အဖြေမှန်တစ်ခုတည်းမရှိပါ။ မည်သည့် ကျိုးကြောင်းဆီလျော်သော အတွေး အခေါ်များကိုမဆို လက်ခံသင့်သည်။ တီထွင်ဖန်တီးသည့် စဉ်းစားမှုများအတွက် ချီးကျူးပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် မတူညီသော အနုပညာအမျိုးအစားများအတွက် မိမိခံစားချက်များ၏ အတွေ့အကြုံများကို ပြောကြားသင့်သည်။ သင်ယူမှုလုပ်ငန်း၏ ဒုတိယအပိုင်းတွင် အမျိုးဂုဏ်ဆောင်ရန် ထိန်းသိမ်းမှု၊ ယဉ်ကျေးမှုနှင့် သမိုင်းကို နားလည်သဘောပေါက်မှု၊ တီထွင်ဖန်တီးမှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှုများကို အားပေးတိုက်တွန်းမှု စသည့်ရှုထောင့်များဖြင့် ဆွေးနွေးသင့်သည်။

## သင်ယူမှုလုပ်ငန်း (၂) - အုပ်စုဖွဲ့လုပ်ငန်း (၂၅ မိနစ်)

၁။ ကျောင်းသားများကို လက်ကမ်းစာစောင်(၁၀) ပန်းချီအနုပညာအား ရသခံစားတန်ဖိုးထားမှုအား ရည်ညွှန်းပြီး ပထမနှစ်ဝက် (သင်ခန်းစာ ၁.၂.၁) တွင် မိတ်ဆက်သင်ကြားခဲ့သော နယ်ပယ်အလိုက် အတန်းအလိုက်ရည်ရွယ်ချက်များနှင့် အတန်းအလိုက် သင်ယူမှု အကြောင်းအရာများကို အကျဉ်းချုပ် ပြန်လည် မှတ်သားစေပါ။

၂။ အတန်းကို အုပ်စု ၁၀ စုဖွဲ့ ပြီး အုပ်စု နှစ်စုသည် အတန်းတစ်တန်းစီကို တာဝန်ယူရမည်။ အုပ်စုတစ်စုစီကို သက်ဆိုင်ရာ ကျောင်းသားကိုင်စာအုပ် နှင့် ဆရာလမ်းညွှန်အား ဖြန့်ဝေပါ။ ကျောင်းသားများသည် အတန်းအလိုက် ရည်ရွယ်ချက်များ နှင့် အတန်းအလိုက် သင်ယူမှု အကြောင်းအရာများကို မိမိတို့တာဝန်ယူရမည့် ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်များတွင် မည်သို့အောင်မြင်ပေါက်မြောက်အောင် ရေးသားထားသည်ကို ကြည့်၍ နမူနာများ ရှာဖွေစေပါ။

၃။ အုပ်စု တစ်စုစီကို စာရွက်ကြီးနှင့် ဘောပင်များ ဖြန့်ဝေပါ။ ကျောင်းသားများကို သရုပ်ပြပုံများဖြင့် အတန်းအလိုက် ရည်ရွယ်ချက်များနှင့် သင်ယူမှုအကြောင်းအရာများကို သင်ခန်းစာတစ်ခု သို့မဟုတ် တစ်ခုမက ဖော်ပြရန် ညွှန်ကြားပါ။[၁၃]

၄။ အုပ်စုများကို အတန်းအလိုက် ရည်ရွယ်ချက်များနှင့် အတန်းအလိုက် သင်ယူမှု အကြောင်းအရာများအား သင်ခန်းစာတစ်ခုစီတွင် မည်သို့တင်ပြထားသည်ကို နားလည် သဘောပေါက်ရန် ကူညီထောက်ပံ့ပေးပါ။

[၁၃] ဂရပ်ဖစ်ပုံ အသုံးပြုသင်ကြားခြင်းကို သရုပ်ပြပေးရန် လိုအပ်နိုင်ပါသည်။ ဤလမ်းညွှန်၏ မိတ်ဆက်ခြင်းအပိုင်းတွင် ဖော်ပြထားသော သင်ကြားသင်ယူမှု နည်းဗျူဟာများ၏ သင်ထောက်ကူသေတ္တာအားကြည့်ရှုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

**စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်း** - လိုအပ်သလို ကြီးကြပ်ခြင်း၊ ကြည့်ရှုလေ့လာခြင်းနှင့် ကူညီထောက်ပံ့ခြင်းများ လုပ်ဆောင်ပေးပါ။ ကျောင်းသားများကို လုပ်ငန်းပေးစာရွက်နှင့် ကျောင်းသားကိုင် စာအုပ်အကြောင်းအရာများအကြား ဆက်စပ်မှုကို မြင်သာစေရန် မူလတန်း ပြဋ္ဌာန်း စာအုပ်ပါ အကြောင်းအရာများကို ရည်ညွှန်းပြီး ပြန်လည်ဆန်းစစ်သည့် မေးခွန်းများကို မေးမြန်းပါ။ ဥပမာ - မည်သည့် အတန်းအလိုက် ရည်ရွယ်ချက်အား ဤသင်ခန်းစာမှ သင်ကြား နေသနည်း။ မည်သို့သိရှိသနည်း။ ကျောင်းသားများ၏ ပြန်လည်တင်ပြမည့်ပုံစံကို စစ်ဆေးအကဲဖြတ်ရန် မိမိကိုယ်တိုင် သရုပ်ပြသင်ကြားထားမှုကို ရည်ညွှန်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုများသည် သင်ခန်းစာများကို အတန်းအလိုက် ရည်ရွယ်ချက်များ နှင့် အတန်းအလိုက် သင်ယူမှု အကြောင်းအရာများအကြား ယှဉ်တွဲနိုင်သင့်သည်။ ကျောင်းသားများသည် ပိုစတာ အကြီးစားပုံစံများဖြင့် တင်ပြမှုများ ပြုလုပ်သင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်မှာ ပန်းချီအနုပညာအား ရသခံစား တန်ဖိုးထားမှု သင်ကြားခြင်း၏ရည်ရွယ်ချက်များကို ရှင်းပြနိုင်ရန်ဖြစ်ကြောင်း သတိပေး ပြောကြားပြီး ဆရာအတတ်ပညာတတ်ကျွမ်းမှုစံ အညွှန်းဘောင်၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ အသိပညာနှင့်ဆက်စပ်နေကြောင်း သတိပေးပြောကြားပါ။ ထို့ကြောင့် မူလတန်း သင်ရိုးညွှန်းတမ်းတွင် မည်သည်တို့ပါဝင်သည်နှင့် အဆင့်ဆင့်အတန်းများအလိုက် တိုးတက်မှုအစီအစဉ်များကို မည့်သို့ဖြန့်ဝေနေကြောင်း သိရှိရန် အလွန်အရေးကြီးပါသည်။

၂။ အတန်းအစီအစဉ်အလိုက် ပိုစတာများကို ခင်းကျင်းပြသပြီး ပြခန်းလှည့်လည်ကြည့်ရှု သင်ယူခြင်းကို လုပ်ဆောင်စေပါ။ လှည့်လည်ကြည့်ရှုနေစဉ်တွင် ပိုစတာများကို အကဲဖြတ်၍ အတန်းအလိုက် အဆင့်ဆင့်တိုးတက်လာမှုများကို အလေးပေးပြီး လိုအပ်ပါက ညှိယူခြင်း များ ပြုလုပ်စေပါမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

နောက်လာမည့် သင်ခန်းစာအတွက် ပြင်ဆင်ရန် ကျောင်းသားများသည် ပန်းချီအနုပညာ၏ အခြားသော နယ်ပယ်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ကျောင်းသားများကို ယခုစာသင်နှစ်ဝက်တွင် လက်မှုပညာ နှင့် ပန်းချီဆွဲခြင်းအတွက် သင်ယူရရှိခဲ့သော သင်ယူမှုများကို ပြန်လည်သုံးသပ်ပြီး ပထမစာသင်နှစ်မှ 'မူလတန်း အနုပညာသင်ရိုးညွှန်းတမ်းအား နားလည်သဘောပေါက်ခြင်း (ပန်းချီအနုပညာ)' သင်ခန်းစာ (၁.၂.၂) အား ပြန်လည်ကြည့်ရှုစေပါ။

## ၃.၄.၂။ မြန်မာ့ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှုအား သင်ကြားခြင်း

မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်**

- မူလတန်း ကျောင်းများတွင် ပန်းချီအနုပညာအပေါ် ရသခံစားတန်ဖိုးထားမှုအား သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- မူလတန်းသင်ရိုးတွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ပြောကြားတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁)ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများကိုယ်ရော စိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် နှစ်ချိန်

**သင်ယူမှုနည်းလမ်းများ** - အုပ်စုဖွဲ့လုပ်ငန်း၊ ပြန်လည်တင်ပြခြင်း၊ နှစ်ယောက်တစ်တွဲလုပ်ဆောင်ခြင်း၊ ပြန်လည် သုံးသပ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - လက်ကမ်းစာစောင် (၁၁)၊ လက်ကမ်းစာစောင် (၁၂) နှင့် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၄.၁) ကို ဖတ်ရှုရန်။

**လိုအပ်သော ရင်းမြစ်များ** - မူလတန်းအဆင့် ပထမတန်းမှ ပဉ္စမတန်းအထိ ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာ လမ်းညွှန်များ။

## သင်ယူမှုလုပ်ငန်းများ

## စာသင်ချိန် (၁)

### သင်ယူမှုလုပ်ငန်း (၁) - နိဒါန်းပျိုးခြင်း (၁၀ မိနစ်)

၁။ သင်ပုန်းပေါ်တွင် ရေးသားခြင်း - ကျောက်သင်ပုန်းပေါ်တွင် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၄.၁) မြန်မာ့ ပန်းချီအနုပညာအား ချစ်ခင်မြတ်နိုးတန်ဖိုးထားမှုမှ မှတ်မိသည့်အကြောင်းအရာ တစ်ခုကို ရေးသားစေပါ။

၂။ သင်ခန်းစာ၏ပထမ ငါးမိနစ်တွင် ကျောင်းသားများသည် စာသင်ခန်းထဲသို့ဝင်လာသောအခါ (သို့မဟုတ် မိမိအနေဖြင့် စာသင်ခန်းထဲ ဝင်လာသောအခါ) ကျောင်းသားအချို့အား ဖိတ်ခေါ်ပြီး သင်ပုန်းပေါ်တွင် အချက်အလက် တစ်ခုစီအား ရေးသားစေပါ။[၁၄]

၃။ အချက်အလက်များကို အနှစ်ချုပ်ပြီး အကဲဖြတ်ပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ တစ်ဦး နှင့် တစ်ဦး ကြည့်ရှုလေ့လာနေစဉ် ဖြစ်ပေါ်နေသည်။ မိမိအနေဖြင့် ကိုယ်တိုင်ကြည့်ရှုလေ့လာခြင်းသည် အတန်းတစ်တန်းလုံး၏ အသိပညာများကို စုစည်းပြီး အကဲဖြတ်နိုင်ရန် အချုပ်အားဖြင့် ကူညီပေးမည်ဖြစ်သည်။ မည်သည့်အချက်များကို ဖော်ထုတ်ခဲ့သနည်း။ သင်ခန်းစာအား ဆက်လက်သင်ကြားသောအခါ မိမိအနေဖြင့် ပြန်လည်မှန်ကန်အောင် ကြိုးပမ်းရမည့် မှားယွင်းသော အချက်များ ရှိပါသလား။ အခြား မပါဝင်သော နယ်ပယ်များကို ဖြည့်စွက်ပြီး ကျောင်းသားများသည် သင်ခန်းစာအား ဆက်လက်သင်ယူနေစဉ် ထိုအကြောင်းအရာ နှင့် ပတ်သက်သည့် ဘာသာရပ် အသိပညာများကို တိုးတက်အောင် အလေးပေးနိုင်သည်။

[၁၄] သင်ပုန်းသည် ကြီးမားပါက ကျောင်းသား သုံးယောက် သို့မဟုတ် လေးယောက် တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ပုန်းပေါ်တွင် ကျောင်းသားများ၏ ဖော်ပြချက်များနှင့်အတူ ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များစွာ ရှိသင့်သည်။

## သင်ယူမှုလုပ်ငန်း (၂) - အုပ်စုဖွဲ့ လုပ်ငန်း (၃၀ မိနစ်)

၁။ ကျောင်းသား ငါးယောက် သို့မဟုတ် ခြောက်ယောက်ပါဝင်သော အုပ်စုများအဖြစ်ဖွဲ့ပါ။ မူလတန်း ပထမတန်းမှ ပဉ္စမတန်းအထိ ပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန်များနှင့် လက်ကမ်းစာစောင် (၁၁) လုပ်ငန်းပေးစာရွက် (၁) အား ဖြန့်ဝေပါ။

၂။ အုပ်စု တစ်စုစီကို ပထမတန်း မှ ပဉ္စမတန်းအထိ ပြဋ္ဌာန်းစာအုပ်များ နှင့် သက်ဆိုင်ရာ ဆရာလမ်းညွှန်မှ ရသခံစားတန်ဖိုးထားမှု သင်ခန်းစာ တစ်ခုအား တာဝန်ပေးအပ်ပါ။ အချို့သော သင်ခန်းစာများကို အုပ်စု တစ်စုထက်ပိုပြီး တာဝန်ပေးအပ်နိုင်သည်။ သင့်တော်သော သင်ခန်းစာ၏ နမူနာများမှာ -

**ပထမတန်း**

(၅.၁) ထူးခြားလှပသော မြန်မာ့ယွန်းထည်ပစ္စည်းများကို အမြတ်တနိုး တန်ဖိုးထားတတ်စေရန် ပြုစုပျိုးထောင်ပေးခြင်း

(၅.၂.၁) ပန်းပုပညာရှင် ဦးဟန်တင်

(၅.၂.၂) ပန်းချီပညာရှင် ဝဏ္ဏကျော်ထင် ဦးစံဝင်း

**ဒုတိယတန်း**

(၅.၁) မြန်မာပန်းပွတ်ပညာကို လေ့လာခြင်း

(၅.၂.၁) ပန်းချီဆရာကြီး ဦးဘညာဏ်

(၅.၂.၂) ပန်းချီဆရာကြီး ဦးဘကြည်

၃။ အုပ်စုတစ်စုစီကို လက်ကမ်းစာစောင်(၁၁) လုပ်ငန်းပေးစာရွက်တွင် သင်ခန်းစာလေ့လာခြင်း အပေါ် တွေ့ရှိချက်များကို မှတ်သားစေပါ။ အုပ်စုတစ်စုစီသည် လုပ်ငန်းပေးစာရွက်တွင် ပါဝင်သော မိတ်ဆက်ခြင်း၊ ဖန်တီးလုပ်ဆောင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း စသည့် အဆင့်များကို ခွဲခြမ်းစိတ်ဖြာရမည် ဖြစ်သည်။

၄။ အုပ်စုအချို့အား သူတို့၏ တွေ့ရှိချက်များနှင့် ထိုအဆင့်သုံးဆင့်၏ အစီအစဉ်များကို နမူနာများဖြင့် တင်ပြစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်လုပ်ငန်းအား ကြီးကြပ်လေ့လာပြီး တာဝန်ယူဆောင်ရွက်ထားသည့် သင်ခန်းစာပါ အသေးစိတ် အချက်အလက်များသည် လုပ်ငန်းပေးစာရွက်တွင် မှန်ကန်စွာ ရေးမှတ်ထားမှုကို သေချာစေပါ။ အုပ်စုအားလုံးကို သင်ခန်းစာအား ပြီးပြည့်စုံစွာ ခွဲခြမ်းစိတ်ဖြာနိုင်ရန် အကောင်းမြင်သော အားပေးတုံ့ပြန်မှုဖြင့် အားပေးပါ။

ကျောင်းသားများအား တင်ပြမှုတစ်ခုပြုလုပ်စေခြင်းသည် သင့်အား ၎င်းတို့၏ ထိုအဆင့်သုံးဆင့်အား နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်ရန် ပို၍အခွင့်အရေး ရရှိမည်ဖြစ်သည်။ အပြုသဘောဆောင်သည့် တုံ့ပြန်ချက်များ ပေးခြင်းသည်လည်း ကျောင်းသားများအား ပို၍နားလည်သဘောပေါက်စေရန် အကူအညီ ဖြစ်စေပါလိမ့်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ယခုအခန်းတွင် သင်ယူမည့် အဆင့် သုံးဆင့်အား ယခင်က သင်ယူခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများသည် မိမိတို့တာဝန်ယူရမည့် သင်ခန်းစာအတွက် အသေးစိတ် တိကျသော အဆင့်တစ်ခုစီကို ဆောင်ရွက်နိုင်သင့်သည်။

## သင်ယူမှုလုပ်ငန်း (၃) - အုပ်စုဖွဲ့ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ အုပ်စု တစ်စုစီကို မိမိတို့ ကြိုက်နှစ်သက် တန်ဖိုးထားသည့် အနုပညာ အမျိုးအစားများ နှင့် အဘယ်ကြောင့် နှစ်သက်သည်ကို ဆွေးနွေးစေပါ။

၂။ ကျောင်းသား သုံးယောက် သို့မဟုတ် လေးယောက်မှ အကြံဉာဏ်များကို ရယူပါ။

၃။ နောက်လာမည့် စာသင်ချိန်တွင် ကျောင်းသားများသည် မိမိတို့ ရွေးချယ်ထားသော အနုပညာ အမျိုးအစား၏ ရသခံစားတန်ဖိုးထားမှုကို သင်ကြားရန်အတွက် သင်ခန်းစာ တစ်ခုကို ပြင်ဆင်ပြုစုရမည် ဖြစ်ကြောင်း ရှင်းပြပါ။

၄။ ကျောင်းသားများကို နောက်လာမည့်သင်ခန်းစာတွင် မိမိတို့ရွေးချယ်ထားသော အနုပညာ အမျိုးအစား၏ နမူနာအား ယူဆောင်လာရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ နှစ်သက်မှုများ ၊ မနှစ်သက်မှုများ နှင့် မတူညီသော အနုပညာ ပုံစံများအား ရသခံစား တန်ဖိုးထားမှုများကို ဆန်းစစ်ရန် ယခုသင်ယူမှု လုပ်ငန်းတွင် ကြီးကြပ်လေ့လာပါ။ ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို ကျိုးကြောင်းဆီလျော်စွာ ပြောကြားနိုင်ရန် မေးခွန်းများ မေးခြင်းဖြင့် ဝေဖန် စဉ်းစား တွေးခေါ်မှု စွမ်းရည်များကို မြှင့်တင်ပေးပါ။ ထိုအရာများတွင် ပုံစံများ၊ သမိုင်းဝင် အရေးပါမှုများ၊ ယဉ်ကျေးမှု အရေးပါမှုများ သို့မဟုတ် အနုပညာအား ရသခံစားတန်ဖိုးထားမှုသည် မည်သို့ခံစားချက်များ ပြောင်းလဲစေနိုင်မှုများနှင့် ပန်းချီအနုပညာ ပုံစံအမျိုးမျိုးကို ထပ်မံစဉ်းစားရန် စိန်ခေါ်မှုများ ပါဝင်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ အားလုံးသည် မိမိတို့ မည်သည့် အနုပညာ အမျိုးအစားအား ကြိုက်နှစ်သက်သည် သို့မဟုတ် မကြိုက်နှစ်သက်ကြောင်း ပြောကြားနိုင်ရမည်။ ကျောင်းသားများ အများစုသည် မိမိ ထင်မြင်ယူဆချက်များကို ကျိုးကြောင်းဆီလျော်စွာ အတိုင်းအတာတစ်ခုအထိ ပြောကြားနိုင်ရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများကို ကျား၊ မ ရောနှောပြီး စေခိုင်းပါ။ အကယ်၍ ကျောင်းသားတစ်ဦးသည် သင်ပုန်းပေါ်တွင် ရေးသားရန် တွန့်ဆုတ်နေပါက ဆရာအနေဖြင့် ကျောင်းသားအား မေးမြန်းပြီး ကိုယ်တိုင်ရေးသားပေးနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ မတူညီသော စွမ်းရည်ရှိသော ကျောင်းသားများဖြင့် အုပ်စုဖွဲ့ပြီး အချင်းချင်း သင်ယူနိုင်ရန် ဖန်တီးပါ။ အုပ်စုဆွေးနွေးမှုများကို မေးခွန်းများ မေးမြန်းခြင်းဖြင့် ကျောင်းသားများ မိမိတို့ တာဝန်ယူရမည့် သင်ခန်းစာပါ အဆင့်သုံးဆင့်အား မည်သို့နားလည် သဘောပေါက်သည်ကို ဆန်းစစ်ပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ ကျောင်းသားများအား ၎င်းတို့၏ကြိုက်နှစ်သက်မှု၊ မကြိုက်နှစ်သက်မှုများကို ကျိုးကြောင်းဆီလျော်စွာ ပြောကြားစေခြင်းအားဖြင့် ဝေဖန် စဉ်းစားတွေးခေါ်မှု စွမ်းရည်များကို မြှင့်တင်ပေးပါ။ ဥပမာ - ကျောင်းသားများသည် မိမိအနေဖြင့် အနုပညာပုံစံအား မနှစ်သက်သော်လည်း ထိုအနုပညာအား ခံစားတန်ဖိုးထားနိုင်ပါသလား။

**စာသင်ချိန် (၂)**

### သင်ယူမှုလုပ်ငန်း (၄) - ဉာဏ်ဖွင့် ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁၂) လုပ်ငန်းပေးစာရွက် (၂) တွင် ဖော်ပြထားသော သင်ခန်းစာ၏ အဆင့်သုံးဆင့်ဖြင့် မိမိတို့ရွေးချယ်ထားသော အနုပညာ အမျိုးအစားများ၏ ရသခံစားတန်ဖိုးထားမှုကို မည်သို့သင်ကြားနိုင်သည်ကို တစ်ဦးချင်းစီ ဉာဏ်ဖွင့်ဆွေးနွေးရန် ညွှန်ကြားပါ။

၂။ ကျောင်းသားများကို မိမိ၏ အတွဲဖော်အား ထိုအဆင့်သုံးဆင့်ဖြင့် မည်သို့ ထိရောက်စွာ သင်ကြားနိုင်မည်ကို စဉ်းစားရန် သတိပေးပြောကြားပါ။ ယခင် စာသင်ချိန်မှ သင်ယူမှုများ၊ မူလတန်း ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များကို ရည်ညွှန်းနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ယခုသင်ယူမှု လုပ်ငန်းသည် ခက်ခဲမှုရှိသည်။ ကျောင်းသားများ၏ အတွေးအခေါ်များကို သင်ခန်းစာဖွဲ့စည်းပုံ အဆင့် သုံးဆင့် ဖြစ်သော မိတ်ဆက်ခြင်း၊ ဖန်တီးလုပ်ဆောင်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း အပေါ်တွင် အခြေခံပြီး ကျောင်းသားများ၏ စွမ်းရည်များကို အလေးထားခြင်းဖြင့် အောင်မြင်အောင် လုပ်ဆောင်စေပါ။ ကျောင်းသားများသည် မိမိ၏ အတွေးအခေါ်များကို ယခင်စာသင်ချိန်တွင် သင်ကြားခဲ့သော လုပ်ငန်းများနှင့် နှိုင်းယှဉ်ခြင်း၊ မူလတန်း ပြဋ္ဌာန်းစာအုပ်များ နှင့် ဆရာလမ်းညွှန်များကို ရည်ညွှန်းခြင်းဖြင့် မိမိကိုယ်ကိုယ် စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဆင့် သုံးဆင့်၏ ဖွဲ့စည်းပုံဖြင့် ကျောင်းသားများသည် ယခင်စာသင်ချိန်မှ ပြင်ဆင်မှုလုပ်ငန်းအား အသုံးပြုနိုင်ခြင်း၊ မူလတန်း သင်ရိုးမာတိကာမှ အတွေးအမြင်များကို အသုံးပြုခြင်းဖြင့် မိမိတို့ ရွေးချယ်ထားသော အနုပညာ အမျိုးအစား၏ ရသခံစားတန်ဖိုးထားမှုအား သင်ကြားနိုင်မည့် နည်းလမ်းများကို အကြံပြုနိုင်မည် ဖြစ်သည်။

## သင်ယူမှု လုပ်ငန်း (၅) - နှစ်ယောက်တစ်တွဲ လုပ်ငန်း (၂၀ မိနစ်)

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ ထားရှိပါ။

၂။ ကျောင်းသားတစ်ဦးစီသည် တစ်လှည့်စီ မိမိ၏ အတွေးအခေါ်များကို မိမိ၏ အတွဲဖော်အား ရှင်းပြစေပါ။

- မိတ်ဆက်ခြင်းအတွက် မိမိ၏ အတွေးအခေါ်မှာ အဘယ်နည်း။ ကျောင်းသားများကို မည်သို့ ပါဝင်အောင် လုပ်ဆောင်မည်နည်း။
- ဖန်တီးလုပ်ဆောင်ခြင်းအတွက် မိမိ၏အတွေးအခေါ်မှာအဘယ်နည်း။ ကျောင်းသားများ ကို မည်သို့ ပါဝင်အောင် လုပ်ဆောင်မည်နည်း။

- ပြန်လည်သုံးသပ်ခြင်းအတွက် မိမိ၏အတွေးအခေါ်မှာ အဘယ်နည်း။ မည်သည့် စစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်နိုင်သနည်း။

၃။ ကျောင်းသားများကို အတွေးအခေါ်များအား အချင်းချင်း စစ်ဆေးရန် အားပေးတိုက်တွန်းပြီး အတွေးအမြင်များ မျှဝေခြင်း၊ အချင်းချင်း ကူညီခြင်းများ လုပ်ဆောင်စေပါ။ အကောင်းမြင်သော၊ အပြုသဘောဆောင်သော အားပေးတုံ့ပြန်အကြံပြုချက်များပေးရန် အားပေးတိုက်တွန်းပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ကျောင်းသားများသည် သင်ကြားရေးကို လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ယုံကြည်မှုများ မြှင့်တင်ပေးရန်နှင့် ကူညီထောက်ပံ့ပေးရန် ကြည့်ရှုလေ့လာခြင်းဖြင့် အကဲဖြတ်ခြင်း၊ ကြီးကြပ်ခြင်း၊ အကြံဉာဏ်များပေးခြင်းနှင့် မေးခွန်းများ မေးခြင်းအား လုပ်ဆောင်ရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လုပ်ငန်းပေးစာရွက်ရှိ လမ်းညွှန်ပေးမည့် မေးခွန်းများကို အလေးပေးရမည်။ အုပ်စုလိုက်လုပ်ဆောင်မှုကို အားပေးတိုက်တွန်းပြီး အချင်းချင်းယှဉ်ပြိုင်ရန် အားပေးခြင်းမဟုတ်ဘဲ သင်ခန်းစာပြင်ဆင်မှုများကို အတူတကွ အတွေးအခေါ်များ မျှဝေရန်နှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားသုံးယောက် သို့မဟုတ် လေးယောက်အား ယခုလုပ်ငန်းတွင် မိမိ၏ အမြင်များကို မျှဝေစေပါ။ ကျောင်းသားများသည် သင်ခန်းစာ၏ အဆင့်များကို ဖန်တီးရခြင်းအား မည်သို့ခံစားရသနည်း။

၂။ ကျောင်းသားများကို ဆရာအတတ်ပညာ တတ်ကျွမ်းမှု စံအညွှန်းဘောင်မှ (ဃ) (၂.၁) အားရရှိရန် အလေးပေးထားကြောင်း သတိပေးပြောကြားပြီး ထိုတတ်ကျွမ်းမှုစံ နယ်ပယ်သည် ဆရာများ၏ အတန်းတွင်းဆောင်ရွက်မှုများကို ကူညီထောက်ပံ့ပေးရန်အတွက် ကိုယ်တိုင်လုပ်ဆောင်သည့်သုတေသနစာတမ်းငယ်များလိုအပ်ကြောင်းအလေးပေးဖော်ပြထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျောင်းသားများ၏ စီစဉ်ညွှန်ကြားမှုစွမ်းရည်များကို တိုးတက်စေခြင်းနှင့် လက်တွေ့အခြေအနေတွင် မည်သို့ဖြစ်ပျက်သည်ကို ပြန်လည်သုံးသပ်ခြင်းများသည် ဆရာများအနေဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အလွန်အရေးပါသော အပိုင်းပင်ဖြစ်သည်။

၃။ အနုပညာအား ရသခံစားတန်ဖိုးထားမှု သင်ကြားခြင်းအတွက် မည်သို့ထိရောက်စွာ လုပ်ဆောင်နိုင်သည်ကို ပြန်လည်သုံးသပ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

သင်ယူမှုလုပ်ငန်း (၄)။ မိမိအနေဖြင့် ကြိုက်နှစ်သက်သည့် အနုပညာအမျိုးအစားများမှ တစ်ခုကို အသုံးပြုပြီး ဤသင်ယူမှုလုပ်ငန်းတွင် သရုပ်ပြသင်ကြားမှုများ လိုအပ်နိုင်သည်။ အကယ်၍ ကျောင်းသားအများစုသည် တူညီသောအနုပညာအမျိုးအစားများကို ယူဆောင်လာပါက ကျောင်းသားများကို အုပ်စုဖွဲ့ပြီး အတူတကွ ဉာဏ်ဖွင့်ဆွေးနွေးမှုများ ပြုလုပ်ခြင်းလည်း ဖြစ်ပေါ်နိုင်သည်။ အတန်းကို ယခင်စာသင်ချိန်တွင် လုပ်ဆောင်ခဲ့သောလုပ်ငန်းအား ရည်ညွှန်းစေပြီး မူလတန်း ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များမှ အတွေးအခေါ်များကို ရယူစေပါ။

သင်ယူမှုလုပ်ငန်း (၅)။ မူလအတွေးအခေါ်များကို ရရှိရန် ခက်ခဲနေသော ကျောင်းသားများသည် ယခင်စာသင်ချိန် လုပ်ငန်းပေးစာရွက်မှ အတွေးအခေါ်များကို တိုက်ရိုက်ရယူနိုင်ပြီး ထိုအကြောင်းအရာများကို သင်ကြားခြင်းနည်းလမ်းများ၏ အသိပညာများဖြင့် ပေါင်းစပ်နိုင်သည်။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ပန်းချီအနုပညာ သင်ကြားသင်ယူခြင်း၏ ရည်ရွယ်ချက် လေးခုမှာ အဘယ်နည်း။

**အဖြေ** *(က) သင်ကြားသင်ယူမှုတွင် အနုပညာအား အသုံးချခြင်း။ (ခ) မြန်မာ့ရိုးရာများကို ရသခံစားတန်ဖိုးထားခြင်း နှင့် နားလည်ခြင်း။ (ဂ) မိမိ၏ ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်း။ (ဃ) ကျွမ်းကျင်သော ကျောင်းသားများကို အတတ်ပညာရှင်များ ဖြစ်ပေါ်လာအောင် အားပေးတိုက်တွန်းခြင်း။*

**မေးခွန်း ၂။** တော်ဝင် အနုပညာရှင်များ အသုံးပြုသော ရိုးရာ နည်းလမ်း လေးခုမှ အနည်းဆုံး တစ်ခု၏ အမည် နှင့် အကြောင်းအရာကို ဖော်ပြပါ။

**အဖြေ** *(က) ကနုတ် - ကြာစွယ်၊ ကြာရိုး၊ ကြာပွင့် စသည်တို့ကို ရေးဆွဲသော ရိုးရာအနုပညာလက်ရာ။ (ခ) ကပီ - လူဝံများ၊ နတ်ရုပ်များ စသည်တို့ကို ရေးဆွဲသော ရိုးရာအနုပညာလက်ရာ။ (ဂ) နရီ - အမျိုးသမီးရုပ်ထုတို့ကို ရေးဆွဲသော ရိုးရာအနုပညာလက်ရာ။ (ဃ) ဂဇာ - နန်းတွင်းထဲတွင် ဆင်ရုပ်များ၊ မြင်းရုပ်များကို ရေးဆွဲသော ရိုးရာအနုပညာလက်ရာ။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ပန်းချီအနုပညာသင်ကြားခြင်း၏ အဓိကအရေးပါသော အချက်မှာ ကျောင်းသားများသည် ပုံဆွဲခြင်းအမျိုးမျိုးနှင့် လက်မှုပညာအမျိုးမျိုးကို ပြုလုပ်ခြင်းဖြင့် သူတို့၏ တွေးတောနိုင်သည့် စွမ်းရည်များ၊ စိတ်ကူးစိတ်သန်းများ နှင့် တီထွင်ဖန်တီးနိုင်မှုများကို တိုးတက်အောင် မြှင့်တင်ပေးမည် ဖြစ်သည်။

- ပန်းချီအနုပညာသင်ကြားခြင်း၏ အဆင့် သုံးဆင့်မှာ မိတ်ဆက်ခြင်း၊ ဖန်တီး လုပ်ဆောင်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ချီးကျူး တန်ဖိုးထားခြင်း တို့ဖြစ်သည်။

  - မိတ်ဆက်ခြင်း - သရုပ်ပြသင်ကြားခြင်း၊ အဆင့်ဆင့် ညွှန်ကြားချက်များပေးခြင်း နှင့် လေ့ကျင့်ခြင်းများပြုလုပ်ခြင်းဖြင့် သင်ခန်းစာပါ အကြောင်းအရာများကို ကျောင်းသားများအားစိတ်ဝင်စားအောင်၊ ပြုလုပ်လိုစိတ်ရှိအောင် နှင့် နားလည်သဘောပေါက်အောင် ဆောင်ရွက်ရမည်။

  - ဖန်တီးလုပ်ဆောင်ခြင်း - ကျောင်းသားကျောင်းသူများ မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုပြီး မိမိကိုယ်ပိုင်ဖန်တီးမှုများကို ပျော်ရွှင်စွာလုပ်ဆောင်ရန် သို့မဟုတ် အနုပညာလက်ရာများကို ချီးကျူးတန်ဖိုးထားရန်အတွက် သေချာစွာလေ့လာကြည့်ရှုရန် အားပေးရမည်ဖြစ်သည်။

  - ပြန်လည်သုံးသပ်ခြင်း - ကျောင်းသားများ မိမိ၏အနုပညာလက်ရာများကို အချင်းချင်း ပြသရန်၊ မိမိ၏အတွေးအခေါ်များနှင့် တွေ့ရှိချက်များကို မျှဝေရန်နှင့် ပန်းချီအနုပညာ သင်ယူခြင်းအား ပျော်ရွှင်နှစ်သက်မှုရှိစေရန် ကူညီအားပေးရမည်။

- ကလေးများသည် မတူညီသောအသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုအဆင့်သည်လည်း မတူညီကြပေ။ ဆိုလိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်အပေါ်တွင် မူတည်ပြီး ကလေးများ ၏ ပန်းချီဆွဲခြင်းသည် မတူကြပေ။

- ပုံဆွဲခြင်းစွမ်းရည်သည် သဘာဝအတိုင်းလုပ်ဆောင်နိုင်ခြင်း မဟုတ်ဘဲ အရေး၊ အဖတ်၊ အပြောစသည့် စွမ်းရည်များကို သင်ယူရသကဲ့သို့ လမ်းညွှန်မှုများ၊ လေ့ကျင့်မှုများ မှတစ်ဆင့် တိုးတက်လာနိုင်ခြင်းသာဖြစ်သည်။

- ၁၉၈၇ ခုနှစ် လိုဝန်ဖီး နှင့် ဘရီတန် (Lowenfeld & Brittain) [၁၅] ရေးသားထားသော လေ့လာတွေ့ရှိမှု အရ ပန်းချီအနုပညာ သင်ယူတိုးတက်ပုံအဆင့် ခြောက်ဆင့် ရှိပါသည်။

  - ရေးခြစ်နိုင်သည့်အဆင့် (Scribble Stage) (၁ နှစ် မှ ၃နှစ် အထိ)
  - အကြိုသရုပ်ဖော်နိုင်သည့်အဆင့် (Pre-schematic Stage) (၃ နှစ်မှ ၅ နှစ် အထိ)
  - သရုပ်ဖော်နိုင်သည့်အဆင့် (Schematic Stage) (၄ နှစ်မှ ၈ နှစ် အထိ)
  - စတင်၍ လက်တွေ့ပုံများ ဆွဲနိုင်သည့်အဆင့် (Dawning Realism Stage) (၉ နှစ်မှ ၁၁ နှစ် အထိ)
  - သဘာဝပုံများ ဆွဲနိုင်သည့် အဆင့် (Pseudo-Naturalistic Stage) (၁၁ နှစ်မှ ၁၄ နှစ် အထိ)
  - ဆုံးဖြတ်ချက် ချနိုင်သည့်အဆင့် (Decision Stage) (၁၃ နှစ်မှ ၁၇ နှစ် အထိ)

- မြန်မာ့ရိုးရာ ပန်းချီရေးဆွဲခြင်းသည် ပုဂံခေတ်တွင် ဗုဒ္ဓဘာသာနှင့်အတူ ထွက်ပေါ်လာခဲ့သည်။

[၁၅] ခုနှစ်များသည် ခန့်မှန်းခြေသာဖြစ်ပြီး ကလေးများသည် မတူညီသောဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်ပြီး သဘာဝအားဖြင့် ထပ်နေခြင်းများလည်း ရှိသည်။

- အနုပညာအား ရသခံစားတန်ဖိုးထားခြင်းတွင် ကြိုက်နှစ်သက်မှု ရှိခြင်း မရှိခြင်း၊ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု၊ အာရုံများ (အထိအတွေ့၊ အမြင် စသည့်) ၏ သက်ရောက်မှု နှင့် စိတ်ခံစားမှု စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး အနုပညာ၏ တန်ဖိုးကို နားလည်သဘောပေါက်နိုင်သည့် စွမ်းရည်များ ပါဝင်သည်။

ဤအခန်းမှ အောက်ဖော်ပြပါ နယ်ပယ်များအတွက် အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးတက်အောင် လေ့လာပြီးဖြစ်သည်။

- ရုပ်ပုံများဆွဲနိုင်ရန် ခဲတံများအား သင့်တော်စွာ ကိုင်တွယ်ခြင်း။
- မျဉ်းများ၊ ပုံသဏ္ဍာန်များ၏ သဘောသဘာဝ နှင့် ပန်းချီအနုပညာတွင် ပါဝင်သော ထိုမျဉ်းများပုံသဏ္ဍာန်များ၏ အခန်းကဏ္ဍ။
- မိမိ၏ လက်မှုပညာအား တီထွင်ဖန်တီးနိုင်သည့် ဖွဲ့သတ္တိရှိခြင်း။
- ပန်းချီအနုပညာအား အသုံးပြုပြီး မိမိ၏နေ့စဉ်ဘဝတွင် အသုံးချနိုင်သည့် အနုပညာအပေါ် တန်ဖိုးထားသည့် စိတ်ဓာတ်။
- ပန်းချီအနုပညာအား ရသခံစားတန်ဖိုးထားမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် ထိုပန်းချီအနုပညာ၏ အရေးပါမှု။
- ပန်းချီအနုပညာ၏ တန်ဖိုးရှိသော၊ ကောင်းစွာသုတေသနပြုထားသော သမိုင်းကြောင်းများ။
- ပန်းချီအနုပညာ၏ စာအုပ်များစုစည်းမှု။
- ပန်းချီဆွဲခြင်းအားသင်ကြားမှုအတွက် တာဝန်ယူဆောင်ရွက်ရမည့် အချက်များ။
- ယဉ်ကျေးမှု အမွေအနှစ်များကို နောက်လာမည့်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းခြင်း။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ယခု အခန်းသည် အနုပညာကို ရသခံစားတန်ဖိုးထားခြင်းဖြင့် အမျိုးဂုဏ်ဆောင်နိုင်သည်ဟူသည့် တန်ဖိုးထားမှုကို နားလည်သဘောပေါက်မှုများဖြင့် လေ့လာသင်ယူခြင်းဖြစ်သည်။ အနုပညာသည် မည်သည့် နည်းလမ်းများကြောင့် အမျိုးဂုဏ်ဆောင်နိုင်ပါသနည်း။ မတူညီသော အနုပညာအမျိုးမျိုး ကို တွေ့မြင်ပြီး မည်မျှအမျိုးဂုဏ်ဆောင်နိုင်သည်ဟု ခံစားရပါသနည်း။ ရှေးခေတ်နှင့် ခေတ်ပေါ် အနုပညာလက်ရာများကို ထည့်သွင်းစဉ်းစားပါ။ ရသခံစား တန်ဖိုးထားမှု ၏ အဓိပ္ပာယ်ကို ပြန်လည် အမှတ်ရပါ။

ဆရာတစ်ဦးအနေဖြင့် မူလတန်းကျောင်းသားများအား ရိုးရာပန်းချီအနုပညာအတွက် ရသခံစား တန်ဖိုးထားမှုအားမျှဝေခြင်း မြှင့်တင်ခြင်းများ ပြုလုပ်ရမည်မှာ မိမိ၏တာဝန်ပင်ဖြစ်သည်။ အနာဂါတ် မျိုးဆက်သစ်များကို မြန်မာ့သမိုင်းကြောင်းကို ပုံဖော်ထားသော ရိုးရာအနုပညာများနှင့် လက်မှု ပညာများကို ဆက်လက် ထိန်းသိမ်း လေးစားတန်ဖိုးထားလိုစိတ်များရှိခြင်းသည် အဘယ်ကြောင့် အရေးပါသနည်း။

မြန်မာ့အနုပညာများအားလုံးကို မြန်မာနိုင်ငံတွင်သာ ထားရှိသင့်ပါသလား။ အခြားနိုင်ငံများတွင် မြန်မာ့အနုပညာကို ခင်းကျင်းပြသရန် ခွင့်ပြုသင့်ပါသလား။ အနုပညာလက်ရာများ အခြားနိုင်ငံများ သို့ ပျံ့နှံ့ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများမှာ အဘယ်နည်း။

မြန်မာ့အနုပညာများကို အရှေ့တောင်အာရှဒေသများနှင့် ကမ္ဘာတဝှမ်းမှ သိရှိခြင်းသည် မည်သို့ အရေးပါသနည်း။

မြန်မာ့လက်မှုပညာဖြစ်သော ပန်း ၁၀ မျိုးသည် မြန်မာ့ပန်းချီအနုပညာ သမိုင်း၏ အရေးပါသော အပိုင်းဖြစ်ပြီး ယခုခေတ်အထိလည်း ဆက်လက်အရေးပါဆဲပင် ဖြစ်သည်။ အနာဂါတ်တွင် ပန်း ၁၀ မျိုး၏ လွှမ်းမိုးမှုနှင့် ကိုက်ညီမှုများအား ကျောင်းသားများကို မည်သို့အသိပညာများဖြင့် ပေးနိုင် မည်နည်း။

ဤအခန်း၏ ဆရာတတ်ကျွမ်းမှုစံများသည် ဘာသာရပ် ဗဟုသုတ၊ မာတိကာ အကြောင်းအရာနှင့် မိမိ၏ သင်ကြားရေးအလေ့အကျင့်များ တိုးတက်မှုကို အလေးပေးထားပါသည်။ ပန်းချီ အနုပညာ၏ အသိပညာများ စဉ်ဆက်မပြတ် တိုးတက်စေရန် မည်သည့်သင်ယူမှု ရင်းမြစ်များ ရှိပါသနည်း။ မည်သည့်သင်ခန်းစာများသည် သင်ကြားရန် စိန်ခေါ်မှုများရှိနိုင်ပါသနည်း။ အဘယ်ကြောင့်နည်း။

သင်ခန်းစာအား သင်ကြားခြင်းနှင့်ပက်သက်ပြီး စိုးရိမ်မှုများရှိပါက အခြေခံအချက်များကို ပြန်လည်လေ့လာပါ။ သင်ခန်းစာ ဖွဲ့စည်းပုံ အဆင့်သုံးဆင့်အား အသုံးပြုပြီး မည်သည်တို့ကို လုပ်ဆောင်မည်နှင့် အဆင့်တိုင်းတွင် ကျောင်းသားများ မည်သို့လုပ်ဆောင်ရမည်ကို အစီအစဉ်ဆွဲပါ။

အချုပ်အားဖြင့်ဆိုရသော် ပုံဆွဲခြင်းစွမ်းရည်သည် သဘာဝအတိုင်းလုပ်ဆောင်နိုင်ခြင်း မဟုတ်ဘဲ အရေး၊ အဖတ်၊ အပြော စသည့်စွမ်းရည်များ သင်ယူရသကဲ့သို့ လမ်းညွှန်မှုများ၊ လေ့ကျင့်မှုများ မှတစ်ဆင့် တိုးတက်လာနိုင်ခြင်းသာဖြစ်သည်။ ပန်းချီဆွဲခြင်းကိုလေ့ကျင့်ပြီး မိမိ၏ နည်းလမ်းများတိုးတက်အောင် လုပ်ဆောင်ပါ။

ပန်းချီဆွဲခြင်းတွင် ကျွမ်းကျင်သူမဟုတ်ပါကလည်း မစိုးရိမ်ပါနှင့်။ မိမိထက်ပိုမို ကျွမ်းကျင်သော မူလတန်းကျောင်းသားအချို့ကို တွေ့ရှိနိုင်သည်။ ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရမည့်အချက်မှာ မိမိ၏ကျောင်းသားများထက် ပိုမိုကောင်းမွန်ရန်မဟုတ်ဘဲ သင်ယူမှုကိုပျော်ရွှင်စေရန် မြှင့်တင်ပေးခြင်းသာဖြစ်သည်။ မိမိ၏ ကျောင်းသားများကို မည်သည့်အရာက စိတ်ဝင်စားမှုများပေးသည်နှင့် ထိုစိတ်ဝင်စားမှုကို ဆက်လက်လုပ်ဆောင်ရန် အားပေးတိုက်တွန်းခြင်းဖြင့် မိမိကိုယ်တိုင် သင်ယူမှုများဖြစ်ပေါ်အောင် အားပေးပါ။

## ဆက်လက်ဖတ်မှတ်စရာများ

### ၃.၁

This is a comprehensive history of Myanmar art that is interesting to read and can completement the lesson:

Hays, J. (2018). *Burmese Painting and Modern Art.* Retrieved from factsanddetails.com website: http://factsanddetails.com/southeast-asia/Myanmar/sub5_5e/entry-3085.html

Naing, R. K. K. (1997). *The history of Myanmar art.* Yangon: Sarpaybeikman.

Shin, N. W. (1998). *Myanmar art, sculptors and architects, Vol. 1.* Yangon: Sarpaybeikman.

### ၃.၂

Gyi., Z. (1951). *Ancient and traditional art of Myanmar. Ministry of Culture:* Archaeology Department.

Thein., H. A. (1982). *An introduction to the pavilion art.* Yangon: Sarpaybeikman.

This is an eight-minute video that explains the different stages of drawing. The video is in English, but includes lots of practical examples that can be universally understood:

Fussell, M. (2019). *The Stages of Artistic Development.* Retrieved from The Viral Instructor website: https://thevirtualinstructor.com/stages-of-artistic-development.html

This is an interesting article in the online magazine *Hyperallergic*, on the history of contemporary art in Myanmar:

Pearlman, E. (2017). *A Brief History of Contemporary Art in Myanmar.* Retrieved from Hyperallergic website: https://hyperallergic.com/374488/a-brief-history-of-contemporary-art-in-myanmar/

Tun, D. T., & Myint., U. A. (2011). *Ancient Myanmar Designs. Bangkok: i-Group Press.*

Tun., B. H. T. (2004). *The stream of Myanmar paintings. Yangon: Sarpaybeikman.*

၃.၃

Create. (n.d.). *CREATE channel.* Retrieved from youtube website: https://www.youtube.com/channel/UC0pW4hIlFEAbZiN_4ez9hRA/videos

Dun., K. (1920). Lacquerware called 'yun'. *Journal of the Burma Research Society.*

Fraser-Lu, S. (1985). *Burmese lacquerware.* Bangkok: Tamarind Press.

Gyi., K. M. (1981). *Burmese lacquer.* Yangon: Sarpaybeikman.

Hays, J. (2014). *GOLD BEATING AND GOLD FOIL MAKING IN MYANMAR.* Retrieved from facts and details website: http://factsanddetails.com/southeast-asia/Myanmar/sub5_5e/entry-3087.html

Kyi., U. P. (2016). *The 10 kinds of Myanmar flower art:* The 21st century art record, 1st edition. Mandalay: Munzuthaka Art.

Naing, R. K. K. (1987). *Myanmar sculpture that deserves to be inherited.* Yangon: Sarpaybeikman.

Nyun., D. K. (1987). 'The 10 flower arts in Bagan period.' *Fine Arts Research Sub-Committee Paper Reading Session.*

Shin, N. W. (1998). *Myanmar art, sculptors and architects, Vol. 1.* Yangon: Sarpaybeikman.

၃.၄

Naing., U. M. (1975). *Royal artist U Kyar Nyunt and his works.* Ministry of Culture.

Thein, M. M. (2001). *The study of parabeik art.* Yangon: Sarpaybeikman.

Trish Gallery in Yangon has a huge colletction of Myanmar art and artefacts from some of Myanmar's most celebrated artists, with many examples on their website:

Yoma Technologies. (2019). *Trish Gallery.* Retrieved from https://www.trishgallery.com

One of the oldest galleries in Yangon, Lokanat, hosts a number of artworks from masters such as U Hla Shein and U Kin Maung (Bank):

Lokanat Galleries, & Prosoft Dynamic Web Studios. (2019). *Lokanat Galleries.* Retrieved from http://www.lokanatgalleries.com/index.php

# အခန်း ၄

# စစ်ဆေးအကဲဖြတ်ခြင်း၏ နည်းလမ်းများ

ဤအခန်းသည် မူလတန်းအဆင့် ပထမတန်းမှ ပဉ္စမတန်းအထိ ပန်းချီအနုပညာနှင့် ဂီတ အနုပညာဘာသာတွင် အသုံးပြုထားသော စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို မိတ်ဆက် သင်ကြားမည်ဖြစ်သည်။ မတူညီသောနယ်ပယ်များနှင့် အတန်းများအပေါ်တွင်မူတည်၍ အသုံးပြု ထားသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်း အမျိုးမျိုးနှင့် အတန်းအဆင့်ဆင့် မြင့်မားလာသည်နှင့် လျော်ညီစွာအသုံးပြုထားသော ပိုမိုရှုပ်ထွေးသော စစ်ဆေးအကဲဖြတ်မှုပုံစံများကို လေ့လာသင်ယူ ရမည်။ ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေး အကဲဖြတ်ခြင်း (Objective Assessment) နှင့် ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်း (Subjective Assessment) ၏ ကွဲပြားခြားနားမှုများကို ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပြီး ပညာရေးဘာသာတွင် သင်ယူခဲ့သော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အကြောင်းအရာ များသည် အနုပညာဘာသာ စစ်ဆေးအကဲဖြတ်ခြင်းနှင့် မည်ကဲ့သို့ဆက်စပ်မှုရှိသည်တို့ကို လေ့လာသင်ယူရမည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်**

- မူလတန်းအဆင့် ဂီတအနုပညာ ဘာသာတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြတတ်မည်။
- မူလတန်းအဆင့် ပန်းချီအနုပညာ ဘာသာတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြတတ်မည်။

# ၄.၁။ စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာ တစ်ခုသာပါဝင်သည့် ဤအခန်းငယ်တွင် မူလတန်း သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ ကို ပြန်လည်လေ့လာပြီး အနုပညာသင်ခန်းစာတွင် အသုံးပြုထားသော စစ်ဆေးအကဲဖြတ်မည့် နည်းလမ်းအမျိုးမျိုးကို လေ့လာ အသုံးချရမည် ဖြစ်သည်။ မတူညီသော လုပ်ငန်းများကို မည်သို့ အကဲဖြတ်ရမည်နှင့် သင်ယူပြီးမြောက်မှုကို မည်သို့တိုင်းတာရမည်ကို သင်ယူရမည်ဖြစ်သည်။ စစ်ဆေးအကဲဖြတ်ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာကို မှီငြမ်းပြီး မူလတန်း အနုပညာသင်ခန်းစာများအတွက် စစ်ဆေးအကဲဖြတ်မည့် ကိရိယာများကို ကိုယ်တိုင်တည်ဆောက် ရမည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

## ၄.၁.၁။
## ပန်းချီအနုပညာနှင့် ဂီတအနုပညာ ဘာသာကို စစ်ဆေးအကဲဖြတ်ခြင်း

မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်
- မူလတန်းအဆင့် ဂီတအနုပညာ ဘာသာတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြတတ်မည်။
- မူလတန်းအဆင့် ပန်းချီအနုပညာ ဘာသာတွင် အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁)ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများကိုယ်ရော စိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ)(၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

**အချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် နှစ်ချိန်

**သင်ယူမှုနည်းလမ်းများ** - တွေး-တွဲ- မျှဝေ သင်ယူခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - လက်ကမ်းစာစောင် (၁၃.၁)၊ (၁၃.၂)၊ (၁၃.၃)၊ (၁၃.၄)၊ (၁၃.၅)၊ လက်ကမ်း စာစောင်(၁၄)၊ လက်ကမ်းစာစောင်(၁၅)၊ လက်ကမ်းစာစောင်(၁၆) တို့ကိုဖတ်ပါ။ 'အလွန်ကောင်း'၊ 'သင့်'၊ 'ထပ်မံကြိုးစားရန်' စသည့် သင်ယူမှုအဆင့်များအတွက် နမူနာများ ပြင်ဆင်ပါ (ပြုလုပ်လိုပါက)။

**လိုအပ်သော ရင်းမြစ်များ** - မူလတန်းအဆင့် ပထမတန်းနှင့် ဒုတိယတန်း ပန်းချီအနုပညာနှင့် ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များ။

## သင်ယူမှုလုပ်ငန်းများ

### စာသင်ချိန် (၁)

### သင်ယူမှုလုပ်ငန်း (၁) - ပြန်လည်အမှတ်ရခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို မည်သည့် စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို သိရှိကြောင်း မေးမြန်းပါ။

၂။ သင်ပုန်းပေါ်တွင် ၎င်းတို့၏ အတွေးအခေါ်များကို အကြောင်းအရာဆက်သွယ်ပြပုံစံ သို့မဟုတ် စာရင်းပြုစုခြင်းဖြင့် မှတ်သားထားပါ။

၃။ ကျောင်းသားများကို အနုပညာ၏ စစ်ဆေးအကဲဖြတ်ခြင်းသည် ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းထက် ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းများ ဖြစ်ကြောင်းနှင့် အနုပညာအား စစ်ဆေးအကဲဖြတ်သောအခါ အဖြေမှားသည်၊ မှန်သည်ဟု တိကျစွာ မပြောနိုင်ကြောင်း အလေးပေးပြောကြားပါ။

၄။ ကျောင်းသားများကို ပညာရေးဘာသာရပ် မော်ဂျူးအား မှီငြမ်းရန်နှင့် လက်ကမ်းစာစောင် (၁၆) စစ်ဆေးအကဲဖြတ်ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာအား မှီငြမ်းရန် သတိပေးပြောကြားပါ။

၅။ ကျောင်းသားများကို ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားပြီးဖြစ်သော အနုပညာဘာသာ၊ ပန်းချီအနုပညာနှင့် ဂီတအနုပညာ၏ ယေဘုယျရည်ရွယ်ချက်များကို သတိပေးပြောကြားပါ။

## ဇယား ၄.၁။ ဘာသာရပ်ရည်ရွယ်ချက်များ

**အနုပညာဘာသာ၏ ရည်ရွယ်ချက်များ**

- အနုပညာ ဘာသာရပ်များ၏ သင်ယူမှုလုပ်ငန်းများတွင် အနုပညာလက်ရာများကို ဖန်တီးခြင်း အားဖြင့် တီထွင်ဖန်တီးနိုင်စွမ်းများ တိုးတက်လာစေရန်။
- ကိုယ်တိုင်တွေးတော၊ ဆန်းစစ်ဝေဖန်နိုင်စေရန်နှင့် ပြဿနာများကိုဖြေရှင်းနိုင်စေရန်။
- ဂီတနှင့်အနုပညာ ဘာသာရပ်များကို သင်ယူခြင်းဖြင့် အခြေခံအသိပညာများရရှိ၍ ၎င်းတို့၏ နေ့စဉ်ဘဝကို အဓိပ္ပာယ်ပြည့်ဝစေရန်။
- မြန်မာရိုးရာ အနုပညာကို တန်ဖိုးထားသော၊ သိမြင်ခံစားသော၊ ထိန်းသိမ်းသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန်။

**ဂီတအနုပညာ ဘာသာ၏ ရည်ရွယ်ချက်များ**

- ကျောင်းနေပျော်၍ သင်ယူလိုစိတ်များ ပိုမိုထက်သန်လာစေရန်။
- ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာစေရန်။
- အများနှင့် ရင်းနှီးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန်။
- ဂီတအနုပညာကို တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ဖော်ဖြေတတ်စေရန်။

**ပန်းချီအနုပညာ ဘာသာ၏ ရည်ရွယ်ချက်များ**

- အရောင်များ၊ ပုံသဏ္ဍာန်များ ဖန်တီးအသုံးချပြီး အခြေခံပုံဆွဲနည်း စွမ်းရည်များ တိုးတက်စေရန်။
- ကလေးငယ်များ ၎င်းတို့၏ အတွေး၊ အမြင်၊ စိတ်ခံစားမှုအပေါ် အခြေခံ၍ ကိုယ်တိုင်ဖန်တီးရေးဆွဲ နိုင်သော စွမ်းရည် တိုးတက်လာစေရန်။
- မိမိနိုင်ငံ၏ အနုပညာလက်ရာများကို ခံစားနားလည်ပြီး မြတ်နိုးတန်ဖိုးထား ထိမ်းသိန်းစောင့်ရှောက် တတ်စေရန်။

၆။ ကျောင်းသားများကို ပန်းချီအနုပညာနှင့် ဂီတအနုပညာအား စစ်ဆေးအကဲဖြတ်ရန် အဖြေမှန် တစ်ခုတည်းဟူ၍ မရှိသောကြောင့် မည်သို့စစ်ဆေးအကဲဖြတ်နိုင်ကြောင်းကို နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပါ။ ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်မှုများကို မည်သို့တည်ဆောက်နိုင်သည်နှင့် ဘာသာရပ် စစ်ဆေးအကဲဖြတ်ခြင်းမှ ထွက်ပေါ်လာနိုင်သော အခက်အခဲများကို တွေးတောမြင်ယောင်ကြည့်သင့်ပါသည်။ ကျောင်းသားများသည် ရည်ရွယ်ချက်များကို လမ်းညွှန်မှုများအနေဖြင့် အသုံးပြုသင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

လက်ကမ်းစာစောင်(၁၆) ကို စစ်ဆေးရမည့် စာရင်းအနေဖြင့် အသုံးပြုပါ။ ကျောင်းသားများသည် စာပေဆိုင်ရာ စကားလုံးများကိုအသုံးမပြုဘဲ စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို ဖော်ပြလာနိုင်သဖြင့် ထိုသို့ဖော်ပြမှုကို အကောင်းမြင်သော၊ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးခြင်းနှင့် စာပေဆိုင်ရာ စကားလုံးများဖြင့် သေချာစွာဖော်ပြခြင်းများကို ပြုလုပ်နိုင်ရန် ပြင်ဆင်ထားပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် အခြားဘာသာရပ်များ အထူးသဖြင့် ပညာရေးဘာသာရပ်တွင် ၎င်းတို့ သင်ယူလေ့လာခဲ့သည့် စစ်ဆေးအကဲဖြတ်မည့် နည်းလမ်းများကို စာပေဆိုင်ရာ စကားလုံးများဖြင့် သို့မဟုတ် သာမန်စကားလုံးများဖြင့် အကြံပြုနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၂) - ဖြတ်ဆက်လုပ်ငန်းပေးခြင်းဖြင့် ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၂၅ မိနစ်)

၁။ အတန်းကို အုပ်စု ငါးစုဖွဲ့ပြီး လက်ကမ်းစာစောင် (၁၃.၁) မှ (၁၃.၅) အထိ မှ တစ်ခုစီကို အုပ်စုတစ်စုစီအား တာဝန်ပေးအပ်ပါ။

၂။ အုပ်စု ငါးစုမှ တစ်စုစီအား အတန်းတစ်တန်းစီကို ပြန်လည်သုံးသပ်ရန် တာဝန်ပေးအပ်ပါ။

၃။ သင်ယူမှုလုပ်ငန်းကို လက်ကမ်းစာစောင် (၁၆) အား မှီငြမ်း၍ လက်ကမ်းစာစောင် (၁၃) ၏ အပိုင်းတစ်ခုအား သင်ပုန်းပေါ်တွင် ဖြည့်စွက်ခြင်းဖြင့် သရုပ်ပြလုပ် ဆောင်ပါ။

၄။ အုပ်စုတစ်စုစီ၏ အဖွဲ့ဝင်တစ်ဦးစီကို လက်ကမ်းစာစောင် (၁၆)အား မှီငြမ်း၍ မိမိတို့တာဝန်ကျသည့် အတန်း၏ လက်ကမ်းစာစောင်အား ဖြည့်စွက်စေပါ။

၅။ ကျောင်းသားများကို နယ်ပယ်တစ်ခုစီအတွက် အတန်းအလိုက် ရည်ရွယ်ချက်များကို

ဆွေးနွေးစေပြီး နယ်ပယ်တစ်ခုစီတွင် အသုံးပြုနိုင်သော စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို စဉ်းစားစေပါ။

၆။ ဖြတ်ဆက်လုပ်ငန်းများအား ပြန်လည်မျှဝေသည့် လေ့ကျင့်မှုများကို လုပ်ဆောင်စေပါ။ အုပ်စုတစ်စုမှ အဖွဲ့ဝင်တစ်ဦးစီအား နံပါတ်စဉ် ၁ မှ ၅ အထိပေးပါ။ နံပါတ် ၁ များ အားလုံးသည် အုပ်စုတစ်စု၊ နံပါတ် ၂ များ အားလုံးသည် အုပ်စုတစ်စု စသည်ဖြင့် ပြန်လည်ဖွဲ့စည်းပါ။

၇။ ကျောင်းသားများကို အုပ်စုသစ်တွင် အတန်းတစ်တန်းစီအတွက် မိမိတို့ရွေးချယ်ထားသော စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို ဆွေးနွေးစေပါ။ ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းတစ်ခုစီသည် မည်သို့ထိရောက်မှုရှိသနည်း။ မတူညီသော အတန်းအဆင့်များအလိုက် မတူညီသော စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ လိုအပ်ပါသလား။[၁၆]

**ရပ်တန့်ပါ၊ စဉ်းစားပါ။**

အတန်းတစ်ခုစီသည် အုပ်စုအသစ်များတွင်ပါဝင်ကြောင်း သေချာအောင်ပြုလုပ်ပါ။ အုပ်စုအသစ် တစ်ခုစီကို အဖွဲ့ငယ် နှစ်ဖွဲ့စီ ခွဲခြားရန် လိုအပ်နိုင်သည်။ အုပ်စုတစ်စုစီတွင် အတန်းတစ်ခုစီကို ကိုယ်စားပြုရန် ကျောင်းသားတစ်ဦးစီ အနည်းဆုံးပါဝင်အောင် သေချာစွာ လုပ်ဆောင်ပါ။

[၁၆] ဤဆွေးနွေးမှု မေးခွန်းများသည် ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းများဖြစ်ပြီး မှန်ကန်သော အဖြေတစ်ခုတည်းမရှိပေ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေမှန်တစ်ခုတည်းဟူ၍ မရှိသည်ကို အမှတ်ရပါ။ ကျောင်းသားများသည် ရည်ရွယ်ချက်နှင့် စစ်ဆေးအကဲဖြတ်မှုအကြား ဆက်နွယ်မှုများကို မှတ်သားနိုင်ရန် အတွက် ကြည့်ရှုလေ့လာခြင်း နှင့် ကူညီထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်ပါ။ ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်မှု ပုံစံ တစ်ခုစီသည် အခြားပုံစံများထက် အဘယ်ကြောင့် ပိုမိုသင့်တော်သည် စသည်ဖြင့် ရှင်းပြနိုင်ပါ သလား။ ယခုသင်ယူမှု လုပ်ငန်းအတွက် မိမိ၏စစ်ဆေးအကဲဖြတ်မှုများကို ဤသင်ခန်းစာအား မည်သို့ရှေ့ဆက်လုပ်ဆောင်မည်ကို လမ်းညွှန်သတိပေးရန်အတွက် အသုံးပြုပြီး ကျောင်းသားများအား ကူညီထောက်ပံ့မှုများ မည်မျှလိုအပ်သည်ကို ဆုံးဖြတ်လုပ်ဆောင်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လက်ကမ်းစာစောင် (၁၆) ကို အကြံပြုချက်များပေးရန်နှင့် အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင်ရန် အသုံးပြုသင့်သည်။

## သင်ယူမှုလုပ်ငန်း (၃) - အုပ်စုလိုက် ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ လေ့ကျင့်ခန်းမှ တွေ့ရှိချက်များကို ဆွေးနွေးရန် အတန်းကို ဦးဆောင်ပြီး ကျောင်းသားများကို စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများအား ရွေးချယ်ရာတွင် ကြုံတွေ့ခဲ့ရသော အခက်အခဲများကို မျှဝေစေပါ။

၂။ ကျောင်းသားများကို ဤလေ့ကျင့်ခန်းသည် မတူညီသော အတန်းအဆင့်များနှင့် မတူညီ သော သင်ခန်းစာရည်ရွယ်ချက် များအတွက် လိုအပ်သောစစ်ဆေးအကဲဖြတ်မှု အမျိုးမျိုးကို စဉ်းစားရန် အားပေးတိုက်တွန်းကြောင်း ရှင်းပြပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် သင်ယူမှုလုပ်ငန်း (၂) ၏ အဆက်ဖြစ်သည်။ ထပ်မံပြီး ကျောင်းသားများ၏ အောင်မြင်တတ်မြောက်မှုသည် သင်ခန်းစာရည်ရွယ်ချက်နှင့် စစ်ဆေးအကဲဖြတ်မှု အကြား ဆက်စပ်မှုများပြုလုပ်နိုင်သည့် စွမ်းရည်များအပေါ်တွင် များစွာမူတည်ပါသည်။ လိုအပ်ပါက အဖြေမှန်တစ်ခုတည်းဟူ၍ မရှိကြောင်း သတိပေးပြောကြားပြီး အကောင်းဆုံးစစ်ဆေးအကဲဖြတ်မည့် ပုံစံအား ဆုံးဖြတ်မှုသည် အတွေ့အကြုံများနှင့် လေ့ကျင့်လုပ်ဆောင်မှုများအပေါ်တွင် များစွာမူတည်ကြောင်း သတိပေးပြောကြားပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်သည့် ပုံစံတစ်ခုနှင့်တစ်ခုအကြား ခွဲခြားခြင်း သို့မဟုတ် သင်ခန်းစာရည်ရွယ်ချက်အတွက် အသင့်လျော်ဆုံးသော စစ်ဆေးအကဲဖြတ်မှုပုံစံအား ဆုံးဖြတ်ခြင်း၏ အခက်အခဲများကို အကြံပြုခြင်းများ ပြုလုပ်နိုင်သည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၄) - မူလတန်း ပြဋ္ဌာန်းစာအုပ်အား ခွဲခြမ်းစိတ်ဖြာခြင်း (ပထမတန်း) (၁၅ မိနစ်)

၁။ ပထမတန်း ဂီတအနုပညာဘာသာရပ်၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပေးပါ။ ကျောင်းသားများကို ကျောင်းသားကိုင်စာအုပ်ရှိ သင်ယူပြီးမြောက်မှုကို တိုင်းတာခြင်းစာပိုဒ်ကို ကြည့်ရှုစေပါ။

သင်ခန်းစာတစ်ခုစီတွင် ရည်ရွယ်ချက်များရှိပြီး ထိုသင်ခန်းစာအတွက် ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ခြင်းသည် ထိုသင်ခန်းစာရည်ရွယ်ချက်များအား ၎င်းတို့၏ အောင်မြင်ရရှိမှုအပေါ်တွင် အခြေခံပါသည်။ကျောင်းသားများ၏ သင်ခန်းစာရည်ရွယ်ချက်များအား အောင်မြင်ရရှိမှု 'သင့်' အဆင့် အပေါ်တွင် မူတည်ပြီး တိုင်းတာပါသည်။ ဆိုလိုသည်မှာ အကယ်၍ကျောင်းသားတစ်ဦးသည်

'သင့်' အဆင့်ထက်ကျော်လွန်ပြီး ကောင်းမွန်ပါက ထိုကျောင်းသားကို 'အလွန်ကောင်း' အဆင့်ဟု သတ်မှတ်နိုင်ပြီး ထိုကျောင်းသားသည် 'သင့်' အဆင့် ထိရောက်အောင် မလုပ်ဆောင်နိုင်ပါက ထိုကျောင်းသားကို 'ထပ်မံကြိုးစားရန်' အဆင့်ဟု မှတ်ယူနိုင်သည်။

၂။ ပထမတန်း ဂီတအနုပညာပြဋ္ဌာန်းစာအုပ်များကို ဖြန့်ဝေပြီး ကျောင်းသားများကို အခန်း (၁) တေးဆိုငှက်သင်ခန်းစာ မှ စာမျက်နှာ (၁) မှ (၅) အထိ ဖတ်ရှုစေပါ။

၃။ ကျောင်းသားများကို ထိုအခန်းအား လေ့လာကြည့်ရှုရန် အချိန်အနည်းငယ်ခန့်ပေးပြီး နှစ်ယောက်တစ်တွဲစီ ဤသင်ခန်းစာတွင် အောင်မြင်ရရှိမှု 'သင့်'အဆင့်သည် မည်သို့ ဖြစ်နိုင်သည်ကို ဆွေးနွေးစေပါ။

၄။ ကျောင်းသားများကို မိမိတို့၏ အတွေးအခေါ်များအား ဆွေးနွေးရန်နှင့် မှတ်စုများ ရေးသားရန် အချိန်အနည်းငယ်ခန့်ပေးပါ။

၅။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁၄) ပထမတန်း - ဂီတအနုပညာ၏ စစ်ဆေးအကဲဖြတ်ခြင်းကို ဖတ်ရှုရန်ညွှန်ကြားပါ။ လက်ကမ်းစာစောင်တွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်သည့် နယ်ပယ်သုံးရပ်ဖြစ်သော (စိတ်ပါဝင်စားမှု၊ သရုပ်ဖော်နိုင်မှု နှင့် ကျွမ်းကျင်မှုများ)နှင့် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာဆိုင်ရာလုပ်ငန်းများအား နှိုင်းယှဉ် လေ့လာစေပါ။

၆။ ကျောင်းသားများကို တွေ့ရှိချက်များအား နှစ်ယောက်တစ်တွဲစီဆွေးနွေးရန် အချိန် အနည်းငယ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

**အမေးနှင့် အဖြေ ။** ။ ကျောင်းသားအချို့ကို ရွေးချယ်ပြီး မိမိ၏တွေ့ရှိချက်များအား အတန်းသို့ ပြန်လည်တင်ပြရန် စေခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် သင်ခန်းစာရည်ရွယ်ချက်နှင့် စစ်ဆေးအကဲဖြတ်မှု နယ်ပယ်သုံးခုမှ တစ်ခုအား ယှဉ်တွဲနိုင်သင့်သည်။

## သင်ယူမှုလုပ်ငန်း (၅) - ဆရာလမ်းညွှန်အား ခွဲခြမ်းစိတ်ဖြာခြင်း (ပထမတန်း) (၁၅ မိနစ်)

၁။ ပထမတန်း ဂီတအနုပညာ ဆရာလမ်းညွှန်အားဖြန့်ဝေပါ။ အတန်းကို ကျောင်းသား ငါးဦး သို့မဟုတ် ခြောက်ဦးပါဝင်သော အုပ်စုများဖွဲ့ပါ။

၂။ အုပ်စုတစ်စုစီကို အောက်ဖော်ပြပါ သင်ခန်းစာများမှ တစ်ခုစီအား တာဝန်ပေးအပ်ပါ။

- အခန်း ၂ - ပေါင်းစုညီညာဆိုကမယ်
- အခန်း ၃ - မြန်မာအခြေခံအက
- အခန်း ၄ - မြန်မာအခြေခံခေါင်းအက
- အခန်း ၅ - ပလွေမှုတ်ခြင်း
- အခန်း ၆ - ဂီတအသံ(၇)မျိုး

၃။ ကျောင်းသားများကို သင်ခန်းစာရည်ရွယ်ချက်များနှင့် မကိုက်ညီသော စစ်ဆေးအကဲဖြတ်မှုများကို ပြန်လည်သုံးသပ်စေပြီး လက်ကမ်းစာစောင်ပါ (စိတ်ပါဝင်စားမှု၊ သရုပ်ဖော်နိုင်မှုနှင့် ကျွမ်းကျင်မှု) စသည့် နယ်ပယ်သုံးရပ်နှင့် စစ်ဆေးအကဲဖြတ်မှုများ မည်သို့ ဆက်စပ်သည်ကို မှတ်သားစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်မှု နယ်ပယ်သုံးရပ်မှ တစ်ခုနှင့် ဆရာလမ်းညွှန်ပါ အကဲဖြတ်စံများနှင့် ယှဉ်တွဲနိုင်ရန် အုပ်စုများ၏ စွမ်းရည်များကို ကြီးကြပ်လေ့လာပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ယခုအချိန်တွင် ကျောင်းသားများသည် မူလတန်း သင်ရိုးမာတိကာ၏ ဖွဲ့စည်းပုံကို အလုံးစုံ နားလည်သဘောပေါက်မှုများ ရှိသင့်ပြီး စစ်ဆေးအကဲဖြတ်မှု နယ်ပယ်သုံးရပ်မှ တစ်ရပ်နှင့် ဆရာလမ်းညွှန်ပါ အကဲဖြတ်စံများနှင့် ယှဉ်တွဲနိုင်သင့်သည်။

## သင်ယူမှုလုပ်ငန်း (၆) - မူလတန်းပြဋ္ဌာန်းစာအုပ်အား ခွဲခြမ်းစိတ်ဖြာခြင်း (ဒုတိယတန်း) (၁၅ မိနစ်)

၁။ ကျောင်းသားများကို ဒုတိယတန်း ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ်အား မဖြန့်ဝေမီ အတန်း တစ်ခုစီကို ပိုမိုရှုပ်ထွေးသည့် နည်းလမ်းများဖြင့် အကဲဖြတ်မည်ဖြစ်ကြောင်း သတိပေး ပြောကြားပါ။

၂။ ကျောင်းသားများကို အခန်း (၁)၊ စာမျက်နှာ (၁) မှ (၃) အထိ သင်ခန်းစာများဖြစ်သော သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကို ရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်းနှင့် သုံးထောင့်၊ လေးထောင့်၊ အဝိုင်း ပေါင်းစပ်ထားသည့် ရုပ်ပုံများကို ရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း စသည်တို့ကို လေ့လာကြည့်ရှုစေပါ။

၃။ ကျောင်းသားများကို ထိုအခန်းအား လေ့လာကြည့်ရှုရန် အချိန်အနည်းငယ်ခန့်ပေးပြီး ဤသင်ခန်းစာတွင် အောင်မြင်ရရှိမှု 'သင့်' အဆင့်သည် မည်သို့ဖြစ်နိုင်သည်ကို နှစ်ယောက် တစ်တွဲစီ ဆွေးနွေးစေပါ။

၄။ ကျောင်းသားများကို မိမိတို့၏ အတွေးအခေါ်များအား ဆွေးနွေးရန်နှင့် မှတ်စုများ ရေးသား ရန် အချိန်အနည်းငယ်ခန့်ပေးပါ။

၅။ ကျောင်းသားများကိုလက်ကမ်းစာစောင် (၁၅) ဒုတိယတန်း - ပန်းချီအနုပညာ၏ စစ်ဆေး အကဲဖြတ်ခြင်းကို ဖတ်ရှုရန်ညွှန်ကြားပါ။လက်ကမ်းစာစောင်တွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်မှု စံဇယားများ နှင့် စာအုပ်ပါ သင်ခန်းစာ၏ သင်ခန်းစာဆိုင်ရာလုပ်ငန်းများ မည်သို့ဆက်စပ်သည်ကို နှိုင်းယှဉ်လေ့လာစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အိမ်စာလုပ်ငန်းတာဝန် - ကျောင်းသားများ စစ်ဆေးအကဲဖြတ်မှုစံများနှင့် စစ်ဆေး အကဲဖြတ်ခြင်း စံဇယားများအပေါ် နားလည်သဘောပေါက်မှုကို အကဲဖြတ်ရန် ဒုတိယတန်းသင်ခန်းစာများအား ရွေးချယ်တင်ပြစေပါ။

- အခန်း ၂ - သဘာဝပုံသဏ္ဍာန်များကို ကူးယူရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း
- အခန်း ၃ - စက္ကူဖြင့်လက်မှုပစ္စည်းများ တီထွင်ဖန်တီးခြင်း
- အခန်း ၄ - မိမိပတ်ဝန်းကျင်ရှိပစ္စည်းများကိုအသုံးပြု၍ လက်မှုပစ္စည်းများ ဖန်တီးခြင်း
- အခန်း ၅ - မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း

လက်ကမ်းစာစောင် (၁၅) ပါ နမူနာအား မှီငြမ်းပြီး ဤသင်ခန်းစာများမှ အနည်းဆုံး တစ်ခုအတွက် စစ်ဆေးအကဲဖြတ်ခြင်းစံဇယားကို နမူနာရေးဆွဲစေပါ။ ကျောင်းသားများအား သင်ခန်းစာ ရည်ရွယ်ချက်များ အပေါ်အခြေပြု၍ စစ်ဆေးအကဲဖြတ်ခြင်း စံဇယားရေးဆွဲရမည်ဖြစ်ကြောင်း သတိပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

လက်ကမ်းစာစောင် (၁၅) အား နမူနာအဖြစ် ပေးပြီး ယခုစာသင်ချိန်တွင် ကျောင်းသားများသည် အထက်ပါ အကြံပြုထားသော သင်ခန်းစာများမှ အနည်းဆုံးတစ်ခုကို နမူနာ စစ်ဆေးအကဲဖြတ်ခြင်း စံဇယား တည်ဆောက်ရမည်ဖြစ်သည်။ ၎င်းတို့၏ စစ်ဆေးအကဲဖြတ်ခြင်းစံဇယားများသည် အောင်မြင်ရရှိမှု 'သင့်' အဆင့်၊ 'အလွန်ကောင်း' အဆင့် နှင့် 'ထပ်မံကြိုးစားရန်'အဆင့်များကို ဖော်ပြနိုင်ရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများကို ဤသင်ခန်းစာသည် အနုပညာအား စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို မိတ်ဆက်ထားခြင်းဖြစ်ကြောင်း သတိပေးပြောကြားပါ။ ဆရာအတတ်ပညာတတ်ကျွမ်းမှုစံအညွှန်းဘောင် (ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာ

ကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည့်အား သတိပြုစေပါ။

၂။ အောက်ပါမေးခွန်းများကို သင်ပုန်းပေါ်တွင်ရေးသားပြီး အဖြေများကို နှစ်ယောက် တစ်တွဲစီ ဆန်းစစ်စေပါ။

- အနုပညာအား စစ်ဆေးအကဲဖြတ်ခြင်းသည် ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပါသလား။ (ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်း)
- အနုပညာကို မည်သို့စစ်ဆေးအကဲဖြတ်နိုင်ပါသနည်း။(သင်ခန်းစာ ရည်ရွယ်ချက်များ အပေါ် အခြေခံပြီး စစ်ဆေးအကဲဖြတ်ခြင်းစံဇယားများကို အသုံးပြုပြီး အကဲဖြတ်နိုင်သည်။)
- အောင်မြင်ရရှိမှု အဆင့်သုံးဆင့်မှာ အဘယ်နည်း။ (အလွန်ကောင်း၊ သင့်၊ ထပ်မံကြိုးစားရန်။)

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများ အားလုံးသည် အနုပညာအား စစ်ဆေးအကဲဖြတ်ခြင်း တွင် အဖြေအမှန်နှင့် အမှားဟူ၍ မပါဝင်ကြောင်း နားလည်သဘောပေါက်ရန် အလွန် အရေးကြီးပါသည်။ ထိုအချက်အား မြင်သာစေရန် အပိတ်မေးခွန်းများဖြစ်သော ပန်းချီတစ်ခုသည် 'မှားသည်' သို့မဟုတ် 'မှန်သည်' ကို ပြောရန် ဖြစ်နိုင်ပါသလား (မဖြစ်နိုင်ပါ) စသည်ဖြင့် မေးမြန်းပါ။ ရည်ရွယ်ချက်များအား အကဲဖြတ်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ခွဲခြားသတ်မှတ်ရန် တော်သော ကျောင်းသားများအား ဖိတ်ခေါ်အားပေးမှုပြုပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁၆) အား မှီငြမ်းကြောင်း သေချာအောင်ပြုလုပ်ပြီး ကူညီထောက်ပံ့ပေးပါ။ တော်သောကျောင်းသားများကို မိမိတို့အဖွဲ့မှ ရွေးချယ်ထားသောအရာများကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင်ရန် အားပေးဖိတ်ခေါ်မှုပြုပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ ကျောင်းသားများကို ဤသင်ခန်းစာတွင် အဖြေမှန်တစ်ခုတည်းဟူ၍မရှိကြောင်း သတိပေးပြောကြားပြီး ရည်ရွယ်ချက်တစ်ခုစီအတွက် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများများစွာ ဖြစ်နိုင်ကြောင်းနှင့် မိမိအနေဖြင့် အသင့်တော်ဆုံးသော နည်းလမ်းကိုရွေးချယ်ရန် ခက်ခဲနေပါက စိုးရိမ်မှုများ မရှိသင့်ကြောင်းပြောကြားပါ။

**သင်ယူမှုလုပ်ငန်း ၄။** ။ တေးဆိုငှက် သင်ခန်းစာကို အခြေခံပညာ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့ CREATE ၏ အောက်ပါ YouTube တွင် တွေ့ရှိနိုင်ပါသည်။ https://www.youtube.com/watch?v=o461vRreV-s ကျောင်းသားများသည် ကလေးများလုပ်ဆောင်မှုကို 'အလွန်ကောင်း'၊ 'သင့်'၊ နှင့် 'ထပ်မံကြိုးစားရန်' စသည့် သင်ယူတတ်မြောက်မှု အဆင့်များဖြင့် ခွဲခြားသတ်မှတ်နိုင်ပါသလား။

**သင်ယူမှုလုပ်ငန်း ၅ နှင့် ၆။** ။ 'အလွန်ကောင်း'၊ 'သင့်'၊ နှင့် 'ထပ်မံကြိုးစားရန်' စသည့် သင်ယူတတ်မြောက်မှု အဆင့်များအတွက် နမူနာပုံစံများကို ပြင်ဆင်ထားပါ။ ကျောင်းသားများကို သင်ယူတတ်မြောက်မှုအဆင့်များ၏ နမူနာများကို သရုပ်ပြသင်ကြားစေပါ။ ကျောင်းသားများကို သင်ခန်းစာများနှင့် လက်ကမ်းစာစောင်ပါ နမူနာများအကြား နှိုင်းယှဉ်မှုများကို ရံဖန်ရံခါပြုလုပ်ခြင်းဖြင့် ကူညီထောက်ပံ့ပေးပါ။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ နှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်း၏ ကွဲပြားခြားနားမှုမှာ အဘယ်နည်း။

**အဖြေ** *ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းတွင် အဖြေမှန် တစ်ခုထက်ပို၍ ရှိပါသည်။ ဥပမာ - ပန်းချီအား စစ်ဆေးအကဲဖြတ်ခြင်း။ ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းတွင် အဖြေမှန်တစ်ခုတည်းရှိသည်။ ဥပမာ - အချက်အလက်များကို စစ်ဆေးအကဲဖြတ်ခြင်း။*

**မေးခွန်း ၂။** ဂီတအနုပညာ၏ စစ်ဆေးအကဲဖြတ်မှုကို မည်သည့်နယ်ပယ်သုံးရပ်အရ ထည့်သွင်းစဉ်းစားရမည်နည်း။

**အဖြေ** *စိတ်ပါဝင်စားမှု၊ သရုပ်ဖော်နိုင်မှု၊ ကျွမ်းကျင်မှု။*

**မေးခွန်း ၃။** စစ်ဆေးအကဲဖြတ်ခြင်း စံဇယား၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

**အဖြေ** *စစ်ဆေးအကဲဖြတ်ခြင်း စံဇယားသည် ကျောင်းသားများအနေဖြင့် သင်ယူတတ်မြောက်မှု 'သင့်' အဆင့်ရရှိရန် မည်သည်ကို လုပ်ဆောင်ရမည်ကို ဖော်ပြထားခြင်းဖြစ်သည်။ အောင်မြင်တတ်မြောက်မှုသည် ထို'သင့်'အဆင့်ထက် မြင့်မားခြင်း နိမ့်ခြင်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်းစံဇယားတွင် အများအားဖြင့်ဖော်ပြသောကြောင့် အောင်မြင်တတ်မြောက်မှု အဆင့်အမျိုးမျိုးကို စစ်ဆေးအကဲဖြတ်နိုင်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- အနုပညာဘာသာတွင် အသုံးပြုထားသော စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများသည် ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းထက် ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းများဖြစ်သည်။

  - ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းတွင် ယေဘုယအားဖြင့် အဖြေမှန်တစ်ခုတည်း ရှိသည်။

  - ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းတွင် အဖြေမှန် တစ်ခုထက်ပို၍ ရှိနိုင်သည်။

- စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ မည်မျှ သင်ယူတတ်မြောက်ပြီးစီးသည်ကို သိရှိရန်နှင့် ထပ်မံလိုအပ်သော သင်ယူမှုလိုအပ်ချက်များကို ရှာဖွေရန်ဖြစ်သည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ဖွံ့ဖြိုးတိုးတက်စေရန် အလွန်အရေးပါသော လုပ်ငန်းစဉ်ဖြစ်သည်။ စစ်ဆေးအကဲဖြတ်ခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်နိုင်ပြီး သင်ခန်းစာသင်ယူနေစဉ် သို့မဟုတ် သင်ယူပြီးအချိန်ကာလတွင် ပြုလုပ်နိုင်သည်။

- သင်ခန်းစာ၏ ရည်ရွယ်ချက်များအရ ကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရန် အရေးကြီးသည်။ တစ်နည်းအားဖြင့်ဆိုရသော် ကျောင်းသားများသည် သင်ခန်းစာရည်ရွယ်ချက်များကို မည်မျှ အောင်မြင်ရရှိ ပါသနည်း။

- ဂီတအနုပညာ သင်ခန်းစာများကို စိတ်ဝင်စားမှု၊ သရုပ်ဖော်နိုင်မှုနှင့် ကျွမ်းကျင်မှု စသည့် နယ်ပယ်သုံးရပ်ဖြင့် စစ်ဆေးအကဲဖြတ်သည်။

ပန်းချီအနုပညာနှင့် ဂီတအနုပညာကို 'အလွန်ကောင်း'၊ 'သင့်'၊ 'ထပ်မံကြိုးစားရန်' စသည့် သင်ယူပြီးမြောက်မှု အဆင့်သုံးခုပါဝင်သော စစ်ဆေးအကဲဖြတ်ခြင်း စံဇယားများဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ သင်ရိုးမာတိကာတွင် 'သင့်' အဆင့်ကိုသာ အသေးစိတ်ဖော်ပြထားပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းတွင် မတူညီသော စစ်ဆေးအကဲဖြတ်မှုပုံစံများကို လေ့လာရန် အခွင့်အလမ်းများ ရရှိခဲ့ပြီဖြစ်ပြီး မူလတန်းကျောင်းတွင် မည်သို့ အသုံးပြုရမည်ကို ခွဲခြားသိရှိပြီးဖြစ်သည်။ ယေဘုယျအားဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၏ အဓိကအချက်ကို ထည့်သွင်းစဉ်းစားပါ။ ကျောင်းသားများကို အဘယ်ကြောင့် စစ်ဆေးအကဲဖြတ်သနည်း။ ဆရာက ကျောင်းသားများအား စစ်ဆေးအကဲဖြတ်မှုကို လုံးဝမပြုလုပ်ပါက မည်သည့်အရာများဖြစ်ပေါ်နိုင်မည်နည်း။

အနုပညာ၏ စစ်ဆေးအကဲဖြတ်ခြင်းသည် အခြားဘာသာရပ်များနှင့် မတူညီဘဲ ပုဂ္ဂလဓိဋ္ဌာန်ကျကျ စစ်ဆေးအကဲဖြတ်ခြင်းများကို မကြာခဏ အသုံးပြုသည်။ ဤနည်းလမ်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၏ အားနည်းချက်နှင့် အားသာချက်များမှာ အဘယ်နည်း။

စစ်ဆေးအကဲဖြတ်သည့်စံများနှင့် အကဲဖြတ်စံဇယားများကို အာရုံစူးစိုက်ရမည်ဖြစ်ပြီး ထိုစံများသည် သင်ခန်းစာတစ်ခုစီ၏ အောင်မြင်တတ်မြောက်မှုသည် မည်သည်ကို ဆိုလိုသည်ကို သတ်မှတ်ပေးမည်ဖြစ်သဖြင့် မိမိနှင့် ကျောင်းသားများအတွက် အထောက်အကူပြုမည်ဖြစ်သည်။ စစ်ဆေးအကဲဖြတ်မည့်စံများနှင့် စစ်ဆေးအကဲဖြတ်ခြင်းစံဇယားများသည် ဆရာအတွက်သာ လျှို့ဝှက်ထားရှိရသောအရာ မဖြစ်သင့်ပေ။ မိမိအနေဖြင့် ကျောင်းသားများအား မည်သည်ကို အလိုရှိကြောင်း ပြောပြထားပါက ၎င်းတို့သည် အောင်မြင်တတ်မြောက်မှုကို မျှော်မှန်းနိုင်မည် ဖြစ်သည်။

မိမိ၏ ကျောင်းသားများကို အောင်မြင်တတ်မြောက်မှုဆိုသည်မှာ မည်သို့သော အရာဖြစ်ကြောင်း ပြောပြနိုင်မည့် အခြားကောင်းမွန်သော အကြောင်းပြချက်များကို စဉ်းစားပါ။ ဘာသာရပ်၏ မတူညီသောနယ်ပယ်များကို ထည့်သွင်းစဉ်းစားပြီး အောင်မြင်တတ်မြောက်မှု ဆိုသည်မှာ မည်သို့သော အရာဖြစ်ကြောင်း ကျောင်းသားများအားပြသနိုင်မည့် မတူညီသောနည်းလမ်းများကို မည်မျှ စဉ်းစားနိုင်ပါသနည်း။

မိမိသည် အတွေ့အကြုံရင့်ကျက်သောဆရာဖြစ်လာသည်နှင့် ကျောင်းသားများကို ထိရောက်စွာ စစ်ဆေးအကဲဖြတ်နိုင်သော မိမိ၏စွမ်းရည်များကို ပိုမိုယုံကြည်မှုရှိလာမည်ဖြစ်သည်။ ထိုစွမ်းရည်များသည် မိမိ၏သင်ကြားရေးကို ကျောင်းသားများ၏ လိုအပ်ချက်အလိုက် လိုက်လျောညီထွေမှုရှိအောင် ပြုပြင်နိုင်စေရန် စွမ်းဆောင်ပေးမည်ဖြစ်သည်။

မည်သည့် စစ်ဆေးအကဲဖြတ်မည့်လုပ်ငန်းကို အသုံးပြုရန် ဆုံးဖြတ်ချက်ချခြင်းသည် စစ်ဆေးအကဲဖြတ်မည့် လိုအင်တွင် များစွာမူတည်ပါသည်။ စစ်ဆေးအကဲဖြတ်မည့် ပုံစံအား မရွေးချယ်မီ ဆရာက မည်သူတို့အား စစ်ဆေးအကဲဖြတ်မည်၊ သင်ယူမှု၏ မည်သည့်အဆင့်ကို စစ်ဆေးအကဲဖြတ်မည်၊ စစ်ဆေးအကဲဖြတ်မှုသည် ဓမ္မဓိဋ္ဌာန်ကျကျ သို့မဟုတ် ပုဂ္ဂလဓိဋ္ဌာန်ကျကျ ဖြစ်ရန်လိုအပ်သည်၊ အားနည်းချက်များကို ရှာဖွေစစ်ဆေးရမည် သို့မဟုတ် အကဲဖြတ်ရမည် စသည့် အကြောင်းအရာများကို ဦးစွာထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။ ထက်မြက်သော ဆရာများသည် စစ်ဆေးအကဲဖြတ်မှုပုံစံတစ်ခုစီအား မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် အသုံးပြုရမည်ကို နားလည်သဘောပေါက်မည် ဖြစ်သည်။ ကျောင်းသားများ၏ လိုအပ်ချက်များအလိုက် ပြည့်မီစေရန် စစ်ဆေးအကဲဖြတ်မှု ပုံစံတစ်ခုစီကိုလည်း အံဝင်ဂွင်ကျဖြစ်အောင် စီမံနိုင်ပါသည်။ အပိတ်မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်မှုများကို ပိုမိုဖြန့်ကြက်မေးမြန်းနိုင်ပြီး အဖွင့်မေးခွန်းပုံစံဖြင့် စစ်ဆေးမေးခွန်းများကိုလည်း ပိုမိုအကျဉ်းချုံး မေးမြန်းနိုင်သည်။

အတွေ့အကြုံများနှင့် အလေ့အကျင့်များရရှိရန် မူလတန်းသင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ (CREATE) ၏ YouTube channel မှ သရုပ်ပြသင်ခန်းစာများကိုကြည့်ရှုပြီး ဆရာလမ်းညွှန်တွင် ဖော်ပြထားသော သင်ယူမှုရည်ရွယ်ချက်နှင့် စစ်ဆေးအကဲဖြတ်မှုစံများအပေါ်တွင် အခြေခံ၍ ကျောင်းသားများကို စစ်ဆေးပါ။ မိမိ၏ စစ်ဆေးအကဲဖြတ်မှုများကို သူငယ်ချင်းနှင့် နှိုင်းယှဉ်ပြီး စစ်ဆေးအကဲဖြတ်ခြင်းစံဇယားကိုအသုံးပြုပြီး မိမိ၏ စစ်ဆေးအကဲဖြတ်မှုကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင်ရန် ပြင်ဆင်ထားပါ။

## ဆက်လက်ဖတ်မှတ်စရာများ

### ၄.၁

A selection of assessment ideas for visual arts and performing arts at primary and middle school levels, with sample assessment papers and rubrics (in English, free registration required):

Arts achieve. (2019). *Performance Assessment.* Retrieved from arts achieve website: http://www.artsachieve.org/assessment

An informative, clear and useful guide to using and creating rubrics (in English):

The Center for Faculty Development. (2006). *Creating a Rubric.* Retrieved from University of Colorado Denver website: http://www.ucdenver.edu/faculty_staff/faculty/center-for-faculty-development/Documents/Tutorials/Rubrics/index.htm

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **'အလွန်ကောင်း' အဆင့်** | အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဆရာက စစ်ဆေး အကဲဖြတ်ရာတွင် 'သင့်'အဆင့်ထက်ပိုသော အောင်မြင်မှု အဆင့် ရရှိခြင်း။ |
| **ရှေးလူ့အသုံးအဆောင်ပစ္စည်းများ** | လူ့ပုဂ္ဂိုလ်မှ ပြုလုပ်ထားသော ကိရိယာ သို့မဟုတ် တန်ဆာ စသည့် အရာဝတ္ထုများ။ အထူးသဖြင့် ရှေးခေတ်စိတ်ဝင်စားမှုအကြောင်းအရာများ*။ |
| **စစ်ဆေးအကဲဖြတ်ခြင်း စံ** | မည်သည့်အရာများအား စစ်ဆေးအကဲဖြတ်မည် စသည့် စံများကို ဖော်ပြချက်။ |
| **ပုံသွန်းခြင်း** | ပူသောအရည်များလောင်းပြီး အရာဝတ္ထုပြုလုပ်ခြင်း။ ဥပမာ ကျိုထားသောသတ္တုကို ပုံစံခွက်ထဲသို့လောင်း၍ မာကျောလာအောင် ပုံသွန်းခြင်း*။ |
| **မီးသွေး** | သစ်သားအား လောင်ကျွမ်းစေခြင်းမရှိသော ပုံဆွဲရန် အသုံးပြုနိုင်သော ကာဗွန်ပုံစံ အနက်ရောင် အစိုင်အခဲ။ |
| **ရွှံ့** | စိုစွတ်သောအခါ နူးညံ့ပြီး၊ ခြောက်သောအခါနှင့် ဖုတ်လိုက်သောအခါ မာကြောသောအုတ်များနှင့် ထည့်စရာခွက်များ ဖြစ်လာရန် အသုံးပြုသော သိပ်သည်းလေးလံသော မြေကြီး၊* |
| **ဖွဲ့စည်းပုံ** | အနုပညာလက်ရာတွင် အရာဝတ္ထုများနှင့် လူများ၏ ဖွဲ့စည်းပုံ။ |
| **အသေးစိတ်ဖော်ပြမှု** | ဖော်ပြချက်၊ ပြသချက်၊ ပေါ်လွင်မှု။ |
| **'ထပ်မံကြိုးစားရန်' အဆင့်** | အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဆရာက စစ်ဆေးအကဲဖြတ်ရာတွင် 'သင့်' အဆင့်အောက် အောင်မြင်မှုအဆင့် ရရှိခြင်း။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ပန်းကုံးပန်းဆိုင်း | ပန်းကုံး၊ ပန်းဆိုင်း စသည်ဖြင့် တန်ဆာဆင်မှု။ |
| ခြူးပန်းခြူးနွယ် | ပန်းများ၊ သစ်ရွက်များနှင့် အကိုင်းအခက်များ အတူတကွ ယှက်နွယ်နေသောအရာများကို အခြေခံသော ဒီဇိုင်းပုံစံအမျိုးအစား။* |
| စဥ့်ရည်သုတ် | အရည်ပုံစံများကို ပေါင်းစပ်ခြင်းနှင့် အပူပေးခြင်း သို့မဟုတ် အခြောက်ခံခြင်းဖြင့် မျက်နှာပြင်များကို တောက်ပလာအောင် အရောင်တင်ခြင်း။* |
| ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း | အတွေးအမြင်များနှင့် အယူအဆများကို ရုပ်ပုံများ သို့မဟုတ် ဇယားများ (ဥပမာ - အကြောင်းအရာ ဆက်သွယ်ပုံပြ) ဖြင့် ပုံစံအမျိုးမျိုးအား ဖော်ပြခြင်းနှင့် စီမံခြင်း။ |
| စိတ်၌ဖြစ်ပေါ်မှုကို ပန်းချီရေးဆွဲခြင်း | ပြင်သစ်နိုင်ငံ ၁၉ ရာစုမှ စတင်ပြီး ပန်းချီဆရာများ၏ အမှန်တကယ် ဖြစ်ပျက်မှုထက် စိတ်၌ဖြစ်ပေါ်မှုကို ဆေးရောင်နှင့် အလင်းရောင်တို့ဖြင့် ဖန်တီးဖော်ပြသော ပန်းချီရေးခြယ်ဟန်တစ်မျိုး။ |
| ကနုတ် | ကြာပန်းမှ စတင်ရေးဆွဲသည်ဟု ယုံကြည်ထားသော ပန်းပုံစံရေးဆွဲခြင်းတစ်မျိုး။ |
| ရှုခင်းပုံ | ကျေးလက်ဒေသ၏ ရုပ်ပုံ၊ ထိပ်ပိုင်းနှင့် အောက်ခြေတွင် ရှည်လျားသော အစွန်အဖျားများပါဝင်သော ရုပ်ပုံ(ဆန့်ကျင်ဘက် - ပုံတူပန်းချီ) |
| လမ်းညွှန်မည့် မျဉ်း | ရှုထောင့်များ ပုံသဏ္ဌာန်များကို လမ်းညွှန်သည့်အနေဖြင့် ပန်းချီဆရာမှ ဝေဝါးစွာဆွဲထားသော မျဉ်း။ |
| ခါးဝတ်ထည်စ | ခါးနှင့် ခြေထောက်များတွင် ဝတ်ဆင်သော သားရေ သို့မဟုတ် အဝတ်အထည်တစ်ခုအနေဖြင့်အသုံးပြုသော ရိုးရှင်းသော အထည်တစ်ခု။ |
| ကျိုချက် သွန်းလုပ်ထားသော | အပူချိန်အမြင့်တွင် အပူပေးထားသော ပျော်နေသော အရည်။* |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ရွေ့လျားမှု | အနုပညာတွင် ရွေ့လျားမှုကို ကိုယ်စားပြုသောအရာ။ |
| နံရံဆေးရေးပန်းချီ | နံရံပေါ်တွင် ရေးဆွဲဆေးခြယ်ထားသော ကြီးမားသော ရုပ်ပုံ။ |
| ဓမ္မဓိဋ္ဌာန်ကျကျ | အခြေမှန် တစ်ခုတည်းရှိသော စစ်ဆေးအကဲဖြတ်မှု ပုံစံတစ်မျိုး။ |
| မျဉ်းစောင်း | ထောင့်ဖြတ်မျဉ်း။ |
| ကောက်ကြောင်း | အရာဝတ္ထု၏ ပုံသဏ္ဍာန်အရိပ်ကိုသာ ဖော်ပြသော ရုပ်ပုံ သို့မဟုတ် ပန်းချီ။ |
| မြင်ကွင်းကျယ် | ကျယ်ပြန့်သော ဧရိယာမြင်ကွင်းကို ဖော်ပြချက်။* |
| ကော်ပါဝင်သည့် စက္ကူပျော့ဖတ် | ကော်ပါသည့် စက္ကူပျော့ဖတ်ဖြင့် ပြုလုပ်ထားသော အရာဝတ္ထု၊ ၎င်းအရာဝတ္ထုဖြင့် ပြုလုပ်ထားသော ပစ္စည်းများ။ |
| ထောင့်မှန်ကျသော | မျက်နှာပြင်နှင့် ထောင့်မှန်တည်ရှိသော။ |
| ဆိုးဆေး | ဆီ သို့မဟုတ် ရေဖြင့် ရောစပ်ထားသော အရောင်ဖြစ်ပေါ်စေသော အရာ။ |
| စုလစ်မွန်းချွန် | အဆောက်အအုံ၏ ထိပ်ပိုင်းတွင်ရှိသော မျှော်စင်ငယ်။* |
| မော်ကွန်းပြား | နံရံ၊ တံခါး သို့မဟုတ် အခြားအရာဝတ္ထုများတွင် မော်ကွန်းထိုးထားသော သံ၊ ကျောက်၊ သစ်သား သို့မဟုတ် ပလတ်စတစ်ပြား စသည်။ |
| ပုံတူပန်းချီ | လူပုဂ္ဂိုလ်၏ ရုပ်ပုံ၊ ဘယ်ဘက်နှင့် ညာဘက်တွင် ရှည်လျားသော အစွန်းရှိသော ရုပ်ပုံ (ဆန့်ကျင်ဘက် - ရှုခင်းပုံ) |
| မူလအရောင် | အနီ၊ အဝါနှင့် အပြာ စသည့် ဒုတိယအရောင်များကို ဖန်တီးနိုင်သည့် အရောင်များ။ |
| ရုပ်ကြွပုံသွန်းမှု | ပြင်ညီမျက်နှာမှ ရုပ်ကြွထုလုပ် ပုံသွန်းမှု ပုံစံ။+ |
| သစ်စေး | သစ်ပင်အချို့မှရရှိသော ထူသော၊ စေးကပ်သော အရာများကို ထုတ်ပေးသော မာကြောသော အဝါရောင်အစေး။* |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား | ကျောင်းသားများ၏လုပ်ဆောင်မှုကို စစ်ဆေးအကဲဖြတ်ရန် အဖြေမှန်တစ်ခုတည်းမရှိသော သင်ယူမှုလုပ်ငန်းများအတွက် အမျိုးမျိုးသော အောင်မြင်ပေါက်မြောက်မှုအဆင့်များကို ဖော်ပြသော ဆရာများကို ကူညီမည့် လမ်းညွှန်တစ်ခု။ |
| 'သင့်' အဆင့် | အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် သင်ခန်းစာ၏ ရည်ရွယ်ချက် ပေါက်မြောက်ရန် လိုအပ်သောအဆင့်။ |
| ရုပ်လုံးရုပ်ကြွ | ကျောက်ခဲ၊ ရွှံ့နှင့် သတ္တုများကဲ့သို့သော သဘာဝပစ္စည်းများမှ ရိုးရာ ပစ္စည်းများ ပြုလုပ်သော မတူညီသော အနုပညာ အမျိုးမျိုး။+ |
| အချပ်၊ အပြား | ကျောက်ခဲ၊ သစ်သား သို့မဟုတ် သတ္တုများကဲ့သို့သော အထူးသဖြင့် လေးထောင့်ပုံ သို့မဟုတ် ထောင့်မှန်ပုံရှိသော အစိုင်အခဲ အရာဝတ္ထု တစ်ခု၏ ထူသော ပြားသော အရာ။* |
| စုတ်ချက်/ခဲခြစ်ရာ | စုတ်တံ၊ ခဲတံ စသည့် အရာများ၏ ရွေ့လျားမှုဖြင့် ဖြစ်ပေါ်လာသော အမှတ်အသား။ |
| ဖွဲ့စည်းပုံ | အနုပညာ၏ အစိတ်အပိုင်းတစ်ရပ်ကို ကိုယ်စားပြုမှု။ |
| အင်္ဂတေသရွတ် | နံရံများ မျက်နှာကြက်များကို ဖုံးအုပ်ရန်အတွက် တန်ဆာဆင်သော ပုံစံများအဖြစ် ဖန်တီးပုံဖော်နိုင်သော မဆလာ အင်္ဂတေန တစ်မျိုး။* |
| ပုထိုး | ဓာတ်တော် အမွေအနှစ်များ ပါဝင်သော လိပ်ခုံးပုံသဏ္ဍာန်ရှိသည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံ။ |
| အသေးစိတ်ကို ရိုးရှင်းစွာ ဖော်ပြထားသော ပုံစံ | သဘာဝဆန်မှု သို့မဟုတ် ဖြစ်ရပ်မှန်ထက် ရိုးရှင်းစွာ အသေးစိတ်ဖော်ပြထားမှု။* |
| ကညစ် | ရေးခြင်း၊ မှတ်သားခြင်း သို့မဟုတ် ပုံဖော်ခြင်းအတွက် အသုံးပြုသော သေးငယ်သော ချွန်သော ကိရိယာ။ |
| ပုဂ္ဂလဓိဋ္ဌာန်ကျကျ | အဖြေအမျိုးမျိုး သို့မဟုတ် အနစ်ချုပ်အမျိုးမျိုးဖြစ်နိုင်သော စစ်ဆေး အကဲဖြတ်မှု ပုံစံ။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ကြက်ဥအကာ ရောရသော ရေဆေး | အရောင်တင်ရန်အတွက် ကြက်ဥဖြင့် ရောစပ်ပြီး အထောက်အကူပစ္စည်းအဖြစ် အသုံးပြုသည့် ဆေးတစ်မျိုး။[+] |

[+] *ရင်းမြစ်* - Artsy.net, retrieved from https://www.artsy.net
* *ရင်းမြစ်* - Cambridge Advanced Learner's Dictionary & Thesaurus. (2019). Cambridge University Press. Retrieved from https://dictionary.cambridge.org/dictionary/english

# ကျမ်းကိုးစာရင်း

Andrews, M. F. (1966). *Sculpture and Idea. New Jersey:* Prentice Hall.

Arts achieve. (2019). *Performance Assessment*. Retrieved from arts achieve website: http://www.artsachieve.org/assessment

Burma Socialist Programme Party. (1970). *Basic History of Myanmar Politics, Vol. I* (1st ed.).

*Cambridge Advanced Learner's Dictionary & Thesaurus.* (2019). Retrieved from https://dictionary.cambridge.org/dictionary/english

Cooler, R. (n.d.). *The Art and Culture of Burma.* Retrieved from http://seasite.niu.edu/burmese/Cooler/BurmaArt_TOC.htm

CREATE Project. (2018). *G2 Visual Arts 'Creating Flowers and Flower Pot Using Paper'.* Retrieved from https://www.youtube.com/watch?v=Ng44-n3xC10&feature=youtu.be

Create. (n.d.). *CREATE channel*. Retrieved from youtube website: https://www.youtube.com/channel/UC0pW4hIlFEAbZiN_4ez9hRA/videos

*Dictionary of Myanmar Performing and Plastic Arts* (1st ed.). (2001). Union of Myanmar Ministry of Culture.

Dun., K. (1920). Lacquerware called ‘yun’. *Journal of the Burma Research Society.*

*Encyclopedia Britannica,* Vol. 7. (1945). Encyclopædia Britannica, Inc.

Fraser-Lu, S. (1985). *Burmese lacquerware.* Bangkok: Tamarind Press.

Fujie, M., & Satou, Y. (2011). *Zugakousaku Kenkyu.* Nihon Bunkyou Shuppan.

Fussell, M. (2019). *The Stages of Artistic Development.* Retrieved from The Viral Instructor website: https://thevirtualinstructor.com/stages-of-artistic-development.html

Gyi., K. M. (1981). *Burmese lacquer.* Yangon: Sarpaybeikman.

Gyi., Z. (1951). *Ancient and traditional art of Myanmar.* Ministry of Culture: Archaeology Department.

Gyi., Z. (2014). *Literary Landscape* (1st ed.). Myanmar.

Han., U. T. (1961). Art in Burma. In Japan Cultural Forum (Ed.), *Modern Art of Asia: New Movements and Old Traditions*. Tokyo: Toto Shuppan Company.

Hays, J. (2013). *Southeast Asia*. Retrieved from facts and details website: http://factsanddetails.com/southeast-asia/

Hays, J. (2014). *Burmese Painting and Modern Art.* Retrieved from facts and details website: http://factsanddetails.com/southeast-asia/Myanmar/sub5_5e/entry-3085.html

Hays, J. (2014). *GOLD BEATING AND GOLD FOIL MAKING IN MYANMAR.* Retrieved from facts and details website: http://factsanddetails.com/southeast-asia/Myanmar/sub5_5e/entry-3087.html

Hlaing., U. T. (2016). *Myanmar-English Dictionary of Ancient Myanmar Historical Terms.* Nay Pyi Taw: Department of Historical Research and National Library.

Ke., U. B. (2015). *Bagan Research Guide* (2nd ed.; T. W. Hlaing, Ed.).

Kyi., U. P. (2016). *The 10 kinds of Myanmar flower art: The 21st century art record, 1st edition.* Mandalay: Munzuthaka Art.

Lokanat Galleries, & Prosoft Dynamic Web Studios. (2019). *Lokanat Galleries.* Retrieved from http://www.lokanatgalleries.com/index.php

Lowenfeld, & Brittain. (1987). *Creative and Mental Growth* (8th ed.). Prentice Hall.

Myanmar Language Commission. (1993). *Myanmar-English Dictionary.* Ministry of Education, Union of Myanmar.

Naing, R. K. K. (1987). *Myanmar sculpture that deserves to be inherited.* Yangon: Sarpaybeikman.

Naing, R. K. K. (1997). *The history of Myanmar art.* (1st ed.). Yangon: Sarpaybeikman.

Naing., R. K. K. (1997). *The history of Myanmar art.* (1st ed.). Yangon: Sarpaybeikman.

Naing., U. M. (1975). *Royal artist U Kyar Nyunt and his works.* Ministry of Culture.

Nyun., D. K. (1987). 'The 10 flower arts in Bagan period.' *Fine Arts Research Sub-Committee Paper Reading Session.*

O'Reilly, L., & Cyr, T. (2006). *Creating a Rubric.* Retrieved from University of Colorado Denver website: http://www.ucdenver.edu/faculty_staff/faculty/center-for-faculty-development/Documents/Tutorials/Rubrics/index.htm

Pearlman, E. (2017). *A Brief History of Contemporary Art in Myanmar.* Retrieved from Hyperallergic website: https://hyperallergic.com/374488/a-brief-history-of-contemporary-art-in-myanmar/

Shin, N. W. (1998). *Myanmar art, sculptors and architects, Vol. 1.* Yangon: Sarpaybeikman.

Shin., D. N. (1978). *Myanmar traditional production of 10 flower arts.* Yangon: Sarpaybeikman.

Stargardt, J. (1991). *Ancient Pyu of Burma, Early Pyu Cities in a Man-made Landscape, Vol. 1.* Singapore: Institute of Southeast Asian Studies.

Thein, M. M. (2001). *The study of parabeik art.* Yangon: Sarpaybeikman.

Thein., H. A. (1982). *An introduction to the pavilion art*. Yangon: Sarpaybeikman.

Tun, D. T., & Myint., U. A. (2011). *Ancient Myanmar Designs.* Bangkok: i-Group Press.

Tun., B. H. T. (2004). *The stream of Myanmar paintings.* Yangon: Sarpaybeikman.

Tun., T. (n.d.). *Ahthit-myin Burma Thamaing (The History of Burma Seen from A New Aspect).*

Win., U. T. (n.d.). *Drawing Methodology: The Art of Drawing for Schools in Burma.*

Yoma Technologies. (2019). *Trish Gallery.* Retrieved from https://www.trishgallery.com

# နောက်ဆက်တွဲများ

# လက်ကမ်းစာစောင် (၁)
# မူလတန်းပန်းချီ အနုပညာသင်ကြားခြင်း၏ အဆင့်သုံးဆင့် (သင်ခန်းစာ ၃.၁.၁)[၁၇]

## ပန်းချီအနုပညာ သင်ခန်းစာများ သင်ကြားခြင်း၏ အဓိကအကြောင်းအရာ

ပန်းချီအနုပညာ သင်ကြားခြင်း၏ အရေးပါသောအကြောင်းရင်းများမှာ ပန်းချီရေးဆွဲခြင်းနှင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်းဖြင့် မူလတန်းကျောင်းသားများ၏ တွေးတောဆင်ခြင်မှု၊ စိတ်ကူးပုံဖော်မှုနှင့် တီထွင်ဖန်တီးမှု စသည့် ကျွမ်းကျင်မှုများ ရရှိစေရန် ဖြစ်သည်။ မူလတန်းကျောင်းသားများသည် တီထွင်ဖန်တီးမှုများ ပြုလုပ်ပြီး ပျော်ရွှင်စွာ သင်ယူသင့်သည်။

မူလတန်းပန်းချီအနုပညာသင်ခန်းစာများအား သင်ကြားရန် အဆင့်သုံးဆင့်ရှိပါသည်။ ထိုအဆင့်သုံးဆင့်ကို ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် သင်ကြားသင့်သည်။ ထို့အပြင် ပန်းချီအနုပညာသင်ခန်းစာများကို သင်ကြားရာတွင် မသင်ကြားမီ ကြိုတင်ပြင်ဆင်ခြင်းနှင့် သင်ကြားပြီး လုပ်ဆောင်ရမည့်လုပ်ငန်းများ လုပ်ဆောင်ခြင်းသည်လည်း အလွန်အရေးကြီးသည်။

## ပန်းချီအနုပညာ သင်ကြားခြင်း၏ အဆင့်သုံးဆင့်

### အဆင့် (၁) မိတ်ဆက်ခြင်း

သင်ခန်းစာအစတွင် မူလတန်းကျောင်းသားများ သင်ခန်းစာတွင် မည်သို့ပြုလုပ်ရမည်ကို နားလည်စေရန် မူလတန်းပြဆရာက သရုပ်ပြသင်ကြားသင့်သည်။

မူလတန်းကျောင်းသားများက သရုပ်ပြသင်ကြားမှုကို ကြည့်ရှုလေ့လာခြင်းသည် မူလတန်းပြဆရာက ရှင်းလင်းပြောကြားခြင်းထက် ဘာသာရပ်၏ သင်ယူရမည့် အကြောင်းအရာများကို ပိုမိုနားလည်သဘောပေါက်မှုများ ရရှိမည်ဖြစ်သည်။

[၁၇] ရုပ်ပုံများနှင့် ဓာတ်ပုံများ အားလုံးသည် CREATE ၏ မူပိုင်ခွင့်ဖြစ်သည်။ ထိုပုံများကို ပညာရေးကောလိပ်စာအုပ်များအတွက် အသုံးပြုနိုင်သည်။





- မူလတန်းကျောင်းသားများအား သင်ခန်းစာ ရည်ရွယ်ချက်နှင့် တီထွင်ဖန်တီးမှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို နားလည်နိုင်ရန်အတွက် မူလတန်းပြဆရာက သရုပ်ပြသင်ကြားရန် လိုအပ်သည်။

- မူလတန်းပြဆရာက ပန်းချီအနုပညာလက်ရာများ ထွက်ပေါ်လာအောင် ပြုလုပ်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို သင်ကြားပေးရမည်။

- အဆင့် တစ်ဆင့်ပြီးတစ်ဆင့် အသေးစိတ် သရုပ်ပြပြီး ရှင်းပြပေးရမည်။

- မူလတန်းကျောင်းသားများအား မူလတန်းပြဆရာ၏ သရုပ်ပြသင်ကြားမှုကို ပုံတူကူးခြင်းမျိုး မဟုတ်ဘဲ မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်များကို အခြေခံပြီး အနုပညာလက်ရာများ ပြုလုပ်ရန် အားပေးတိုက်တွန်းရမည်။
- ကတ်ကြေးများကဲ့သို့သော ပစ္စည်းကိရိယာများကို ဘေးကင်းစွာ အသုံးပြုနေကြောင်း သေချာအောင် ကြည့်ရှုရမည်။

သရုပ်ပြသင်ကြားမှု ပြီးဆုံးပါက အချို့သော သင်ခန်းစာများတွင် မူလတန်းကျောင်းသားများကို သရုပ်ပြသင်ကြားထားပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်လုပ်ဆောင်စေမည်။

မူလတန်းပြဆရာသည် မူလတန်းကျောင်းသားများအား သင်ထောက်ကူပစ္စည်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် လုံလောက်သောအချိန် ပေးရမည်။

မူလတန်းပြဆရာက မူလတန်းကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများ မှတစ်ဆင့် ပန်းချီအနုပညာအား မည်သို့ဖန်တီးရမည်ကို နားလည်စေခြင်း သို့မဟုတ် အကြံဉာဏ်ပေးခြင်း နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို မူလတန်းကျောင်းသားများအား သတိပေးခြင်းတို့ကို လုပ်ဆောင်သင့် သည်။

ရသခံစားတန်ဖိုးထားမှု နယ်ပယ်၏ သင်ခန်းစာများတွင် သင်ကြားပြသမည့် နမူနာပစ္စည်း အစစ်အမှန်များကို ပြသခြင်း သို့မဟုတ် မရရှိနိုင်ပါက ရုပ်ပုံများကို ကြည့်ရှုလေ့လာစေခြင်းဖြင့် မူလတန်းပြ ဆရာသည် သင်ခန်းစာအကြောင်းအရာများကို မူလတန်းကျောင်းသားများ စိတ်ဝင်စားလာစေရန် ကူညီပေးရမည်။ မူလတန်းကျောင်းသားများအား ဘာသာရပ်နှင့်ပတ်သက်ပြီး မေးခွန်းများ မေးမြန်းရန်နှင့် ထင်မြင်ယူဆချက်များကို မျှဝေရန် နှိုးဆော်တိုက်တွန်းပေးရမည်။

## အဆင့် (၂) ဖန်တီး လုပ်ဆောင်ခြင်း

မိတ်ဆက်ခြင်းအဆင့် ပြီးဆုံးပါက မူလတန်းပြဆရာသည် မူလတန်းကျောင်းသားများအား မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုပြီး မိမိကိုယ်ပိုင် ဖန်တီးမှုများ လုပ်ဆောင်ရန် အားပေးရမည် ဖြစ်သည်။

- ဤအပိုင်းတွင် မူလတန်းပြဆရာက မူလတန်းကျောင်းသားများသည် လုပ်ငန်းစဉ်များအတိုင်း တိကျစွာ သင်ကြားခြင်းထက် ကလေးများ၏ တီထွင်ဖန်တီးမှုကို မြှင့်တင်ပေးနိုင်ရန် အလေးထား ဆောင်ရွက်ရမည်။

- မူလတန်းကျောင်းသားများ၏ တီထွင်ဖန်တီးမှုကို မြှင့်တင်ပေးနိုင်ရန် မူလတန်းပြဆရာက ကူညီထောက်ပံ့ပေးရမည်။ ဥပမာ- မေးခွန်းများ မေးခြင်းဖြင့် မူလတန်းကျောင်းသားများ၏ စိတ်ကူးများ၊ အကြံဉာဏ်များကို ဖော်ပြနိုင်ရန် လိုအပ်သည်။

- မူလတန်းကျောင်းသားများသည် အချို့သင်ခန်းစာများ၌ အတူတကွ နှစ်ယောက်တွဲလုပ်ငန်း၊ အုပ်စုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရမည်။

- မူလတန်းကျောင်းသားများ၏ တီထွင်ဖန်တီးမှုကို မြှင့်တင်ပေးနိုင်ရန် လုပကောင်းမွန်သော အနုပညာလက်ရာများကို ပုံတူကူးယူခြင်းထက် မိမိတို့၏ ကိုယ်ပိုင်စိတ်ကူးများကို ပုံဖော် ဖန်တီးနိုင်အောင် မူလတန်းပြဆရာက ကူညီထောက်ပံ့ပေးရမည်။

ရသခံစားတန်ဖိုးထားမှု နယ်ပယ်၏ သင်ခန်းစာများတွင် မူလတန်းပြဆရာက မူလတန်းကျောင်းသား များအား အနုပညာလက်ရာများကို ဂရုတစိုက် ကြည့်ရှုလေ့လာရန်နှင့် သင်ယူမှုလုပ်ငန်းအမျိုးမျိုးဖြင့် အနုပညာလက်ရာများကို နားလည်သဘောပေါက်လာစေရန် ကူညီပေးရမည်။

- မူလတန်းပြဆရာက အနုပညာလက်ရာများကို ရုပ်ပုံများဖြင့်ပြသပြီး ပြုလုပ်ပုံ အဆင့်ဆင့်ကို ရှင်းပြခြင်း၊ အတ္ထုပ္ပတ္တိများအား ရှင်းပြခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။

- မူလတန်းကျောင်းသားများသည် အနုပညာလက်ရာများအား ဂရုတစိုက် ကြည့်ရှုလေ့လာခြင်း၊ ယှဉ်းထည် အစစ်နှင့်အတုများကို နှိုင်းယှဉ်လေ့လာခြင်း၊ ရုပ်ပုံများကို မည်သည့် အရာများဖြင့် ရေးဆွဲထားသည်ကို အဖြေရှာခြင်းတို့ကို ရှာဖွေလေ့လာစေရမည်။



- မူလတန်းပြဆရာက မူလတန်းကျောင်းသားများအား ပန်းပုရုပ်များကဲ့သို့ မလှုပ်ရှားဘဲ နေစေခြင်း၊ ပန်းပွတ်ပညာအား နားလည်စေရန် စက္ကူများကို ညှပ်စေခြင်း စသည့် လုပ်ငန်းများကို လုပ်ဆောင်စေခြင်းဖြင့် အနုပညာလက်ရာများကို နားလည်သဘောပေါက်ရန် ကူညီပေးရမည်။

- မူလတန်းကျောင်းသားများအား အထက်ဖော်ပြပါလုပ်ငန်းစဉ်များမှ မိမိတို့၏ တွေ့ရှိချက်များကို အချင်းချင်း ဆွေးနွေးမျှဝေတင်ပြစေရမည်။

## အဆင့် (၃) ပြန်လည်သုံးသပ်ခြင်း

ဖန်တီးလုပ်ဆောင်ခြင်းအဆင့် ပြီးဆုံးပါက မူလတန်းကျောင်းသားများ အချင်းချင်း မိမိ၏လက်ရာများကို ပြသရန်နှင့် အချင်းချင်းချီးကျူးအားပေးမှုများ ပြုလုပ်ရမည်ဖြစ်သည်။

- အချင်းချင်း ချီးကျူးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ရန်အတွက် ညွှန်ကြားချက်များ ပေးရမည်။ မူလတန်းကျောင်းသားများအား ပြန်လည်သုံးသပ်ခြင်းနှင့် ချီးကျူးခြင်းအတွက် မည်သည့်လမ်းညွှန်ချက်ပေးမည်ဟူသော စိတ်ကူးကို ရရှိနိုင်ရန်အတွက် ဆရာလမ်းညွှန်တွင် ပါဝင်သော စစ်ဆေးအကဲဖြတ်မှု စံနမူနာများကို လေ့လာနိုင်သည်။



- မူလတန်းကျောင်းသားများသည် အချင်းချင်းဆွေးနွေးခြင်း၊ အကြံပေးခြင်းတို့ကို လုပ်ဆောင်သင့်သည်။ သို့မှသာ ၎င်းတို့၏ လက်ရာများတိုးတက်လာပြီး ပိုမိုကောင်းမွန်သော ရလဒ်များကို ရရှိစေနိုင်ပါသည်။

- မူလတန်းကျောင်းသားများ အချင်းချင်းချီးကျူးအားပေးခြင်း၊ အကြံပေးခြင်းဖြင့် အနုပညာ (ပန်းချီ) ပညာရပ်ကိုသင်ယူရာတွင် ပျော်ရွှင်မှုနှင့် နှစ်ခြိုက်မှုကို ခံစားရမည်ဖြစ်သည်။

- မူလတန်းကျောင်းသားများ၏ တင်ပြမှုများမှတစ်ဆင့် ရည်ရွယ်ချက်ပေါက်မြောက်မှု ရှိ၊ မရှိ ကို မူလတန်းပြဆရာက စစ်ဆေးအကဲဖြတ်သင့်သည်။

- လှပစွာ ပုံတူကူးယူခြင်းထက် မိမိကိုယ်ပိုင် ခံစားချက်အတွေးအခေါ်ဖြင့် ထူးခြားသော ပုံဖော်တီထွင်ဖန်တီးမှုကို မူလတန်းပြဆရာက အကဲဖြတ်ရမည်။

- မူလတန်းကျောင်းသားများ မိမိတို့ကိုယ်တိုင် ဖန်တီးထားသော ရလဒ်များကို မြတ်နိုးတတ်၊ ခံစားတတ်လာစေရန်နှင့် အခြားသူများရှေ့တွင် တင်ပြရခြင်းကို ဂုဏ်ယူတတ်သောစိတ် ဖြစ်စေရန် မူလတန်းပြဆရာက ကူညီပံ့ပိုးပေးရမည်။

- ချီးကျူးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ပြီးဆုံးပါက ဆရာသည် သင်ခန်းစာကို အနှစ်ချုပ် အဆုံးသတ်ရမည်။

- ရသခံစားတန်ဖိုးထားမှု နယ်ပယ်၏ သင်ခန်းစာများတွင် ဆရာက ကျောင်းသားများကို မိမိတို့၏ အတွေးအမြင်များကို မျှဝေရန်နှင့် အနုပညာလက်ရာများကို ချစ်ခင်မြတ်နိုး တန်ဖိုးထားစိတ်များ ဖြစ်ပေါ်ရန် ကူညီနိုးဆွပေးရမည်။

မသင်ကြားမီ ကြိုတင်ပြင်ဆင်ခြင်း





သတင်းစာ




ကော်



စက္ကူ



ပိတ်စ

- သင်ခန်းစာ မသင်ကြားမီ မူလတန်းပြဆရာ၏ ကြိုတင်ပြင်ဆင်မှုသည် အရေးကြီးပြီး သင်ခန်းစာအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများနှင့် သင်ယူမှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ရန် အထူးလိုအပ်သည်။

- သင်ခန်းစာ မသင်ကြားမီ မူလတန်းပြဆရာက မူလတန်းကျောင်းသားများအတွက် လိုအပ်သော ပစ္စည်းကို ကြိုတင် ပြင်ဆင်ရန် (သို့မဟုတ်) မူလတန်းကျောင်းသားများအား လိုအပ်သောပစ္စည်းများယူလာရန် အသိပေးမှာကြားရမည်။

- မူလတန်းပြဆရာသည် သင်ထောက်ကူပစ္စည်းများနှင့် သင်ယူမှုလုပ်ငန်းများကို ကြိုတင်လေ့ကျင့်ထားသင့်သည်။

- သင်ခန်းစာ သင်ကြားနေစဉ်အတွင်း ကြုံတွေ့နိုင်မည့် အခက်အခဲပြဿနာများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း ကြိုတင်စဉ်းစားထားရမည်။ (ဥပမာ- လုပ်ငန်း အချိန်မီ မပြီးနိုင်သော မူလတန်းကျောင်းသားများအား မည်ကဲ့သို့ ကူညီပံ့ပိုးပေးရမည်ကို စဉ်စားထားရန် လိုအပ်သည်။)

ဆရာလမ်းညွှန်တွင် ပါဝင်သော ညွှန်ကြားချက်များကို သေချာစွာ နားလည်အောင်ဖတ်ပြီး ကြိုတင်ပြင်ဆင်မှု ပြုလုပ်သင့်သည်။

**သင်ခန်းစာ သင်ကြားမှုအပြီး လုပ်ဆောင်ရမည့် လုပ်ငန်းများ**

- မူလတန်းပြဆရာက မူလတန်းကျောင်းသားများကို မိမိတို့အသုံးပြုထားသော သင်ထောက်ကူပစ္စည်းများအား သန့်ရှင်းသပ်ရပ်စွာ သိမ်းဆည်းရန်နှင့် မူလတန်းပြဆရာကို ပြန်အပ်ရ မည့်ပစ္စည်းများကိုလည်း ပြန်အပ်ရန် ညွှန်ကြားပေးရမည်။

- အကယ်၍ လက်များညစ်ပေနေပါကလည်း လက်ဆေးရန် အရေးကြီးကြောင်း ညွှန်ကြားရမည်။



# လက်ကမ်းစာစောင် (၂)
# လုပ်ငန်းပေးစာရွက် (သင်ခန်းစာ ၃.၁.၁)

**သင်ခန်းစာ (၃.၁.၁) လုပ်ငန်းပေးစာရွက်**

| အတန်းနှင့် သင်ခန်းစာနံပါတ် | | သင်ခန်းစာခေါင်းစဉ် |
|---|---|---|
| | | |
| သင်ကြားနည်း အဆင့် | | အဆင့်တစ်ခုစီ၌ အဓိက သင်ကြားနည်း လုပ်ငန်းစဉ်များမှာ မည်သည်တို့ ဖြစ်ပါသနည်း။ |
| ၁။ | မိတ်ဆက်ခြင်း | |
| ၂။ | ဖန်တီး လုပ်ဆောင်ခြင်း | |
| ၃။ | ပြန်လည် သုံးသပ်ခြင်း | |

# လက်ကမ်းစာစောင် (၃)
# မြန်မာ့အနုပညာသမိုင်း (သမိုင်းမတိုင်မီခေတ် မှ ၁၉ ရာစုအထိ)[၁၈]

## ၁။ မြန်မာ့ ပန်းချီအနုပညာ

ရုပ်ပုံပန်းချီရေးဆွဲခြင်းကို မြန်မာနိုင်ငံတွင် ပန်းချီဟု ခေါ်ဆိုကြသည်။ ပုဂံခေတ်တွင် ဗုဒ္ဓဘာသာကို အခြေခံပြီး မြန်မာ့ရိုးရာ ပန်းချီအနုပညာ ထွန်းကားလာသည်။ မြန်မာ့ပန်းချီလက်ရာ အများစုသည် ပုဂံခေတ်ဦးပိုင်း အေဒီ ၁၁ ရာစုမှ စတင်ခဲ့သည်။ (၁၉ ရာစုတွင် အဆုံးသတ်ခဲ့သည့်) ကုန်းဘောင်ခေတ်နှင့် အင်းဝခေတ်တို့မှ အနုပညာလက်ရာများလည်း ရှိခဲ့သည်။ ၁၉ ရာစု၊ မန္တလေးခေတ်တွင် လုပသော ပန်းချီများကို ပုရပိုက်ဟုခေါ်သော စာခွေများ (ခေါက်နိုင်သည့်စာအုပ်များ) နှင့် ကင်းဗတ်စများပေါ်တွင် ရေးဆွဲကြသည်။ ပန်းချီအများစုကို မြန်မာ့ ရှေးဟောင်းသုတေသနဌာနက မိတ္တူကူးဆွဲပြီး စုဆောင်းသိမ်းဆည်းလျက်ရှိသည်။

မြန်မာ့ပန်းချီသမိုင်းကို သမိုင်းမတင်မီခေတ်ကတည်းက ခြေရာခံနိုင်သည်။ ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ ပြဒါးလင်းဂူတွင် ကျောက်ခေတ်ပန်းချီများကို လေ့လာရာဖွေတွေ့ရှိခဲ့သည်။ နံရံပန်းချီ ကိုးခုနှင့် နီညိုရောင် ပုံကြမ်းပန်းချီများကို ဂူနံရံများပေါ်၌ အမြင့် ၁၀ ပေမှ ၁၁ ပေခန့်ရှိသော နေရာများတွင် တွေ့နိုင်သည်။ အချို့သော နံရံဆေးရေးပန်းချီများကို မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတောင်ရှိ လောကမှန်ကင်းဂူတွင် တွေ့ရှိနိုင်ပါသည်။ ၁၃ ရာစု နှင့် ၁၆ ရာစုအတွင်းရှိ ညောင်ရမ်းမင်းဆက်၊ အင်းဝခေတ်တွင် ထိုဂူကို တည်ဆောက်ခဲ့သည်။ ထိုဂူ၏မျက်နှာကြက်များတွင် ဗုဒ္ဓဝင်များ၊ ဇာတကနိပါတ်တော်များနှင့် ခြူးပန်းခြူးနွယ်များရေးဆွဲထားခြင်းကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ (ရင်းမြစ်- မြန်မာ့ ခရီးသွား သတင်းအချက်အလက်)

၁၁ ရာစု ပုဂံခေတ် နံရံဆေးရေးပန်းချီများမှာ အိန္ဒိယအနုပညာများ လွှမ်းမိုးထားကာ ခြူးပန်းခြူးနွယ်များကို အဓိကထားပြီး ပန်းချီရေးဆွဲကြသည်။ ပုဂံခေတ် ပန်းချီပညာရှင်များသည် မျဉ်းများ ရေးဆွဲခြင်းနှင့် ရေပန်းစားသည့် နည်းလမ်းများဖြစ်သော အင်္ဂတေသရွတ်ပေါ်တွင် ရေးဆွဲသည့် နံရံပန်းချီ၊ ဆီဆေးပန်းချီနှင့် ကြက်ဥအကာကို ရောစပ်အသုံးပြုရသော ရေဆေးပန်းချီ စသည့် ကျော်ကြားသော နည်းလမ်းများတွင် ထူးချွန်ကြသည်။ မြောက်များစွာသော ပန်းချီများသည်

[၁၈] Source: http://factsanddetails.com/southeast-asia/Myanmar/sub5_5e/entry-3085.html

ဇာတ်နိပါတ်တော် ၅၅၀ (ဘုရားရှင်၏ ဇာတကပုံပြင်များ) များကို အခြေခံပြီး ရေးဆွဲကြသည်။ အင်းဝခေတ် ပန်းချီများတွင် လူသားများ၏ လူမှုဘဝများကို စတင်ရေးဆွဲလာကြပြီး နံရံဆေးရေး ပန်းချီများတွင် အနီရောင်နှင့် အစိမ်းရောင်တို့ကိုသာ အဓိက အသုံးပြုလာကြသည်။ (ကိုးကားချက်- Myanmar.com)

ကုန်းဘောင်ခေတ်ဦး (၁၈ ရာစု)တွင် ပန်းချီများကို ရေးဆွဲခြင်းသည် မြန်မာ့ရိုးရာ နှစ်ဖက်မြင် ရေးဆွဲဟန်မှ ရှုထောင့်အမြင်နှင့် ဆေးရောင်အနုအရင့်ကို အသုံးပြုသော အနောက်တိုင်းဟန်သို့ ကူးပြောင်းလာသည့် အမှတ်အသား ဖြစ်သည်။ ထိုခေတ်၏ လူနေမှုဘဝများ၊ ဖျော်ဖြေရေးများနှင့် ရှုခင်းများကို ရေးဆွဲရာတွင် အပြာရောင်ကို အများအပြား အသုံးပြုကြသည်။ ၁၉ ရာစုအတွင်း၊ ရတနာပုံခေတ်၊ မန္တလေးတွင် အနောက်တိုင်းပန်းချီဟန်များ စတင်ထိုးဖောက် ဝင်ရောက်လာသော်လည်း မျဉ်းများဖြင့် ပုံကြမ်းရေးဆွဲသောရိုးရာကို မူလအတိုင်း ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။ ကိုလိုနီခေတ်တွင် အနောက်တိုင်းဟန်များနှင့် ခေတ်မီနည်းလမ်းများကို အသုံးပြုလာကြပြီး လူကြိုက်များလာသည်။ ၂၀ ရာစုတွင် ခေတ်ပြိုင်ပန်းချီထွန်းကားလာခဲ့ပြီး မျက်မှောက်ခေတ် မြန်မာခေတ်ပြိုင်ပန်းချီမှာ အင်ပရက်ရှင်းနစ် (အသေးစိတ် အကြောင်းအရာအချက်အလက်များကို မဖော်ပြဘဲ ယေဘုယျသဘောကိုသာ ဖော်ပြသည်)ဟန်ကို အဓိကထားရေးဆွဲသော ပန်းချီများ ဖြစ်သည်။ ရေးခေတ်များကမူ ပေရေးပန်းချီနှင့် ပုရပိုက်ပန်းချီများ ထွန်းကားခဲ့သည်။ အဆိုပါ ပန်းချီကားအချို့ကို ဘုရားစေတီအချို့၊ ဘုန်းကြီးကျောင်းအချို့နှင့် မြန်မာအမျိုးသားပြတိုက်တွင် မူလအတိုင်း တွေ့မြင်နိုင်ပါသေးသည်။

**၂။ ဗမာ့ နံရံဆေးရေးပန်းချီများ**

၁၁ ရာစုခေတ်၌ ပုဂံရှိ မြန်မာ့ရိုးရာပန်းချီမှာ အိန္ဒိယယဉ်ကျေးမှုမှ ဆင်းသက်လာပြီး ချြုပန်းချြုနွယ်များမှာ ထိုနံရံဆေးရေးပန်းချီများ၏ လက္ခဏာများ ဖြစ်ခဲ့ကြသည်။ ထိုခေတ်အတွင်း နံရံဆေးရေး ပန်းချီ တိုးတက်လာမှုမှာ ဗုဒ္ဓဘာသာ အားကောင်းလာမှုနှင့် တိုက်ဆိုင်နေသောကြောင့် ဘာသာရေး ဆိုင်ရာ အကြောင်းအရာများကို အလေးပေးရေးဆွဲခဲ့ကြသည်။ လူတို့၏ လူမှုဘဝများကို ရေးဆွဲထားခြင်းမရှိသော်လည်း ထိုပန်းချီများမှတစ်ဆင့် ပုဂံခေတ်လူနေမှုများကို နားလည်နိုင်သည်။ ကုန်းဘောင်ခေတ်အတွင်း ၁၈ ရာစုခေတ်တွင် ပုဂံခေတ် နံရံဆေးရေးပန်းချီများသည် *ပါလ* သို့မဟုတ် အိန္ဒိယပန်းချီ၏ လွှမ်းမိုးမှုမှ လွတ်မြောက်လာပြီး မြန်မာဟန် ပိုမိုပီသလာသည်။

၁၆ ရာစုနှင့် ၁၇ ရာစုအကြားမှ အင်းဝခေတ် နံရံဆေးရေးပန်းချီများကို ရွှေစည်းခုံဘုရား၊ မီးပေါက်ဘုရားနှင့် မုံရွာခရိုင်၊ ဖိုလ်ဝင်တောင်ရှိ ဂူများတွင် တွေ့ရှိနိုင်ပါသည်။ ထိုခေတ်ပန်းချီများသည် မြန်မာ့ရိုးရာ နှစ်ဖက်မြင်ရေးဆွဲဟန်ပန်းချီ၏ အခဆုံးသတ်ကာလ ဖြစ်သည်။ စူဠာမဏိဘုရား၏ နံရံဆေးရေးပန်းချီ အပေါ်ပိုင်းတွင် ပုံပြင်များကိုရေးဆွဲထားပြီး နံရံဆေးရေးပန်းချီ အောက်ပိုင်းတွင် အင်းဝခတ် လူနေမှုဘဝများကို ရေးဆွဲထားသည်။ အင်းဝခတ် နံရံဆေးရေးပန်းချီများကို ဆေးရောင်အစိမ်းနှင့် အနီရောင်တို့ကိုသာ အသုံးပြုပြီး ရေးဆွဲကြသည်။

၁၈ ရာစုအလယ်၊ ကုန်းဘောင်ခေတ်ဦး၏ နံရံဆေးရေးပန်းချီများကို အောင်မြေလောကစေတီ၊ ရပ်စုံ ကျောင်းတိုက်နှင့် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ခင်မွန်ရွာရှိ ပြာသာဒ်ဘုရားတို့တွင် တွေ့ရှိနိုင်ပါသည်။ ထိုပန်းချီမျိုးကို ပုဂံရှိ အာနန္ဒာအုတ်ကျောင်းတွင်လည်း တွေ့ရှိနိုင်ပါသည်။ ထိုပန်းချီများကို ရေးဆွဲရာ၌ မြန်မာ့ရိုးရာ နှစ်ဖက်မြင်ရေးဆွဲဟန်မှ ရှုထောင့်အမြင်နှင့် ဆေးရောင်အနေအရင့်ကို အသုံးပြုသော အနောက်တိုင်းဟန်သို့ ကူးပြောင်းလာသည့် အမှတ်အသားဖြစ်သည်။ ထိုခေတ်၏ လူနေမှုဘဝများ၊ ဖျော်ဖြေရေးများနှင့် ရှုခင်းများကို မှတ်တမ်းတင်ရေးဆွဲရာတွင် အပြာရောင်ကို အများအပြား အသုံးပြုကြသည်။

အမရပူရခေတ် နံရံဆေးရေးပန်းချီများကို တောင်သမန် ကျောက်တော်ကြီးဘုရား၊ အမရပူရနှင့် ရွှေစာရံ ဖိုးကလားဘုရားများတွင် တွေ့မြင်နိုင်ပါသည်။ အမရပူရခေတ် နံရံရေးပန်းချီများ၏ မြင်ကွင်းများမှာ ပုံမှန်ရှုထောင့်မှ ရေးဆွဲထားခြင်းမဟုတ်ဘဲ အပေါ်စီးမြင်ကွင်းအနေအထားမှ ရေးဆွဲထားခြင်းဖြစ်သည်။ ထိုပန်းချီအများစုမှာ ထိုခေတ်ထိုအခါက လူနေမှုဘဝများနှင့် လူမှုလှုပ်ရှားမှုများကို သရုပ်ဖော်ထားသည်။ ထို့ပြင် အခြားလှုပ်ရှားမှုများဖြစ်သော ဘုရားဖူးပုံ၊ ဥပုသ်သီလဆောက်တည်ပုံ၊ လှည်းများ၊ လှေများဖြင့်သွားလာနေကြသော ဘုရားဖူးခရီးသည်များ၏ပုံ၊ လူအများ ဆွမ်းလောင်းလှူနေပုံနှင့် ကလေးများ ကစားနေပုံတို့ကိုလည်း သရုပ်ဖော် ရေးဆွဲကြသည်။ အဆိုပါပန်းချီကားများတွင် အပြာရောင်သည် အဓိကလွှမ်းမိုးထားသောအရောင်ဖြစ်ပြီး ပုံကြမ်းမျဉ်းကြောင်းများကို အနီရောင်ဖြင့် အသုံးပြုရေးဆွဲကြသည်။

၁၉ ရာစုတွင် ရတနာပုံခေတ်၏ အကျော်ကြားဆုံး ပန်းချီဆရာမှာ မင်းတုန်းမင်း၏ ပန်းချီတော်အဖြစ် ခစားထမ်းရွက်သော ဦးကြာညွန့်ဖြစ်သည်။ ဦးကြာညွန့် ကွယ်လွန်ပြီးနောက် သီပေါမင်းက ဦးကြာညွန့်၏သား ဆရာစာကို ပန်းချီတော်အဖြစ် ခန့်အပ်ခဲ့သည်။ သို့သော်လည်း ဆရာစာ

မျက်စိကွယ်သွားသဖြင့် ဦးကြာညွန့်၏တပည့် ဆရာချိုက အီတလီပန်းချီဆရာနှစ်ဦးနှင့်အတူ ပန်းချီတော်အဖြစ် ဆက်လက်ခစားထမ်းရွက်ခဲ့သည်။ ပန်းချီဆရာနှစ်ဦး၏ လက်ရာများ၏ လွှမ်းမိုးမှုသည် အနောက်တိုင်းဟန် ပန်းချီရေးဆွဲမှုက မြန်မာ့ရိုးရာဟန် ပန်းချီရေးဆွဲမှုအတွင်းသို့ စတင်ထိုးဖောက်ဝင်ရောက်လာခဲ့သည်ဟု အဓိပ္ပာယ်ရသည်။ သို့သော် အခြားခေတ်ကာလများနှင့် နှိုင်းယှဉ်ကြည့်ပါက ရတနာပုံခေတ် ပန်းချီရေးဆွဲမှုကို အဓိကအားဖြင့် မြန်မာ့ရိုးရာအနုပညာ ရေးဆွဲမှုများကသာ ဩဇာလွှမ်းမိုးခဲ့လေသည်။ ဆရာချို၏ လက်ရာမွန်ပန်းချီကားနှစ်ချပ်မှာ 'လယ်ထွန်မင်္ဂလာ' နှင့် 'ပါတော်မူ' ပန်းချီကားတို့ ဖြစ်ကြသည်။

ရတနာပုံခေတ်တိုင်အောင် မြန်မာပန်းချီဆရာများသည် ဆေးရောင်ရောစပ်ခြင်းနှင့် စုတ်တံများ ပြုလုပ်ခြင်းတို့ကို ကိုယ်တိုင် ပြုလုပ်ကြရသည်။ ပန်းချီရေးဆွဲရန်အတွက် အဝတ်စနှင့် စက္ကူများကို အသုံးပြုသကဲ့သို့ ပုရပိုက်ကိုလည်း အသုံးပြုရေးဆွဲကြသည်။ ကုန်းဘောင်ခေတ်တွင် မဲနယ်စက်ရုံတစ်ရုံကို တည်ထောင်ခဲ့ရာ အပြာရောင်ကို အများအပြား အသုံးပြုလာကြသည်။ အနောက်တိုင်းပန်းချီဟန်များ စတင်ထိုးဖောက်ဝင်ရောက်လာသော်လည်း မျဉ်းများဖြင့် ပုံကြမ်းရေးဆွဲသော ရိုးရာကို မူလအတိုင်း ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။ ၁၈၈၅ခုနှစ်၌ ဗြိတိသျှလက်အောက်ကျရောက်ပြီးနောက်တွင် မြန်မာ့ရိုးရာပန်းချီဟန်သည် စတင်ပြီး ဆုတ်ယုတ်လာခဲ့သည်။

## ၃။ မြန်မာနိုင်ငံ၏ ပေရေးပန်းချီ နှင့် ပုရပိုက်ပန်းချီ

ရှေးခေတ်မြန်မာလူမျိုးများသည် ပေရွက်များကို စာရေးသားသော စာရွက်များအဖြစ် အသုံးပြုကြပြီး ထို ခွေလိပ်၍ရသောပေရွက်ပေါ်တွင် ချွန်သောအရာများဖြင့် ရေးခြစ်ကြသည်။ ရှေးခေတ် မြန်မာ့ပန်းချီဆရာများသည် ပေရွက်များပေါ်တွင် ပုံကြမ်းများကိုသာ ရေးဆွဲနိုင်ခဲ့ကြသည်။ ရှေးခေတ်ပုဂံပန်းချီဆရာများသည် အသုံးပြုရေးဆွဲသော အခြေခံပန်းချီပညာ လေးမျိုးရှိသည်။ ထိုပန်းချီပညာရပ် လေးမျိုးမှာ ကနုတ် (ပန်းပုံစံများ)၊ နရီ (အမျိုးသမီးတို့၏ ပုံတူရုပ်လွှာများကို ရေးဆွဲခြင်း)၊ ဂဇာ (ဆင်ရုပ်များ၊ မြင်းရုပ်များ စသည်တို့ကို ရေးဆွဲသည့်ဟန်)နှင့် ကပိ (မျောက်ဝံများနှင့် အလားတူသတ္တဝါများကို ရေးဆွဲသည့် နည်းလမ်းများ) တို့ ဖြစ်ကြသည်။

ကိုလိုနီခေတ်အတွင်းနှင့် ဒုတိယကမ္ဘာစစ်အတွင်းတွင် မြောက်များစွာသော ဘုရားစေတီများ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဇရပ်များနှင့်အတူ ပေရေးပန်းချီများသည် မီးဘေးနှင့် လေကြောင်း

တိုက်ခိုက်ရေးများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ သို့သော် ဘုန်းကြီးကျောင်းအချို့တွင် ပေရေး ပန်းချီများနှင့် ပုရပိုက်ပန်းချီများသည် မူလအတိုင်း ကျန်ရှိနေဆဲဖြစ်သည်။ ယခုအခါ ထိုပန်းချီ အချို့ကို မြန်မာအမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားရှိသည်။ အထင်ရှားဆုံးမှာ ပေရွက် ၃၁ ရွက်ပေါ်တွင် ရေးဆွဲထားသည့် လောကကွန်ချာဟုခေါ်သော ပန်းချီများဖြစ်သည်။ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်တွင်လည်း ဝေဿန္တရာဇာတ်တော်ကြီးနှင့် ပြဟ္မာ့ဘုံများကို ရေးဆွဲထားသော မြန်မာ့ပေရေးပန်းချီနှင့် ပုရပိုက်ပန်းချီ ၁၅ ကားကို ခင်းကျင်းပြသထားသည်။

သစ်ခေါက် သို့မဟုတ် ဝါးပျော့ဖတ်များဖြင့် ပြုလုပ်ထားသော စက္ကူများပေါ်တွင် ရေးဆွဲသည့် ရိုးရာပန်းချီကို ပုရပိုက်ပန်းချီဟု ခေါ်သည်။ ပုရပိုက်ပန်းချီကို အစောဆုံးရေးဆွဲခဲ့သည့် အချိန်မှာ သက်သေအထောက်အထားများအရ ၁၈ ရာစု ဖြစ်သည်။ ဆေးရောင်အတွက် ကြက်ဥအကာနှင့် ရောစပ်ဖန်တီးထားသော ရေဆေးကို အသုံးပြုပြီး အထက်တန်းလွှာပုဂ္ဂိုလ်များနှင့် နတ်ဒေဝါများ၏ ဝတ်စုံများကို ရေးဆွဲဆေးခြယ်ရာတွင် ရွှေမှုန်ငွေမှုန်များကို အသုံးပြုကြသည်။ ထိုပန်းချီများကို စာခွေ (ပုရပိုက်များကိုခေါက်ပြီး စုစည်းထားသည့်စာအုပ်) များ၏ စာမျက်နှာများအဖြစ် ခေါက်ထား နိုင်သည်။ ကနဦးပန်းချီများတွင် ဘာသာရေးမြင်ကွင်းများ၊ နန်းတွင်းမြင်ကွင်းများ သို့မဟုတ် ဂြိုဟ်သွားဂြိုဟ်လာ နက္ခတ်တာရာဇယားများ၊ ဆေးဝါးများ၊ ဆေးမှင်ကြောင်ပုံစံများနှင့် ကာမသျှတ္တရ နည်းလမ်းများကို ရေးဆွဲခဲ့ကြပြီး ရေးဆွဲသူများမှာ နန်းတွင်းမှ ခန့်အပ်ထားသော နယ်လှည့် ပန်းချီတော်များဖြစ်သည်။ ၁၉ ရာစု၊ မန္တလေးနန်းတွင်းတွင် ပန်းချီတော်များကို အချိန်ပြည့် ခန့်ထားပြီး အလုပ်သင်စနစ်ကို ထားရှိကြသည်။ ဘုရင်စနစ်ကျဆုံးပြီးနောက် ထွက်ပေါ်လာသော ပန်းချီဟန်သစ်များမှာ ပျော်ရွှင်နေသော မိသားစုများ၏ ပန်းချီပုံများဖြစ်ကြပြီး ထိုပုံများကို ချမ်းသာ သော လူတန်းစားများကို ရောင်းချကြသည်။ ၁၉၂၀ နှစ်များတွင် ရိုးရာပန်းချီပညာဆုတ်ယုတ် လာပြီး ဒေသခံမြောက်စားသူများနှင့် ပန်းချီဆရာများသည် ဥရောပဟန် ပန်းချီရေးဆွဲမှုများကို ပိုမိုစိတ်ဝင်စားလာကြသည်။ ၁၉၆၂ ခုနှစ်တွင် တပ်မတော်အစိုးရ အာဏာရလာပြီးနောက် မြန်မာ့ ရိုးရာပန်းချီဟန်များကို ပြန်လည်စိတ်ဝင်စားလာကြသည်။ အစိုးရသစ်သည် လက်ရွေးစင် ပန်းချီ ဆရာများ၏ ပန်းချီလက်ရာများကို မြှင့်တင်ရန် နှစ်ပတ်လည်ပန်းချီပြပွဲများကို ကျင်းပပေးခဲ့သည်။ ၁၉၈၈ ခုနှစ်မှစတင်ပြီး ပန်းချီပြပွဲများ မပြုလုပ်တော့သော်လည်း တပ်မတော်အစိုးရသည် အနုပညာ ကျောင်းများကို ဆက်လက်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ ယနေ့ခေတ် ပန်းချီပညာရှင်အများစုသည် အနည်းငယ်သော ပုဂ္ဂလိကပိုင် ပန်းချီပြခန်းများတွင် ပြည်သူများကိုပြသပြီး ထိုပန်းချီရောင်းရငွေများ ဖြင့် ရပ်တည်ကြသည်။ ပန်းချီရေးဆွဲသည့် အကြောင်းအရာသစ်များတွင် မြန်မာမှုများ ဆက်လက် ပါဝင်နေပြီး အထူးသဖြင့် ဘာသာရေးနှင့်ဆိုင်သော ပန်းချီများနှင့် ရှုမျှော်ခင်းများကို ရေးဆွဲကြသည်။

အင်းဝခေတ်ဟု လူသိများသော အဝခေတ် (၁၃၆၄ မှ၁၅၅၅) ခုနှစ်၌ စတင်ခဲ့သည့် ပုရပိုက်ပန်းချီသည် ကုန်းဘောင်ခေတ်တွင် အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ ပုရပိုက်ပန်းချီကို မြန်မာ့ရိုးရာ အနုပညာ၏ တိုးတက်မှု ဒုတိယအဆင့်အဖြစ် အသိအမှတ်ပြုကြသည်။ ထိုပန်းချီများသည် စာအုပ်များ၏ ရှေ့ပြေးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုပန်းချီများတွင် နန်းတွင်းမှ အရေးကြီးအခမ်းအနားများကို စာဖြင့်သော်လည်းကောင်း၊ ရုပ်ပုံများဖြင့် သော်လည်းကောင်း ရေးဆွဲဖော်ပြထားခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုပန်းချီများကို ရာဇဝင်တော်ပန်းချီများဟု ခေါ်ဆိုကြသည်။

ပုရပိုက်ဖြူနှင့် ပုရပိုက်နက်ဟူ၍ နှစ်မျိုး ရှိသည်။ ပုရပိုက်ဖြူတွင် စာမျက်နှာ ၃၂ မျက်နှာပါရှိပြီး ထိုပန်းချီများတွင် ဆင်များ၊ မြင်းများ၊ ဇာတကနိပါတ်တော်များ၊ ဗုဒ္ဓဝင်များ၊ မြေပုံများနှင့် နယ်နိမိတ် မြေပုံများ၊ ပန်းများ၊ ငါးများ၊ သိုင်းကွက်ရေးပြပုံများ၊ စစ်ရေးလှုပ်ရှားမှုများနှင့် မင်းခမ်းမင်းနားများ ပါဝင်ပါသည်။ အကျော်ကြားဆုံးပုရပိုက်ပန်းချီမှာ ဦးကြာညွှန့်ရေးဆွဲသော 'ထွက်တော်မူကြီး အခမ်းအနား'ပန်းချီတော်ဖြစ်ပြီး ထိုပန်းချီမှာ မြန်မာနိုင်ငံတွင် မရှိတော့ဘဲ အင်္ဂလန်အမျိုးသားပြတိုက် တွင် ပြသထားသည်။ မင်းခမ်းတော်ပုရပိုက်ပန်းချီများအား စက္ကူပိုင်းများပေါ်တွင် ရေးဆွဲပြီး ခေါက်လိုက်ပါက ပုရပိုက်တစ်ချပ်တည်း ဖြစ်သွားသည်။ ပုရပိုက်ကိုဖြန့်လိုက်ပါက မြင်ကွင်း အားလုံးကို တွေ့မြင်နိုင်ပြီး ထိုရေးဆွဲမှုအား နန်းဓလေ့မှတ်တမ်းဟု မှတ်ယူကြသည်။

### ၄။ ပုဂံခေတ်ပန်းချီ (အေဒီ ၁၀၄၄ မှ ၁၂၈၇ ထိ)

ပုဂံခေတ် (၁၀၄၄ မှ ၁၂၈၇) နံရံဆေးရေးပန်းချီ ပတ်သက်ပြီး ဒေါက်တာ Richard M. Cooler သည် 'ဗမာ့အနုပညာနှင့် ယဉ်ကျေးမှု'စာအုပ်[၁၉] ကို ရေးသားခဲ့သည်။

'ပုဂံဂူဘုရားများ၏ အတွင်းဘက် အလှဆင်ထားမှု၌ မျက်နှာကြက်နှင့် အတွင်းနံရံများ တစ်ခုလုံး ပေါ်တွင် နံရံဆေးရေးပန်းချီများဖြင့် လှပစွာတန်ဆာဆင်ထားကြသည်။ ဆေးခြယ်ထားသော ပုံစံများကို ဗိသုကာပုံစံများဖြစ်သော သုံးဖက်လှအင်္ဂတေများ ကပ်ပြီးသော်လည်းကောင်း၊

[၁၉] An online, continually updated resource: http://seasite.niu.edu/burmese/Cooler/BurmaArt_TOC.htm
Cooler uses the old spelling 'Pagan'. The modern English spelling is 'Bagan'. Both spellings refer to the same spelling in Myanmar language: ပုဂံ

နှစ်ဖက်လှ ထပ်တူကျသည်ဟု ထင်ရလောက်အောင် ပုံဖော်ထားသော ပုံတူပန်းချီများဖြင့်သော် လည်းကောင်း တန်ဆာဆင်ကြသည်။ ပုဂံခေတ်လက်ရာ ဂူဘုရားပေါင်း ၃၈၇ ဆူကျော်သည် အထက်ဖော်ပြပါ အနုပညာများကို ထိန်းသိမ်းထားသည်။ ပုဂံခေတ် နံရံပန်းချီများ ရေးဆွဲမှုသည် အိန္ဒိယနိုင်ငံ ပါလဟန်မှ စတင်ပြီး ဆင်းသက်လာခြင်း ဖြစ်သည်။ ထိုရေးဆွဲခြင်း၏ အဓိကအကျဆုံး သွင်ပြင်လက္ခဏာများကို ဆေးနီဆေးနက်များဖြင့် ကောက်ကြောင်းများ ဆွဲကြပြီး အတွင်းသားများ ကို ဆေးခြယ်ရာတွင် အလင်းအမှောင်များနှင့် ကိုယ်ဟန်အနေအထားများ မပါဝင်ကြပေ။'

ပုဂံခေတ် နံရံဆေးရေးပန်းချီများကို ဆေးခြယ်ရာတွင် နံရံများကို ပထမဦးစွာ ရွှံ့များ သို့မဟုတ် အင်္ဂတေများဖြင့် အချောကိုင်အခြောက်ခံပြီး သဘာဝအရောင်များမှရရှိလာသော အရောင်အမျိုးမျိုး ကို အသုံးပြုပြီး ရေးခြယ်ကြသည်။ ထပ်ခါတလဲလဲရေးဆွဲရသော မြင်ကွင်းများရေးဆွဲရာတွင် ပန်း ဖောက်ပြားများကိုအသုံးပြုပြီး ရေးဆွဲကြသည်။

'ဘုန်းတော်ကြီးကျောင်းများ၏ ပန်းချီရေးဆွဲမှု အစီအစဉ်များတွင် ဗောဓိညောင်ပင်ကို အုတ် အင်္ဂတေများဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များအပေါ်တွင် ရေးဆွဲသရုပ်ဖော်ကြသည်။ သုံးဖက်မြင် ဗုဒ္ဓရုပ်ပွားတော်များ၏ နံရံ တစ်ဖက်တစ်ချက်တွင် သာဝကကြီးများ၏ ပုံတော်များကို ပန်းချီရေးဆွဲလေ့ရှိပြီး အများအားဖြင့် မောဂ္ဂလာန္န (ရှင်မဟာမောဂ္ဂလာန်ထေရ်)နှင့် သာရိပုတ္တ (ရှင်သာရိပုတ္တရာထေရ်)တို့၏ ပုံတော်များကို ရေးဆွဲလေ့ရှိကြသည်။ ဘုရားဆောင်၏ အတွင်း နံရံသုံးဖက်ကို ပန်းကုံးပန်းဆိုင်းများဖြင့် အတန်းလိုက်အလှဆင်ထားပြီး ကျန်နံရံတစ်ဖက်တွင် ကြီးမားသော မျက်ရည်စက်ပုံသဏ္ဍာန် ဗောဓိညောင်ရွက်များ သို့မဟုတ် ဘီလူးပန်းကိုက်ရုပ်ကွက်များ ဖြင့် အလှဆင်ထားကောင်းဆင်ထားလိမ့်မည်။ ထိုပန်းတန်းများအောက်တွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓ ရုပ်ပွားတော်များကိုထုလုပ်ကြပြီး အောက်ဖက်တွင် ဗုဒ္ဓဝင်ဖြစ်တော်စဉ်များကို ရေးဆွဲလေ့ရှိကြရာ များသောအားဖြင့် အောင်ခြင်းရှစ်ပါးပုံတော်များကို ရေးဆွဲလေ့ရှိသည်။ ဘုရားဆောင်များ၏ အခြားသော နေရာများဖြစ်သော ဝင်ပေါက်များတွင် ဘုရားဖြစ်စဉ်ဖြစ်သော ၅၅၀ ဇာတ်တော်များကို လေးထောင့်ကွက်ငယ်ပုံများပေါ်တွင် နိပါတ်တော်ပုံပြင်များအဖြစ် ရေးဆွဲကြသည်။ ထိုလေးထောင့် ကွက်ငယ်များ၏ ပုံများအောက်တွင် မွန် သို့မဟုတ် ဗမာဘာသာဖြင့် အများနားလည်စေရန် ဗုဒ္ဓဖြစ်တော်စဉ် အဓိပ္ပာယ်တစ်ခုချင်းစီကို ဖော်ပြထားသည်။ ဂူဘုရားအချို့၏ တန်ဆာဆင်ထားမှုများ တွင် ဗုဒ္ဓသာသနိကသမိုင်းများ၊ ဗုဒ္ဓခြေတော်ရာများ၊ ဗုဒ္ဓဇာတာတော်ပုံနှင့် ဗုဒ္ဓဘာသာဝင်တို့၏ စကြဝဠာအယူအဆမြေပုံများပါဝင်သည်။ မျက်နှာကြက်ထိပ်များတွင် ဗောဓိတစ်ထောင်ဟု

လူသိများသည့် သေးငယ်ပြီး အရွယ်အစားတူညီသော ဗုဒ္ဓရုပ်ပွားတော်ပုံများဖြင့် ပုံဖော်ကြသည်။'

ပုဂံခေတ်က အဝတ်များပေါ်တွင် ပန်းချီရေးဆွဲမှုများ ထွန်းကားခဲ့သည်ကို ၁၉၈၄ အထိ မသိရှိကြသေးပေ။ ဂူဘုရားအမှတ် ၃၁၅ မှ အင်္ဂတေရုပ်တစ်ရုပ်၏ လက်မောင်းတွင် ရစ်ပတ်ထားသော အပိုင်းအစကို စတင်တွေ့ရှိခဲ့မှသာ သိရှိကြသည်။ ပညာရှင်များ ပြန်လည်ပြုပြင်မွမ်းမံမှုဖြင့် အခြားသော အပိုင်းအစ ၃၀ ခန့်သည်လည်း ပထမတွေ့ရှိခဲ့သော အပိုင်းအစနှင့် တူညီကြောင်းနှင့် ဇာတကနိပါတ်တော်တစ်ခုအားအလျားလိုက်ရေးဆွဲခြင်းဖြစ်ကြောင်းနှင့် ပုံတွင် အကြောင်းအရာများကို စာတမ်းရေးထိုးထားကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ထိုပန်းချီကား၏ ဟန်မှာ လောကထိပ်ပန်နှင့် မြင်းကမ္ဘာဂူပြောက်ကြီး၏ နံရံဆေးရေးပန်းချီများ၏ဟန်နှင့်တူညီသည်။ ထို့ကြောင့် ထိုပန်းချီသည် အေဒီ ၁၁၁၃ ခန့်တွင် ရေးဆွဲခဲ့သည်ဟု သတ်မှတ်နိုင်သည်။ ထို့ကြောင့် ထိုပန်းချီကားသည် ပါလဟန်ဖြင့်ရေးဆွဲခဲ့သော ပန်းချီကားများအနက် ဇာတ်ကြောင်းရေးထိုးထားသော အစောဆုံး ပန်းချီကားဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်မူ ပါလဟန်ပန်းချီအားလုံးမှာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးပျောက်ကွယ်သွားပြီဖြစ်သည်။

## ၅။ အဝခေတ် ပန်းချီရေးဆွဲခြင်း

အင်းဝခေတ်ဟု လူသိများသော အဝခေတ် (၁၃၆၄ မှ ၁၅၅၅) အကြောင်းတွင် Cooler မှ အောက်ဖော်ပြပါ အကြောင်းအရာများကို ရေးသားခဲ့သည်။

'အင်းဝခေတ် ပန်းချီများသည် ပုဂံခေတ်က ရေးဆွဲခဲ့သော အဓိက အကြောင်းအရာများဖြစ်သည့် ဘာသာရေးနှင့်ဆိုင်သော အကြောင်းအရာများနှင့် ကိစ္စရပ်များကို ဆက်လက်ရေးဆွဲခဲ့ရာ နောက်ခံအကြောင်းအရာများမှာ ဒေသိယအကြောင်းအရာများ ဖြစ်သော ခေတ်ပြိုင် ဗမာ့ဗိသုကာလက်ရာများ၊ ဝတ်စားဆင်ယင်မှုများ၊ ဆံပင်ထုံးဖွဲ့ပုံများ၊ လက်ဝတ်ရတနာများနှင့် ဒေသရင်းအပင်များနှင့် မျိုးရင်းတိရစ္ဆာန်များ ပါဝင်သည်။ နေ့စဉ်ဘဝတွင် တွေ့မြင်ရသော မြင်ကွင်းများဖြစ်သည့် နန်းတွင်းဘဝနှင့် နန်းတော်မြင်ကွင်းများသာမက အသည်သားများ၏ နေ့စဉ်လုပ်ငန်းများဖြစ်သော ငါးဖမ်းခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် အိုးလုပ်ခြင်းတို့လည်း ပါဝင်သည်။'

ပန်းချီဆွဲမှုများကို ပုံသဏ္ဍာန်ပြောင်းပြီး သေးငယ်သေသပ်သော ဘောင်အတွင်းတွင် ပန်းချီကားများ ရေးဆွဲခြင်းမှ ရှည်လျားသော ဘောင်အတွင်းတွင် ပန်းချီကားများကို ရေးဆွဲလာကြသည်။ အဘယ်ကြောင့်ဆိုသော် ပိုမိုများပြားသော ရုပ်ပုံများကို ထည့်သွင်းရေးဆွဲနိုင်ရန်ဖြစ်သည်။ အထူးသဖြင့် ဇာတ်ကြောင်းနှင့် မသက်ဆိုင်သော နောက်လိုက်နောက်ပါဇာတ်ရုပ်များနှင့် အရံဇာတ်ရုပ်များကို ထည့်သွင်းရေးဆွဲနိုင်ရန်ဖြစ်သည်။ ဇာတ်ကြီးဆယ်ဘွဲ့ကို အများဆုံးရေးဆွဲကြပြီး ဇာတ်ခန်း အပြည့်အစုံကို အနုစိတ်ရေးဆွဲကြရာ အချို့ဇာတ်တော်များကို နံရံတစ်ခုလုံးအပြည့်ပင် ရေးဆွဲကြသည်။

တောက်ပသော အနီရောင်၊ အဝါရောင်၊ အပြာရောင်များကို ဆေးရောင်အသစ်များအဖြစ် စတင် အသုံးပြုလာကြပြီး အထူးသဖြင့် စိမ်းပြာရောင်ကို အသုံးပြုလာကြရာ ပိုမိုတောက်ပသစ်လွင်သော ပန်းချီများကို ရေးဆွဲလာနိုင်ခဲ့သည်။ ထိုပန်းချီများကို စစ်ကိုင်းရှိ တိလောကဂုရု တရားထိုင်ဂူများ (၁၆၇၂)၊ အာနန္ဒအုတ်ကျောင်းနှင့် ပုဂံရှိ ဥပါလိသိမ်တို့တွင် တွေ့ရှိနိုင်ပါသည်။

## ၆။ မန္တလေးခေတ် ပန်းချီရေးဆွဲခြင်းနှင့် ပုံနှိပ် ထုတ်ဝေခြင်း

ကုန်းဘောင်ခေတ် (၁၇၅၂ မှ ၁၈၈၅) အကြောင်းတွင် Cooler မှ အောက်ဖော်ပြပါ အကြောင်းအရာ များကို ရေးသားခဲ့သည်။

'မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများ လာရောက်လည်ပတ်မှု တိုးတက်လာသည်နှင့်အမျှ ပန်းချီနှင့် ဗိသုကာပညာရှင်များစွာတို့သည်လည်း မြို့ပြများတွင် အခြေချနေထိုင်လာကြသည်။ ထိုနိုင်ငံခြား သားများနှင့်အတူ ပုံနှိပ်ထုတ်ဝေရန်လိုအပ်သော ပစ္စည်းများလည်းတိုးပွားလာပြီး အနောက်တိုင်း ရှုထောင့်များ ပုံစံများကို အသုံးပြုရေးဆွဲလာကြသည်။ ဘုန်းကြီးကျောင်းများနှင့် ဘုရားပုထိုးများ အတွက်မဟုတ်ဘဲ အိမ်တွင်းအလှဆင်ရာတွင် အသုံးပြုရန်အတွက် ပုံတူပန်းချီများနှင့် ရှုမျှော်ခင်းပန်းချီ များကို အနောက်တိုင်းပုံစံဖြင့် ရေးဆွဲလာကြသည်။ တောင်သမန် ကျောက်တော်ကြီးဘုရား၏ အဝင်ဝခန်းမများတွင် ရေးဆွဲထားသော လူ့ဘုံမှပြဟ္မာ့ဘုံများအထိ ပန်းချီများသည် အနောက်တိုင်း ပုံစံများကို မှီးထားသော နမူနာသာဓက တစ်ခုပင်ဖြစ်သည်။ ဇာတ်ရုပ်များ၏ အရိပ်များနှင့် အဝေးမြင်ကွင်းများ ဝေဝါးသွားပုံကို သရုပ်မှန်နှင့်

တတ်နိုင်သမျှနီးစပ်အောင် ရေးဆွဲလာကြသည်။ ဂူပုထိုးများအတွင်းရှိ နံရံဆေးရေးပန်းချီများပေါ်တွင် ထိုဂူပုထိုးများကို တည်ထားကိုးကွယ်သည့်၊ ပြန်လည်ပြုပြင်မွမ်းမံသည့် ဘုရင်၏ရုပ်ပုံများကို ရေးဆွဲထားခြင်းကြောင့် ထိုဂူပုထိုးသည် မည်သည့် ခေတ်မှ ဖြစ်ကြောင်းကို သိရှိနိုင်သည်။'

'ပထမ အင်္ဂလိပ်-မြန်မာစစ် (၁၈၂၄ မှ ၁၈၂၆) ကာလတွင် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိသျှ အရာရှိများသည် ရှုမျှော်ခင်းများနှင့် ကျေးလက်ဒေသများ၊ ပုံကြမ်းများကို ခြစ်ယူပြီးနောက် ထိုခေတ် အင်္ဂလန်နိုင်ငံတွင် ခေတ်စားသော ပန်းချီရေးဆွဲဟန်ဖြင့် မျက်စိပသာဒ ဖြစ်စေရန် ရေးဆွဲကြသည်။ အကောင်းမွန်ဆုံးသော ပန်းချီများကို အင်္ဂလန်တွင် ပြန်လည်ပုံနှိပ်ထုတ်ဝေကြပြီး အရှေ့တောင်အာရှမှ ဝယ်ယူသူများအတွက် အများအပြား ပြန်လည်တင်ပို့ရောင်းချကြသည်။ ပန်းချီဆရာများသည် ဗြိတိသျှအရာရှိများ ဖြစ်သော်လည်း ရုပ်ပုံ ၂၈ ပုံ ပါဝင်သော စစ်အတွင်း ဖြစ်စဉ်များအနက် စစ်တိုက်ခိုက်နေပုံ ဖော်ပြရေးဆွဲထားသည့် ရုပ်ပုံ ခုနစ်ပုံသာပါဝင်သည်။ မြန်မာ့ သမိုင်း၏ သဘာဝရှုမျှော်ခင်းပုံများကို ထိုပုံနှိပ်ပန်းချီများ၏ ပထမပိုင်းတွင်ဖော်ပြထားပြီး ထိုပန်းချီများသည် ဓာတ်ပုံရိုက်ထားသည့် မြင်ကွင်းကဲ့သို့ ထပ်တူမကျသော်လည်း အရွယ်အစား ကြီးမားစွာ ရေးဆွဲထားသော ဆေးရောင်စုံ မြန်မာ့ရှုမျှော်ခင်းပန်းချီကားများ ဖြစ်ခဲ့သည်။'


'သမိုင်းမှတ်တမ်းသရုပ်ဖော်ပန်းချီ ရုပ်ပုံ ၂၈ ပုံ ကို Captain James Kershaw နှင့် Lieutenant Joseph Moore ဟု ခေါ်သော မြန်မာနိုင်ငံရှိ ဗြိတိသျှပြည်သိမ်းစစ်ဆင်ရေးတပ်မှ အရာရှိနှစ်ဦးက ဖြစ်စဉ်အတွင်း ချက်ချင်း ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ထိုအရာရှိနှစ်ဦးအား လူသိမများကြသော်လည်း ထိုသူနှစ်ဦး၏ လက်ရာများသည် မျက်စိပသာဒဖြစ်စေသော ခေတ်မီနမူနာလက်ရာများပင် ဖြစ်သည်။ သမိုင်းကြောင်းအရ ထုတ်ဝေထားသော ထိုပန်းချီများသည် စစ်အတွင်း အမှန်တကယ် ဖြစ်ပေါ်နေသော အရာများကို တိကျစွာ မဖော်ဆောင်နိုင်သဖြင့် တိုက်ပွဲ၏ ရည်ရွယ်ချက်များနှင့် စွမ်းဆောင်ရည်များသည်လည်း ဝေဝါးနေပါသည်။ သို့သော် ထိုပုံနှိပ်ပန်းချီများသည် အင်္ဂလန်နှင့် သူ၏ ကိုလိုနီများအတွက် မျက်စိပသာဒဖြစ်စေသော စိတ်ဝင်စားမှုအများဆုံး ရရှိသည့် ရသ ခံစားနိုင်သော အနုပညာလက်ရာများဖြစ်သည်။'


'ပန်းချီဆန်သော မျက်စိပသာဒဖြစ်မှုနှင့် စစ်ပွဲ၏ အမှန်တကယ်ဖြစ်စဉ်များအကြား မြင်ရသော ကွဲပြားခြားနားမှုသည် မျက်စိပသာဒဖြစ်စေခြင်းကိုသာ အားပေးဖော်ဆောင်သော စိတ်ကြည်နူးစေမှု ကိုသာ အားပေးသည့် ဗြိတိသျှတို့၏ သွင်ပြင်လက္ခဏာတစ်ရပ်ကို ဖော်ဆောင်ခဲ့သည်။

ကံမကောင်းသည့်အချက်မှာ အိန္ဒိယတွင် ဖြစ်ပွားခဲ့သော စစ်ပွဲ၏သရုပ်မှန်ကို မဖော်ပြနိုင်ခဲ့ပေ။ ထို့ပြင် မရှိမဖြစ် အရေးပါလှသော ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ သတင်းအချက်အလက်များ မပါဝင်သဖြင့် ဗြိတိသျှအများအပြားသည် ရောဂါကြောင့် ကျဆုံးခဲ့ရသည်။ (ပင်လယ်ဝမှ) မိုင်ပေါင်း ၃၀၀ ခန့် ကွာဝေးသော ကုန်းတွင်းပိုင်းဒေသဖြစ်သည့် အဝမြို့တွင် သီးခြားတည်ရှိသဖြင့် လုံခြုံရေး အားနည်းခြင်းမရှိဟု လွဲမှားစွာယုံကြည်နေသော မြန်မာ့နန်းတွင်းသည်လည်း ဗြိတိသျှတို့၏ စစ်ရေးလွှမ်းမိုးမှုကို ခုခံနိုင်စွမ်းမရှိသဖြင့် စစ်၏အနိဋ္ဌာရုံရလဒ်များကိုသာ တွေ့ကြုံခဲ့ရလေသည်။'

# လက်ကမ်းစာစောင် (၄)
# ကလေးများ၏ ပန်းချီလက်ရာ နမူနာများ (သင်ခန်းစာ ၃.၂.၂)

ကလေးများ၏ ပန်းချီနမူနာများ





# လက်ကမ်းစာစောင် (၅)
# သင်ယူမှုလုပ်ငန်း ၂ အတွက် ရုပ်ပုံများ (သင်ခန်းစာ ၃.၂.၂)

## နမူနာပန်းချီများ













## လက်ကမ်းစာစောင် (၆)
## သင်ယူမှုလုပ်ငန်း ၂ အတွက် အဖြေများ (သင်ခန်းစာ ၃.၂.၂)

အသက်အရွယ်အလိုက် ပန်းချီများ

| ရုပ်ပုံ | အသက်အရွယ် နှင့် အကြောင်းအရာ အချက်အလက်များ |
|---|---|
|  | • ဤရုပ်ပုံသည် ကလေးအသက် ၁ နှစ် နှင့် ၃ နှစ်ကြားမှ ဆွဲထားသော ရုပ်ပုံဖြစ်သည်။<br>• ဤရုပ်ပုံသည် ပုံကြမ်းရေးခြစ်ထားသောပုံသာ ဖြစ်သည်။ ဆိုလိုရင်းသည်ဝေဝါးနေပြီး အစက်များနှင့် ရေးခြစ်မှုများသည် ဆက်စပ်မှု မရှိပေ။<br>• ထိုအဆင့်ကို ရေးခြစ်နိုင်သည့်အဆင့် (Scribble Stage) ဟု ခေါ်သည်။ |
|  | • ဤရုပ်ပုံသည် ကလေးအသက် ၃ နှစ် နှင့် ၅ နှစ်ကြားမှ ဆွဲထားသော ရုပ်ပုံဖြစ်သည်။<br>• ကလေးသည် ကောက်ကြောင်းများကို သရုပ်ဖော်နိုင်ပြီး ပန်းချီဆွဲခြင်းနှင့် မျဉ်းများကြား ဆက်စပ်မှုအချို့ရှိသည်။ သို့သော် ဤရုပ်ပုံသည် တစ်ခုနှင့်တစ်ခု ဟန်ချက်ညီမှု မရှိပေ။ |
|  | • ဤရုပ်ပုံသည် ကလေးအသက် ၅ နှစ်နှင့် ၈ နှစ်ကြားမှ ဆွဲထားသော ရုပ်ပုံဖြစ်သည်။<br>• မြေကြီးနှင့်ကောင်းကင်အား သိသာစွာ ကွဲပြားအောင် ဆွဲနိုင်သည်။ |

| ရုပ်ပုံ | အသက်အရွယ်နှင့် အကြောင်းအရာ အချက်အလက်များ |
|---|---|
|  | • ဤရုပ်ပုံသည် ကလေးအသက် ၉ နှစ် နှင့်  ၁၁ နှစ်ကြားမှ ဆွဲထားသော ရုပ်ပုံဖြစ်သည်။<br>• ဤရုပ်ပုံတွင် စကေးအတိုင်းအတာများကို ရေးဆွဲနိုင်သည့် စွမ်းရည်ရှိကြောင်း ဖော်ပြနေသည်။ ရှုထောင့်အပေါ်တွင် မူတည်ပြီး အရာဝတ္ထုများကို မတူညီသော အရွယ်အစားများ ရေးဆွဲနိုင်သည်။ (ဆိုလိုသည်မှာ အဝေးဆုံး မြင်ကွင်းအား သေးသေးဆွဲထားပြီး အနီးဆုံးမြင်ကွင်းအား ကြီးကြီးဆွဲထား ခြင်းဖြစ်သည်။) |
|  | • ဤရုပ်ပုံသည် ကလေးအသက် ၁၁ နှစ် နှင့်  ၁၄ နှစ်ကြားမှ ရေးဆွဲသော ရုပ်ပုံဖြစ်သည်။<br>• ဤကလေးသည် ယောက်ျားတစ်ယောက်၏ ပုံပန်းသဏ္ဍာန်ကို မတူညီသော အရောင်မျိုးစုံကိုအသုံးပြုပြီး အရိပ်များကို ဖော်ပြ၍ ရေးဆွဲနိုင်သည်။ (ဆိုလိုသည်မှာ အလင်းအမှောင်များကို ပုံဖော်ရေးဆွဲထားခြင်း ဖြစ်သည်။) |
|  | • ဤရုပ်ပုံသည် ကလေးအသက် ၁၃ နှစ် နှင့်  ၁၇ နှစ်ကြားမှ ဆွဲထားသော ရုပ်ပုံဖြစ်သည်။<br>• ဤရုပ်ပုံတွင် မိမိ၏ အတွေးအခေါ်များ အတွေးအမြင်များကို စိတ်ကူးပုံဖော်ထားသော ရုပ်ပုံကို ဖန်တီးနိုင်သည့် စွမ်းရည်ရှိ ကြောင်း ဖော်ပြနေသည်။ |

# လက်ကမ်းစာစောင် (၇)
# ကလေးများ၏ ပန်းချီအနုပညာ သင်ယူတိုးတက်ပုံအဆင့်ဆင့်

**ကလေးများပန်းချီအနုပညာ သင်ယူတိုးတက်ပုံအဆင့်ဆင့် (လိုဝန်ဖီး နှင့် ဘရီတန် (Lowenfeld & Brittain ၊ ၁၉၈၇))**

ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်သည် လူသားများ ဖွံ့ဖြိုးတိုးတက်မှု၏ အသေးစိတ် အချိန်အပိုင်းအခြားများအား ကြည့်ရှုလေ့လာခြင်းမှ ရရှိလာသော သွင်ပြင်လက္ခဏာများအပေါ်တွင် အခြေခံထားသည်။ ထိုကလေးများ ပန်းချီအနုပညာ သင်ယူတိုးတက်ပုံအဆင့်ဆင့်ကို ကလေးများ၏ မှတ်မိခြင်းဆိုင်ရာသရုပ်ပြပုံတွင်လည်း မြင်တွေ့နိုင်ပါသည်။ ကလေးများ ပန်းချီအနုပညာ သင်ယူတိုးတက်ပုံ အဆင့်ဆင့်အား လေ့လာထားသော စာပေများစွာလည်း ရှိပါသည်။ သို့သော် ယခု ဗီတာလိုဝန်ဖီး (Viktor Lowenfeld) ရေးသားထားသော စာပေတွင် ကလေးများ မွေးကင်းစမှ အရွယ်ရောက်သည်အထိ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့်အညီ အနုပညာတီထွင်ဖန်တီးမှုများ ပြောင်းလဲလာပုံ အဆင့်ဆင့်ကို ဖော်ပြထားပါသည်။ ဤလေ့လာတွေ့ရှိမှုသည် ကမ္ဘာပေါ်တွင် ပန်းချီအနုပညာ သင်ယူတိုးတက်ပုံအဆင့်ဆင့်အတွက် စံနမူနာပုံစံအဖြစ် အသိအမှတ်ပြုခံထားရခြင်း ဖြစ်သည်။ ဤစာပေသည် ပိုမိုထိရောက်ကျွမ်းကျင်သော ပန်းချီဆရာ၊ဆရာမများ ဖြစ်လာအောင် အထောက်အကူပြုမည်ဖြစ်သည်။ ကလေးများသည် အခြားသောကျွမ်းကျင်မှုများဖြစ်သည့် အရေး၊ အပြောနှင့် လမ်းလျှောက်ခြင်းများ တဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးလာသကဲ့သို့ အနုပညာစွမ်းရည်များ သည်လည်း ထိုကဲ့သို့ အဆင့်ဆင့်တိုးတက်လာခြင်းဖြစ်သည်။

## ရေးခြစ်နိုင်သည့်အဆင့် (Scribble Stage) (၁ နှစ် မှ ၃ နှစ်ထိ)

ဤအသက်အရွယ် ကလေးများသည် ရုပ်ပိုင်းဆိုင်ရာ အခြေအနေများကို စတင်ရေးဆွဲနိုင်ခြင်းဖြစ်သည်။ ဤအဆင့်တွင် အစက်များနှင့်ရေးခြစ်မှုများသည် ဆက်စပ်မှုမရှိပေ။ သို့သော် ဤအဆင့်၏ နောက်ဆုံးအသက်အရွယ်ဖြစ်သည့် ၂ နှစ်၊ ၃ နှစ် တွင် ကလေးများသည် အမှတ်များကို စတင်၍ ရေးခြစ်မှတ်သားနိုင်သည်။ ဤအဆင့်သည် အထူးသဖြင့် အမှတ်၊ အစက်များကို ပျော်ရွှင်စွာရေးဆွဲသည့်အဆင့်သာဖြစ်သည်။




## အကြိုသရုပ်ဖော်နိုင်သည့်အဆင့် (Pre-schematic Stage) (၃ နှစ်မှ ၅ နှစ်ထိ)

ဤအဆင့်၌ ကလေးများသည် မိမိဆွဲထားသော ပုံသဏ္ဍာန်နှင့် မိမိ၏ ပြင်ပပတ်ဝန်းကျင်အကြားဆက်စပ်မှုများကို စတင်၍ သတိပြုမိလာကြသည်။ စက်ဝိုင်းများ၊ မျဉ်းများသည် ပြင်ပလောကတွင် မိမိ မြင်တွေ့ရသော လူများ၊ အရာဝတ္ထုများကို ပုံဖော်နိုင်ကြောင်း သိရှိလာကြသည်။ ဤအဆင့်သည် ကလေးများအတွက် မိမိ၏ရေးဆွဲထားသောရုပ်ပုံအား စတင်၍ ဆက်သွယ်ပုံဖော်နိုင်သည့် အဆင့်ပင်ဖြစ်သည်။




## သရုပ်ဖော်နိုင်သည့်အဆင့် (Schematic Stage) (၄ နှစ်မှ ၈ နှစ်ထိ)

ဤအဆင့်၌ ကလေးများသည် မိမိပုံဖော်ပြသလိုသော အရာဝတ္ထုများကို ရှင်းလင်းစွာ သရုပ်ဖော်နိုင်စွမ်းရှိသည်။ ဤအဆင့်၌ ကလေးများသည် မိမိရေးဆွဲမည့် ရုပ်ပုံများအတွက် ပုံကြမ်းရေးဆွဲလေ့ရှိကြသည်။ ဤအခြေအနေသည် ပုံဆွဲခြင်း၏ တိုးတက်မှုအစီအစဉ်တစ်ရပ်ပင်ဖြစ်သည်။ ဤအဆင့်၌ ကလေးများသည် မြေကြီးနှင့်ကောင်းကင်အား သိသာစွာ ကွဲပြားအောင်ဆွဲနိုင်သည်။ ကောင်းကင်အား စာရွက်၏အပေါ်ဘက်တွင် အပြာရောင်ဆေးခြယ်ပြီး မြေကြီးအား စာရွက်၏အောက်ဘက်တွင် အစိမ်းရောင်ခြယ်သလေ့ရှိသည်။ အရာဝတ္ထုများကို ရံဖန်ရံခါ လေဟာနယ်တွင် ရေးဆွဲမည့် အစား မြေကြီးပေါ်တွင် ရေးဆွဲလေ့ရှိသည်။ အရေးကြီးသော အရာဝတ္ထုများကို အရေးမကြီးသော အရာဝတ္ထုများထက် ပိုမိုကြီးမားစွာ ဆွဲလေ့ရှိကြသည်။



## လက်တွေ့ပုံများကို စတင်ရေးဆွဲနိုင်သည့်အဆင့် (Dawning Realism Stage) (၉ နှစ်မှ ၁၁ နှစ်ထိ)

ဤအဆင့်၏ အနုပညာဖွံ့ဖြိုးတိုးတက်မှုတွင် ကလေးများသည် မိမိရေးဆွဲသောအရာများကို စတင်၍ အလွန်အလေးထားလာကြသည်။ ထိုကလေးများသည် အရာဝတ္ထုများကို ပုံသေသတ်မှတ်ပြီး ရေးဆွဲခြင်းသည် မလုံလောက်တော့ဟု သတိပြုမိလာကြသည်။ ပုံဆွဲရာတွင် ပုံကြမ်းကို အသုံးပြုရသော်လည်း ရှေ့ပိုင်းအဆင့်တွင် အသုံးပြုသည့် ပုံကြမ်းအနေအထားထက် ဤအဆင့် တွင် ပိုမိုရှုပ်ထွေးလာသည်။ ထပ်ခါတလဲလဲ ရေးဆွဲခြင်းများကို မြင်တွေ့နိုင်ပြီး အာကာသနှင့်ဆိုင်သော ဆက်စပ်မှုများကို သိမြင်ခံစားလာနိုင်ကြသည်။



## သဘာဝပုံများ ဆွဲနိုင်သည့်အဆင့် (Pseudo-Naturalistic Stage) (၁၁ နှစ်မှ ၁၄ နှစ်ထိ)

ဤအဆင့် ပုံဆွဲရာတွင် အလင်း၊ အမှောင်များကို အသုံးပြုမှုများ ပေါ်လွင်လာသည်။ ဤအဆင့်၏ အနုပညာဖွံ့ဖြိုးတိုးတက်မှုတွင် ကလေးများအတွက် မိမိ၏ အောင်မြင်မှုများသည် အလွန်အရေးကြီး ပါသည်။ ပုံဆွဲရာတွင် မိမိ၏အောင်မြင်မှုကို အမှန်တကယ် လက်တွေ့အခြေအနေဖြင့် တိုင်းတာကြ သည်။ ဤအဆင့်တွင် စိတ်ရှုပ်ထွေးမှုများကို အများအားဖြင့် ခံစားကြရသည်။ ဤအဆင့်တွင် ကျောင်းသားများအား အားပေးရန် အလွန်ပင်အရေးကြီးပါသည်။



## ဆုံးဖြတ်ချက်ချနိုင်သည့်အဆင့် (Decision Stage) (၁၃ နှစ်မှ ၁၇ နှစ်ထိ)

ဤအဆင့်တွင် ကျောင်းသားများသည် ပုံဆွဲခြင်းအား ဆက်လက်ဆောင်ရွက်မည် (သို့မဟုတ်) ပုံဆွဲခြင်းအား တာဝန်တစ်ရပ်အနေဖြင့်သာ လုပ်ဆောင်တော့မည် စသည့်အခြေအနေအား ဆုံးဖြတ်မည့်ကာလဖြစ်သည်။ ဤအဆင့်တွင် ကျောင်းသားများသည် မိမိကိုယ်ကို ဝေဖန်သုံးသပ်မှု ပြုလုပ်ပြီး ကျောင်းသားအများစုအတွက် ပုံဆွဲသည့် ကျွမ်းကျင်မှုသည် သူတို့ပိုင်ဆိုင်သည့် အရာ မဟုတ်ဟု မြင်လာကြသည်။ သို့သော် အခြားကျောင်းသားများသည် မိမိ၏ ပုံဆွဲသည့်စွမ်းရည်ကို တိုးတက်အောင် ဆက်လက်ကြိုးစားရန်လည်း ဆုံးဖြတ်ကြသည်။ ကျောင်းသားများအား သူတို့၏ ကျွမ်းကျင်မှုအဆင့်ကို အလေးမထားဘဲ တိုက်တွန်းနှိုးဆော်ပေးရန် အလွန်အရေးကြီးသည်။ မည်သည့် ကျွမ်းကျင်မှုမဆို လေ့ကျင့်ခြင်းဖြင့် ရရှိနိုင်သည်။ ဤအဆင့်၏ အနုပညာဖွံ့ဖြိုးတိုးတက်မှုသည် အနုပညာရှင်များဖြစ်လာစေရန် အရေးကြီးဆုံးအဆင့်ဟုပင် ခေါ်နိုင်ပါသည်။



## မူလတန်းကျောင်းများတွင် ပန်းချီအနုပညာ သင်ယူတိုးတက်ပုံအဆင့်ဆင့်

## မူလတန်း အောက်ဆင့် (ပထမတန်းမှ တတိယတန်းထိ)

### တီထွင်ဖန်တီးခြင်း

ဤအဆင့်တွင် ကလေးများသည် မိမိတို့၏ အာရုံများကို အတတ်နိုင်ဆုံး ခံစားအသုံးပြု ကြပါသည်။ မွေးကင်းစ အသက်အရွယ်တွင် ဆောင်ရွက်ခဲ့သော ကပ်ခြင်း၊ ညှပ်ခြင်း စသည့် လုပ်ငန်းများအပေါ် အခြေခံပြီး အရာဝတ္ထုများကိုအသုံးပြု၍ အနုပညာလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ ထိုရုပ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများမှ တီထွင်ဖန်းတီးနိုင်သည့် စွမ်းရည်များ၊ ဖော်ပြချက်များကို ဖော်ထုတ်နိုင်ရန် အလွန်အရေးကြီးပါသည်။ တစ်နည်းအားဖြင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမှ တီထွင်ဖန်တီးနိုင်သည့် စိတ်ကူးစိတ်သန်းများ ဖြစ်ပေါ်လာနိုင်သည်။ ထို့နောက် ကလေးများသည် မိမိရေးဆွဲထားသော အရာဝတ္ထုများ၏ သွင်ပြင်လက္ခဏာများကို နားလည်သဘောပေါက်လာမည်ဖြစ်ပြီး ပြင်ပလောကများသို့ ဆက်လက်ကျယ်ပြန့်စွာ သိမြင်လာမည်ဖြစ်သည်။ ဤအဆင့်၏ နောက်ဆုံးအသက်အရွယ်အပိုင်းအခြားတွင် ကလေးများသည် သူငယ်ချင်းအချင်းချင်း မျှဝေလုပ်ဆောင်ခြင်းများကို စိတ်ဝင်တစား ပျော်ရွှင်စွာ စတင်၍ လုပ်ဆောင်နိုင်ကြပါသည်။

### သရုပ်ဖော်ပြသခြင်း

ဤအဆင့်တွင် ကလေးများသည် မိမိတို့ ကြိုက်နှစ်သက်သော အရာများဖြစ်သည့် အသီးများ၊ အစားအစာများနှင့် လူများကို ပုံဖြင့်သရုပ်ဖော်ဆွဲလာနိုင်ကြသည်။ ဤသို့ပုံဖြင့် သရုပ်ဖော်ဆွဲလာနိုင်သည့်အဆင့်၏ ယေဘုယျသွင်ပြင်လက္ခဏာများအနေဖြင့် မြေကြီး၊ ကောင်းကင်များကို ဆွဲလာခြင်းများအား တွေ့ရှိနိုင်သည်။ အချင်းချင်းဆက်သွယ်ပြောဆိုခြင်းများ၊ သင်ပြခြင်းများ မှတစ်ဆင့် ကလေးများသည် သဘာဝဆန်ဆန် သရုပ်ဖော်ပြသလာနိုင်ကြသည်။ ဆရာက ကလေးများအချင်းချင်း မိမိရေးဆွဲထားသောပုံများ၊ အတွေးအခေါ်များနှင့် စိတ်ကူးစိတ်သန်းများကို ပေါ့ပေါ့ပါးပါး ပြောဆိုနိုင်အောင် ကူညီထောက်ပံ့ပေးရမည်။

**သိမြင်ခံစားခြင်း**

ဤအဆင့်တွင် ကလေးများသည် မိမိတို့ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို ထိတွေ့ကိုင်တွယ်ပြီး စိတ်ဝင်စားမှုများ ဖြစ်ပေါ်လာသည့်အဆင့်ဖြစ်သည်။ အချို့ကလေးများသည် သဘာဝ အရာဝတ္ထုများနှင့် ဖန်တီးထားသော အရာဝတ္ထု အမျိုးမျိုးတို့ကို စုစည်းထားတတ်လာကြသည်။ ဤအဆင့် ကလေးများ၏ ထင်ရှားသောအပြုအမူများမှာ အာရုံငါးပါးကို အသုံးပြုပြီး အရာဝတ္ထုပစ္စည်းများကို ပြုလုပ်ဖော်ပြလာနိုင်ခြင်းဖြစ်သည်။ ကလေးများသည် အာရုံငါးပါးနှင့် မိမိ၏လက်များဖြင့် အရောင်များ၊ ပုံသဏ္ဍာန်များနှင့် လက်မှုပညာများအား ရောစပ်ပြီး ပစ္စည်းများကို ကပ်ရန်၊ ညှပ်ရန်၊ ဆက်စပ်ရန် စသည့်လုပ်ဆောင်ချက်အမျိုးမျိုးကို အကောင်းမြင်စိတ်ဖြင့် ဆောင်ရွက်နိုင်ကြသည်။

ဤအဆင့်၏ နောက်ဆုံးအသက်အရွယ် အပိုင်းအခြားတွင် ကလေးများသည် ပိုမို၍ မြင့်မားသော ပစ္စည်းကိရိယာများကို ရေးဆွဲလာနိုင်ကြသည်။ ဤအဆင့်တွင် ကလေးများသည် ပစ္စည်းကိရိယာများကို ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်ရှုတတ်လာကြသည်။ ဥပမာ ကလေးများသည် သစ်သားနှင့် စက္ကူများ၏ ပုံသဏ္ဍာန်ကို ကြည့်ရှုလေ့လာပြီး သစ်သားသည် တိရစ္ဆာန်နှင့် ဆင်တူကြောင်းကို သိမြင်ခံစားပြီး ပိုမိုစိတ်ဝင်စားလာကြသည်။ ကလေးများသည် မိမိသူငယ်ချင်းများ၏ အနုပညာလက်ရာများကို ကြည့်ရှုလေ့လာပြီး မိမိ၏အနုပညာလက်ရာများအတွက် နည်းလမ်းအသစ်များအား ရှာဖွေတွေ့ရှိပြီး ပိုမိုကောင်းမွန်စွာ လုပ်ဆောင်လာနိုင်ကြသည်။

**မူလတန်း အထက်ဆင့် (စတုတ္ထတန်းနှင့် ပဉ္စမတန်း)**

**တီထွင်ဖန်တီးခြင်း**

ဤအဆင့်၌ ကလေးများ၏ ထင်ရှားသော အပြုအမူများမှာ ပိုမိုကျယ်ပြန့်သော ပတ်ဝန်းကျင်အား စိတ်ဝင်စားမှုများစွာ ရှိလာကြပြီး လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုများကို စိတ်ဝင်စားလာခြင်းများနှင့် မြောက်များစွာသော အရာများကို ဝေဖန်သုံးသပ်ခြင်းများ လုပ်ဆောင်လာကြသည်။ ဤအဆင့်၌ ကလေးများသည် ကြီးမားသောအရာဝတ္ထုများကိုလည်း အသုံးပြုနိုင်ပြီဖြစ်သည်။ မူလတန်း အောက်ဆင့်တွင် မလုပ်ဆောင်နိုင်သည့် ပစ္စည်းကိရိယာများကို အကဲဖြတ်ခြင်းများ၊ မိမိ၏ အနုပညာလက်ရာများကို ပြန်လည်သုံးသပ်ခြင်းများအား လုပ်ဆောင်လာနိုင်ကြသည်။ မိမိ၏

ပတ်ဝန်းကျင်ရှိ အခြားအရာများနှင့် ဆက်စပ်မှုရှိခြင်းများကို သိမြင်လာပြီး ပိုမိုကြီးမားကျယ်ပြန့်သော လုပ်ဆောင်မှုများကို စည်းမျဉ်းအမျိုးမျိုးဖြင့် လုပ်ဆောင်လာနိုင်ကြသည်။ ဤအဆင့်ကလေးများသည် အကြောင်းအရာ အဖြစ်အပျက်များကို ကျိုးကြောင်းဆက်စပ် စဉ်းစားလာနိုင်ကြပြီး ယခင်က မိမိ၏ အတွေ့အကြုံများကိုပါ ပေါင်းစပ်၍ လုပ်ဆောင်လာနိုင်ကြပါသည်။

## သရုပ်ဖော်ပြသခြင်း

ဤအဆင့်တွင် ကလေးများသည် လွန်စွာသွက်လက်ဖျတ်လတ်လာပြီး ပစ္စည်းကိရိယာအမျိုးမျိုးကို တိုးတက်မြင့်မားစွာ အသုံးပြုလာနိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကလေးများ၏ တိုးတက်လာသည့် သွင်ပြင်လက္ခဏာများသည် လက်တွေ့လုပ်ငန်းများကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြနိုင်ရန် ကူညီထောက်ပံ့ပေးသည်။ ဤအဆင့်၌ ကလေးများသည် အနုပညာလက်ရာများကိုသာမက နေ့စဉ်မြင်တွေ့ရသည့် မြင်ကွင်းများကိုပါ မတူညီသော ရှုထောင့်များဖြင့် သရုပ်ဖော်ပြသလာနိုင်ကြသည်။ ဤအဆင့်၌ ကလေးများသည် မိမိ တန်ဖိုးထားသော အရာများကို သရုပ်ဖော်ပြသရန် ပိုမိုသတိပြုမိလာကြပြီး မိမိ၏စိတ်ကူးစိတ်သန်းများကို မတူညီသောအရောင်မျိုးစုံနှင့် နည်းလမ်းမျိုးစုံကို အသုံးပြုပြီး ရေးဆွဲလာနိုင်ကြသည်။

## သိမြင်ခံစားခြင်း

ဤအဆင့်၌ ကလေးများသည် မိမိနှင့် မိမိ၏ ပတ်ဝန်းကျင်အား ကောင်းစွာစဉ်းစားလာနိုင်ကြပြီး အခြားသူများ၏ ဘဝအခြေအနေများကို စိတ်ဝင်စားလာကြသည်။ ဤအဆင့်၌ ကလေးများသည် အခြားသူများ၏ အဆင့်အတန်း အခြေအနေများ၊ မိမိ၏ ဘဝအခြေအနေများနှင့် အနုပညာရှင်များ ဖြစ်ပေါ်လာနိုင်ခြင်းအား စတင်၍စဉ်းစားလာနိုင်ကြသည်။

## ကျမ်းကိုး

Fujie, M. & Satou, Y. (2011). *Zugakousaku Kenkyu.* Nihon Bunkyou Shuppan

Fussell, M. (2011). 'The Stages of Artistic Development'. Retrieved from: https://thevirtualinstructor.com/blog/the-stages-of-artistic-development

# လက်ကမ်းစာစောင် (၈)
# မြန်မာနိုင်ငံ၏ လက်မှုပညာ (သင်ခန်းစာ ၃.၃.၁)

## ၁။ ပန်းပဲ

ပန်းပဲပညာ ဆိုသည်မှာ သံထည် ထုလုပ်သည့် အတတ်ပညာ ဖြစ်ပြီး သံထည်များနှင့် သံမဏိများကို မီးဖိုတွင်ဖုတ်ပြီး ပစ္စည်းအမျိုးမျိုးကို ပုံဖော်သည့် လက်မှုပညာဖြစ်သည်။ ထိုရှေးဟောင်းအမွေအနှစ် လက်မှုပညာသည် စစ်လက်နက်များနှင့် စစ်ဝတ်တန်ဆာများပြုလုပ်ရာမှ စတင်ခဲ့ပြီး နေ့စဉ်သုံးပစ္စည်းများဖြစ်သော လက်သုံး ပုဆိန်များ၊ ဓားများ၊ ပေါက်ပြား၊ ပေါက်တူးများ၊ လှည်းဝင်ရိုးများနှင့် သံထည်ပစ္စည်းများကို ထုလုပ်လာကြသည်။



ပန်းပဲ

## ၂။ ပန်းပု

ပန်းပုပညာဆိုသည်မှာ ရိုးရာပစ္စည်းများဖြစ်သော သစ်သားများ (ရှေးအခါက ဆင်စွယ်များ) ကို အသုံးပြုပြီး ထွင်းထုရသော ပညာရပ်ဖြစ်သည်။ ပန်းပုပညာသည် ဗုဒ္ဓဝင်များကို ထွင်းဆစ်ရာမှ အစပြုခဲ့ပြီး လူပုံများ၊ တိရစ္ဆာန်ပုံများ၊ လှပသော ပန်းပုံများကို ထုဆစ်လာကြသည်။ ထိုပန်းပုပညာကို နိုင်ငံတဝှမ်း အသေးစိတ်တည်ဆောက်ထားသော စေတီပုထိုးများတွင် တွေ့မြင်နိုင်ပါသည်။



ပန်းပု

### ၃။ ပန်းထိမ်

ပန်းထိမ်ပညာဆိုသည်မှာ ရွှေများ၊ ငွေများနှင့် အခြားသောသတ္တုပစ္စည်းများကို အသုံးပြုပြီး ရွှေထည်၊ ငွေထည်များကိုပြုလုပ်သော ပညာရပ်ဖြစ်သည်။ ထိုလက်မှုအထည်များကို အလှဆင်ပစ္စည်းများအဖြစ် အသုံးပြုကြပြီး ထိုပစ္စည်းများမှာ ခြေချင်း၊ လက်ကောက်၊ လက်စွပ်၊ ဆွဲကြိုးများနှင့် နားတောင်းများ ပါဝင်ပါသည်။



ပန်းထိမ်

### ၄။ ပန်းတော့

ပန်းတော့ဆိုသည်မှာ အင်္ဂတေများကိုအသုံးပြုပြီး ရုပ်လုံးများပြုလုပ်သော ပညာရပ်ဖြစ်သည်။ အင်္ဂတေကို ထုံး၊ သဲ၊ ရေတို့ကို အသုံးပြုပြီး မဆလာအရည်အဖြစ် ပြုလုပ်ကြသည်။ အင်္ဂတေ

ရုပ်လုံးများတွင် အဆောက်အအုံအတွင်းနှင့် အပြင်များတွင်တွေ့ရှိရသည့် လှပသော ခြူးပန်း ခြူးနွယ်နှင့် ခြင်္သေ့ရုပ်၊ နဂါးရုပ် အစရှိသော တိရစ္ဆာန်ပုံတို့ကို ပြုလုပ်ခြင်းများ ပါဝင်သည်။



**ပန်းတော့**

## ၅။ ပန်းတဉ်း

ပန်းတဉ်းပညာဆိုသည်မှာ ခဲ၊ ကြေးနီ သို့မဟုတ် ကြေးဝါများဖြင့် ကြေးထည်အမျိုးမျိုးကို သွန်းလုပ်သည့် ပညာဖြစ်သည်။ ထိုကြေးထည်များတွင် ဇလုံများ၊ ခွက်များ၊ ရေအိုးများ၊ ဗန်းများ၊ ချိန်သီးများနှင့် နွားခလောက်များပါဝင်သည်။ အချို့သော ပုံစံများသည် ဗုဒ္ဓဘာသာနှင့် တိုက်ရိုက်ဆက်စပ်နေသည့် ပစ္စည်းများဖြစ်သော မောင်းများ၊ ခေါင်းလောင်းများနှင့် ပန်းကန်လုံးများပါဝင်သည်။



**ပန်းတဉ်း**

## ၆။ ပန်းရန်

ပန်းရန်ဆိုသည်မှာ အုတ်များ၊ ကျောက်များနှင့် ဘိလပ်မြေများဖြင့် အဆောက်အအုံ တည်ဆောက်သည့် ပညာဖြစ်သည်။ ထိုအဆောက်အအုံများတွင် အိမ်များ၊ တံတားများ၊ စေတီပုထိုးများကဲ့သို့သော ဘာသာရေးအဆောက်အအုံများ ပါဝင်ပါသည်။



ပန်းရန်

## ၇။ ပန်းတမော့

ပန်းတမော့ပညာဆိုသည်မှာ စကျင်ကျောက်ကဲ့သို့သော ကျောက်သားများကို ထုဆစ်သည့် ရိုးရာလက်မှုပညာရပ် တစ်ရပ် ဖြစ်သည်။ ရိုးရာထုံးစံအရ ဘုရားရုပ်ပွားတော်များ၊ တိရစ္ဆာန်များကို ထုဆစ်လေ့ရှိပြီး အခြားသော အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် ငရုတ်ဆုံနှင့် ငရုတ်ကျည်ပွေ့ များကိုလည်း ပြုလုပ်လေ့ရှိသည်။



ပန်းတမော့

## ၈။ ပန်းပွတ်

ပန်းပွတ်ပညာဆိုသည်မှာ ပွတ်ခုံကို အသုံးပြုပြီး သစ်သားများကို ချောမွတ်အောင် ပွတ်ခံပြုလုပ်သည့် ပညာဖြစ်သည်။ ဤလက်မှုပညာများတွင် ခုံများ၊ စားပွဲများ၊ အိပ်ရာခုတင်များ၊ ဇလုံများ၊ ခွက်များနှင့် ထီးလက်ကိုင်များကို ပြုလုပ်ကြသည်။



ပန်းပွတ်

## ၉။ ပန်းချီ

ပန်းချီပညာဆိုသည်မှာ သက်ရှိသတ္တဝါများ၊ အရာဝတ္ထုများနှင့် ရှုခင်းများကို ဆေးခြယ်ရေးဆွဲသည့် အနုပညာဖြစ်သည်။ ထန်းရွက်ပေါ်တွင် ဆေးခြယ်ရေးဆွဲသော ပေရေးပန်းချီ၊ ပုရပိုက်ပေါ်တွင် ရေးဆွဲသော ပုရပိုက်ပန်းချီနှင့် သစ်သားပေါ်တွင် ဆေးခြယ်ရေးဆွဲသော သစ်ပန်းချီ ဟူ၍ ပန်းချီ အမျိုးအစား အမျိုးမျိုးရှိပါသည်။



ပန်းချီ

## ၁၀။ ပန်းယွန်း

ပန်းယွန်းဆိုသည်မှာ ယွန်းထည်ပစ္စည်းများ ပြုလုပ်သည့် ပညာဖြစ်ပြီး ဇလုံများ၊ လင်ဗန်းများ၊ ပန်းကန်ပြားများနှင့် သေတ္တာများ စသည့် ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ကြသည်။ ယွန်းထည်များအား ရိုးရာဓလေ့အရ ဝါးနှီးအလွှာ အထပ်ထပ်ကို သစ်စေးပင်မှရရှိသောအစေးဖြင့် သရိုးကိုင်ပြီး ပြုလုပ်သော်လည်း အချို့သော ယွန်းထည်ပစ္စည်းကောင်းများတွင်မူ မြင်းမြီးနှင့် ရွှံ့တို့ကို အသုံးပြုကြသည်။



ပန်းယွန်း

# လက်ကမ်းစာစောင် (၉)
# သင်ခန်းစာ ကြည့်ရှုလေ့လာရမည့် လုပ်ငန်းပေးစာရွက် (သင်ခန်းစာ ၃.၃.၂)

| အတန်းနှင့် သင်ခန်းစာ နံပါတ် | | သင်ခန်းစာဘာသာရပ် |
|---|---|---|
| | | |
| သင်ကြားနည်းအဆင့် | | သင်ကြားနည်း အဆင့်တစ်ခုစီတွင် အသုံးပြုခဲ့သည့် အဓိက သင်ယူမှုလုပ်ငန်းများမှာ အဘယ်နည်း။ |
| ၁။ | မိတ်ဆက်ခြင်း | |
| ၂။ | ဖန်တီး လုပ်ဆောင်ခြင်း | |
| ၃။ | ပြန်လည် သုံးသပ်ခြင်း | |

# လက်ကမ်းစာစောင် (၁၀)
# ပန်းချီအနုပညာအပေါ်ရသခံစားတန်ဖိုးထားမှု (သင်ခန်းစာ ၃.၄.၁)

## အတန်းအလိုက် ရည်ရွယ်ချက်များ

ပထမတန်းမှ တတိယတန်းအထိ ရည်ရွယ်ချက်နှင့် အကြောင်းအရာများသည် အတည်ပြုပြီးသား ဖြစ်သည်။ စတုတ္ထတန်းမှ ပဉ္စမတန်းအထိ အကြောင်းအရာများသည် အပြောင်းအလဲရှိနိုင်ပါသည်။ (ဇွန်လ ၂၀၁၈)

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| ရသ ခံစား တန်ဖိုး ထားမှု | • မိမိ ပတ်ဝန်းကျင် ရှိအနုပညာ ပစ္စည်းများကို သိရှိ နားလည်၍ စိတ်ဝင်စား စေရန်။ | • မိမိ ပတ်ဝန်းကျင် ရှိအနုပညာ ပစ္စည်းများကို ကြည့်ရှု လေ့လာ၍ စိတ်ဝင်စားမှု ရှိစေရန်။ | • မြန်မာ တိုင်းရင်းသား မျိုးနွယ်စုတို့၏ ထူးခြားသော ရိုးရာ အနုပညာ လက်ရာ များကို နားလည် သိရှိနိုင်ရန်။ | • မြန်မာ တိုင်းရင်းသား မျိုးနွယ်စု တို့၏ ရိုးရှင်း လွယ်ကူသော ရိုးရာပစ္စည်းများ ပြုလုပ်ပုံ အဆင့်ဆင့် တို့ကို နားလည် သိရှိစေရန်။ | • မြန်မာ တိုင်းရင်းသား မျိုးနွယ်စုတို့၏ ရိုးရာ တူရိယာနှင့် တခြားသော ပစ္စည်းများ အပါအဝင် ရိုးရာ အနုပညာနှင့် လက်မှု ပညာများကို တန်ဖိုးထား နားလည် ခံစား တတ်စေရန်။ |

## အတန်းအလိုက် သင်ယူမှုအကြောင်းအရာများ

ပထမတန်းမှ တတိယတန်းအထိ ရည်ရွယ်ချက်နှင့် အကြောင်းအရာများသည် အတည်ပြုပြီးသား ဖြစ်သည်။ စတုတ္ထတန်းမှ ပဉ္စမတန်းအထိ အကြောင်းအရာများသည် အပြောင်းအလဲရှိနိုင်ပါသည်။ (ဇွန်လ ၂၀၁၈)

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| ရသ ခံစား တန်ဖိုး ထားမှု | မြန်မာ့ရိုးရာ အနုပညာကို သိရှိ နားလည်ခြင်း။ | မြန်မာ့ရိုးရာ အနုပညာကို သိရှိ နားလည်ခြင်း။ | မြန်မာ့ရိုးရာ အနုပညာကို သိရှိ နားလည်ခြင်း။ | တိုင်းရင်းသား မျိုးနွယ်စုတို့၏ ရိုးရာအနုပညာကို သိရှိနားလည် ခြင်းနှင့် လေးစား တန်ဖိုးထားခြင်း။ | တိုင်းရင်းသား မျိုးနွယ်စုတို့၏ ရိုးရာအနုပညာကို လေးစား တန်ဖိုးထားခြင်း။ |

# လက်ကမ်းစာစောင် (၁၁)
# လုပ်ငန်းပေးစာရွက် (သင်ခန်းစာ ၃.၄.၂)

| အတန်းနှင့် သင်ခန်းစာနံပါတ် | | သင်ခန်းစာခေါင်းစဉ် |
|---|---|---|
| | | |
| သင်ကြားနည်းအဆင့် | | အဆင့်တစ်ခုစီအတွက် သင်ကြားရာတွင် မည့်သည့်သင်ယူမှုလုပ်ငန်းစဉ်များကို အသုံးပြုထားသနည်း။ |
| ၁။ | မိတ်ဆက်ခြင်း | |
| ၂။ | ဖန်တီးလုပ်ဆောင်ခြင်း | |

# လက်ကမ်းစာစောင် (၁၂)
# လုပ်ငန်းပေးစာရွက် ၂ (သင်ခန်းစာ ၃.၄.၂)

| အတန်းနှင့် သင်ခန်းစာ နံပါတ် | | သင်ခန်းစာခေါင်းစဉ် | သင်ကြားနည်းလမ်းများ- နမူနာလုပ်ပြခြင်း၊ သရုပ်ပြ သင်ကြားခြင်း နှစ်ယောက်တွဲလုပ်ငန်း၊ အုပ်စုလုပ်ငန်း၊ ကြည့်ရှုလေ့လာခြင်း သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်၊ စိတ်ကူးပုံဖော်ခြင်း၊ ပြခန်းလှည့်လည် ကြည့်ရှု သင်ယူခြင်း၊ သရုပ်ဆောင် သင်ကြားသင်ယူခြင်း |
|---|---|---|---|
| | | | |
| သင်ကြားနည်းအဆင့် | | အဆင့်တစ်ခုစီအတွက် သင်ကြားရာတွင် မည့်သည့်သင်ယူမှု လုပ်ငန်းစဉ်များကို အသုံးပြုထား သနည်း။ | |
| ၁။ | မိတ်ဆက်ခြင်း<br><br>မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း<br>**မိမိ၏ မိတ်ဆက်ခြင်းသည် ကျောင်းသားများအား မည်သို့ပါဝင်လုပ်ဆောင် စေပါသနည်း။** | | |
| ၂။ | ဖန်တီးလုပ်ဆောင်ခြင်း<br><br>မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း<br>**သင်ခန်းစာသင်ယူစဉ် ကျောင်းသားများ မည်သည်တို့ကို လုပ်ဆောင်ရမည်နည်း။** | | |

| | | | |
|---|---|---|---|
| ၃။ | **ပြန်လည်သုံးသပ်ခြင်း**<br><br>မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း<br>**မည်သည့် စစ်ဆေး အကဲဖြတ်မှု အမျိုးအစားများကို ပြုလုပ်နိုင်မည်နည်း။** | | |

# လက်ကမ်းစာစောင် (၁၃.၁)
# ပထမတန်း သင်ယူမှုရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း

| ဂီတအနုပညာ | အတန်း ရည်ရွယ်ချက် | စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း |
|---|---|---|
| ၁။ အဆိုပညာ | • ကဗျာကို အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | |
| ၂။ အကပညာ | • မြန်မာ့အခြေခံအကတွင် ကိုယ်ခန္ဓာ အစိတ်အပိုင်းများ စနစ်တကျလှုပ်ရှားမှုကို သိရှိပြီး အခြေခံခေါင်းအကကို ကတတ်ရန်။ | |
| ၃။ အတီးပညာ | • မြန်မာ့ပလွေတူရိယာကိုသိရှိရန်။<br>• ဂီတသင်္ကေတ အသံ(၇)မျိုးကိုရွတ်ဆိုပြီး အသံထွက်မှန်ကန်စွာ ပလွေဖြင့်မှုတ်တတ်ရန်။ | |
| **ပန်းချီအနုပညာ** | **အတန်းရည်ရွယ်ချက်** | **စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း** |
| ၁။ ပန်းချီအနုပညာ | • ခဲတံနှင့်ရောင်စုံခဲတံတို့ကို အသုံးပြု၍ မျဉ်းအမျိုးမျိုးကို ထိန်းချုပ်ရေးဆွဲတတ်ရန်။ | |
| ၂။ လက်မှုအနုပညာ | • မိမိပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ရုပ်ပုံအမျိုးမျိုး ဖန်တီးပြုလုပ်၍ ပျော်ရွှင်မှုရရှိစေရန်။ | |
| ၃။ ရသခံစား တန်ဖိုးထားမှု | • မိမိပတ်ဝန်းကျင်ရှိ အနုပညာပစ္စည်းများကို သိရှိနားလည်၍ စိတ်ဝင်စားစေရန်။ | |

# လက်ကမ်းစာစောင် (၁၃.၂)
# ဒုတိယတန်း သင်ယူမှုရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း

| ဂီတ အနုပညာ | အတန်းရည်ရွယ်ချက် | စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း |
|---|---|---|
| ၁။ အဆိုပညာ | • သီချင်းကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | |
| ၂။ အကပညာ | • မြန်မာ့အခြေခံ လက်အကကို ခေါင်းလှုပ်ရှားမှုနှင့်တွဲ၍ စည်းဝါးတကျ ပျော်ရွှင်စွာကပြတတ်ရန်။ | |
| ၃။ အတီးပညာ | • ပလွေတူရိယာဖြင့် ဂီတ သင်္ကေတများကို အသံအနိမ့်အမြင့် အတိုအရှည်ကို ဖော်ပြတတ်ရန်။<br>• ဒို၊ ရေ၊ မီ အသံ (၃) သံပါသော တေးကဗျာများကို ပလွေဖြင့်မှုတ်တတ်ရန်။ | |
| **ပန်းချီအနုပညာ** | **အတန်းရည်ရွယ်ချက်** | **စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း** |
| ၁။ ပန်းချီအနုပညာ | • မြင်သည့်အရာကို စူးစမ်းလေ့လာ၍ ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်းဖြင့် ပျော်ရွှင်သူများဖြစ်စေရန်။ | |
| ၂။ လက်မှုအနုပညာ | • မိမိပတ်ဝန်းကျင်မှ အလွယ်တကူ ရရှိနိုင်သော အခြေခံပစ္စည်း ကတ်ကြေး စသည်တို့ကိုအသုံးပြု၍ ရုပ်ပုံများ ဖန်တီးပြုလုပ်တတ်ရန်။ | |
| ၃။ ရသခံစား တန်ဖိုးထားမှု | • မိမိပတ်ဝန်းကျင်ရှိ အနုပညာပစ္စည်းများကို ကြည့်ရှုလေ့လာ၍ စိတ်ဝင်စားမှုရှိစေရန်။ | |

## လက်ကမ်းစာစောင် (၁၃.၃)
## တတိယတန်း သင်ယူမှုရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း

| ဂီတအနုပညာ | အတန်းရည်ရွယ်ချက် | စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း |
|---|---|---|
| ၁။ အဆိုပညာ | • သီချင်းကဗျာ၏ အဓိပ္ပါယ်ကိုနားလည်ပြီး အသံနေအသံထား မှန်ကန်စွာဖြင့် ဟန်အမူအရာပြုလုပ်၍ သီဆိုတတ်ရန်။ | |
| ၂။ အကပညာ | • မြန်မာ့အခြေခံခြေသင်တန်းအကကို စနစ်တကျနှင့် စည်းဝါးကျစွာ ကပြတတ်ရန်။ | |
| ၃။ အတီးပညာ | • မြန်မာ့အခြေခံစည်းဝါးကိုတီးတတ်ရန်။<br>• ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို အသံ(၅)သံပါသော တေးကဗျာများကို ပလွေဖြင့် မှုတ်တတ်ရန်။ | |
| **ပန်းချီအနုပညာ** | **အတန်းရည်ရွယ်ချက်** | **စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း** |
| ၁။ ပန်းချီအနုပညာ | • အရာဝတ္ထုများကိုကြည့်ရှု၍ အခြေခံရေးဆွဲမှု စွမ်းရည်ကိုရရှိစေရန်။<br>• ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ပုံများကို ရေးဆွဲ၍ ဆေးခြယ်တတ်စေရန်။<br>• အခြေခံအရောင်နှင့် ဒုတိယအရောင်တို့၏ သဘောသဘာဝကိုသိရှိ၍ အသုံးပြုတတ်စေရန်။ | |
| ၂။ လက်မှု အနုပညာ | • မိမိပတ်ဝန်းကျင်ရှိ သဘာဝပစ္စည်းများကို အသုံးပြု၍ မိမိစိတ်ကူးဖြင့် ရုပ်ပုံလက်ရာ များကိုဖန်တီးတတ်စေရန်။ | |
| ၃။ရသခံစား တန်ဖိုးထားမှု | • မြန်မာတိုင်းရင်းသားမျိုးနွယ်စုတို့၏ ထူးခြားမှုတို့ကို နားလည်သိရှိနိုင်ရန်။ | |

# လက်ကမ်းစာစောင် (၁၃.၄)
# စတုတ္ထတန်း သင်ယူမှုရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း

| ဂီတ အနုပညာ | အတန်းရည်ရွယ်ချက် | စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း |
|---|---|---|
| ၁။ အဆိုပညာ | • ကျေးလက်၏ သဘာဝအလှကိုသိရှိပြီး စည်းဝါးနှင့် အသံနေအသံထားမှန်ကန်စွာ ခံစားသီဆိုတတ်စေရန်။ | |
| ၂။ အကပညာ | • မြန်မာ့အခြေခံအကကို စနစ်တကျနှင့် စည်းဝါးကျကျ ပျော်ရွှင်စွာ ကပြတတ်ရန်။ | |
| ၃။ အတီးပညာ | • အခြေခံစည်းချိန်အကြောင်းကို သိရှိနားလည်ရန်။<br>• ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ တီ အသံ (၇) သံပါသော တေးကဗျာများကို ပလွေဖြင့်မှုတ်တတ်ရန်။ | |
| **ပန်းချီအနုပညာ** | **အတန်းရည်ရွယ်ချက်** | **စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း** |
| ၁။ ပန်းချီအနုပညာ | • ထုပါသောအရာဝတ္ထုများကို အမြင်အမျိုးမျိုးဖြင့် ရေးဆွဲတတ်ရန်။<br>• ရှုထောင့်အမျိုးမျိုးဖြင့် သဘာဝရှုခင်းကို မိမိ၏စိတ်ကူး ထင်မြင်ချက်များဖြင့် ဖန်တီးရေးဆွဲ၍ ဆေးခြယ်တတ်ရန်။<br>• တတိယအရောင်များ၏ သဘောသဘာဝကိုသိရှိ၍ ဆေးခြယ်အသုံးပြုတတ်စေရန်။ | |
| ၂။ လက်မှုအနုပညာ | • အမျိုးမျိုးသော ပစ္စည်းကိရိယာများကို အသုံးပြု၍ ပျော်ရွှင်စရာကောင်းသော လက်မှုပညာ ပစ္စည်းများကို ဖန်တီးပြုလုပ်တတ်ရန် | |
| ၃။ ရသခံစား တန်ဖိုးထားမှု | • မြန်မာတိုင်းရင်းသားမျိုးနွယ်စုတို့ ၏ ရိုးရှင်း လွယ်ကူသော ရိုးရာပစ္စည်းများ ပြုလုပ်ပုံအဆင့်ဆင့်တို့ကို နားလည်သိရှိစေရန်။ | |

## လက်ကမ်းစာစောင် (၁၃.၅)
## ပဥ္စမတန်း သင်ယူမှုရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း

| ဂီတ အနုပညာ | အတန်းရည်ရွယ်ချက် | စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း |
|---|---|---|
| ၁။ အဆိုပညာ | • ကျေးလက်၏ဆောင်းဦးအလှကိုသိရှိပြီး စည်းဝါးနှင့် အသံနေအသံထား မှန်ကန်စွာ ခံစားသီဆိုတတ်စေရန်။ | |
| ၂။ အကပညာ | • မြန်မာ့အခြေခံအကကို နားလည်ခံစားပြီး ပျော်ရွှင်စွာ ကပြတတ်ရန်။ | |
| ၃။ အတီးပညာ | • ရှေးဦးတူရိယာ (၅)မျိုးနှင့် တူရိယာအမည်များကိုသိရှိရန်။<br>• မြန်မာ့ကျောင်းသီချင်းကို ပလွေဖြင့် မှုတ်တတ်ရန်။ | |
| **ပန်းချီအနုပညာ** | **အတန်းရည်ရွယ်ချက်** | **စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်း** |
| ၁။ ပန်းချီအနုပညာ | • 'ဝ'ကိုအခြေခံ၍ အဝိုင်းလေးဝိုင်းဖြင့် ရေးဆွဲသော လူပုံကိုရေးဆွဲတတ်ရန်။<br>• သင်ယူထားသော ဗဟုသုတနှင့် အရည်အသွေးများကို အသုံးပြု၍ကလေးတို့၏ ကိုယ်ပိုင်အတွေးအခေါ် နှင့်ခံစားဖန်တီးနိုင်မှုတို့ကို ဖော်ပြတတ်ရန်။ | |
| ၂။ လက်မှုအနုပညာ | • သင်ယူခဲ့ပြီးသော လက်မှုပညာဗဟုသုတနှင့် အရည်အသွေးတို့ကိုအသုံးပြု၍ ကလေးတို့ အတွေးအခေါ်ဖြင့် ပိုမိုကောင်းမွန်သော ပစ္စည်းများကို ဖန်တီးပြုလုပ်တတ်ရန်။ | |
| ၃။ ရသခံစား တန်ဖိုးထားမှု | • မြန်မာတိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာတူရိယာနှင့် အခြားသောပစ္စည်း များ အပါအဝင် ရိုးရာအနုပညာနှင့် လက်မှုပညာများကို တန်ဖိုးထား နားလည်ခံစားတတ်စေရန်။ | |

## လက်ကမ်းစာစောင် (၁၄)
## ပထမတန်း ဂီတအနုပညာဘာသာ၏ စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်း၏ရည်ရွယ်ချက်မှာ ကျောင်းသား၊ကျောင်းသူများ မည်မျှသင်ယူတတ်မြောက်ပြီးစီးသည်ကိုသိရှိရန်နှင့် ထပ်မံလိုအပ်သော သင်ယူမှုလိုအပ်ချက်များကို ရှာဖွေရန်ဖြစ်သည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားကျောင်းသူများ၏ သင်ယူမှုကို ဖွံ့ဖြိုးတိုးတက်စေရန် အလွန်အရေးပါသော လုပ်ငန်းစဉ် ဖြစ်သည်။ စစ်ဆေးအကဲဖြတ်ခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်နိုင်ပြီး သင်ခန်းစာသင်ယူနေစဉ် သို့မဟုတ် သင်ယူပြီးအချိန်ကာလတွင် ပြုလုပ်နိုင်သည်။

စစ်ဆေးအကဲဖြတ်ခြင်းသည် ဆရာများအတွက် သင်ခန်းစာသင်ကြားရာတွင် မည်မျှပေါက်မြောက်အောင်မြင်မှုရှိသည်ကို သိရှိစေရန် ကူညီပေးပြီး ကျောင်းသားကျောင်းသူများအတွက် သင်ခန်းစာမည်မျှသင်ယူပြီးစီးသည်ကို သိရှိစေရန် ကူညီပေးပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် ဆရာများကို သင်ခန်းစာ၏ ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်မှု ရှိ၊ မရှိကို သိရှိစေရန် ကူညီပေးပါသည်။

ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်မားစွာသင်ယူနိုင်သည့် အခြေအနေသို့ ရောက်ရှိစေရန် စစ်ဆေးအကဲဖြတ်ခြင်းမှ တွေ့ရှိချက်များသည် ဆရာများကို သင်ခန်းစာသင်ကြားရာတွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန် ကူညီပေးပါသည်။

ဂီတအနုပညာ၏ စစ်ဆေးအကဲဖြတ်ခြင်းကို အောက်ဖော်ပြပါ နယ်ပယ် (၃) ခု အား ထည့်သွင်းစဉ်းစားပြီး လုပ်ဆောင်နိုင်သည်။

၁။ **စိတ်ပါဝင်စားမှု** - ကျောင်းသား၊ ကျောင်းသူများ ဂီတကိုသင်ယူရာတွင် ချစ်ခင်မြတ်နိုးမှု မည်မျှရှိသည်ကို စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။

၂။ **ဂီတကိုခံစား၍ သရုပ်ဖော်နိုင်မှု** - ကျောင်းသား၊ ကျောင်းသူများ ဂီတကို မည်မျှကောင်းမွန်စွာ သရုပ်ဖော်နိုင်သည်နှင့် ဂီတဖြင့် ဆန်းသစ်တီထွင်နိုင်သည့် စွမ်းရည်များကို စစ်ဆေး အကဲဖြတ်ခြင်းဖြစ်သည်။

၃။ **ကျွမ်းကျင်မှု** - ကျောင်းသား၊ ကျောင်းသူများ သူတို့၏ ဂီတကျွမ်းကျင်မှုများနှင့် ဂီတ၏ လိုအပ်သော အသိပညာ၊ဗဟုသုတများကို နားလည်သဘောပေါက်ပြီး မည်မျှကောင်းမွန်စွာ သရုပ်ဖော်နိုင်သည်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။

သင်ခန်းစာတစ်ခုစီတွင် ရည်ရွယ်ချက်များရှိပြီး ထိုသင်ခန်းစာအတွက် ကျောင်းသား၊ ကျောင်းသူများကို စစ်ဆေးအကဲဖြတ်ရာတွင် ထိုရည်ရွယ်ချက်များကို ကျောင်းသား၊ ကျောင်းသူများ ပေါက်မြောက်အောင်မြင်မှု ရှိ၊ မရှိအပေါ်တွင် အခြေခံပြီး အကဲဖြတ်ရမည်။ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာ သင်ယူမှုရလဒ်အား 'သင့်' အဆင့်အပေါ်တွင် မူတည်ပြီး စစ်ဆေးရမည်။ ဆိုလိုသည်မှာ အကယ်၍ကျောင်းသားတစ်ဦးသည် 'သင့်' အဆင့်ထက်ကျော်လွန်ပြီး ကောင်းမွန်ပါက ထိုကျောင်းသားကို အလွန်ကောင်းအဆင့်ဟု သတ်မှတ်နိုင်ပြီး ထိုကျောင်းသားသည် 'သင့်' အဆင့်ထိရောက်အောင် မလုပ်ဆောင်နိုင်ပါက ထိုကျောင်းသားကို ထပ်မံကြိုးစားရန်လိုအပ်သည့်အဆင့်ဟု မှတ်ယူ နိုင်သည်။

ပထမတန်း ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ်မှ အခန်း (၁) သင်ခန်းစာ (၁ မှ ၅)နှင့် သက်ဆိုင်သော နမူနာအား အောက်တွင်ဖော်ပြထားပါသည်။ သင်ခန်းစာတစ်ခုစီ၏ ရည်ရွယ်ချက်များကို အောက်ပါ ဇယားတွင် တွေ့မြင်နိုင်ပါသည်။

| ပထမတန်း | ဂီတ အနုပညာ |
|---|---|
| **အခန်း** | **အခန်း ၁- တေးဆိုငှက်** |
| ရည်ရွယ်ချက် | ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်<br><br>သင်ခန်းစာ (၁) ကဗျာကို ရွတ်ကာ၊ ရုပ်ပုံကားချပ်ကိုကြည့်၍ စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ သီဆိုတတ်ရန်<br><br>သင်ခန်းစာ (၂) တေးကဗျာ၏ အဓိပ္ပာယ်ကိုနားလည်ပြီး ပျော်ရွှင်စွာ သီဆိုတတ်ရန်<br><br>သင်ခန်းစာ (၃) တေးဆိုငှက် တေးကဗျာ၏ ရိုက်ချက်သင်္ကေတကို သင်ယူလေ့ကျင့်၍ ပျော်ရွှင်စွာ သီဆိုတတ်ရန်<br><br>သင်ခန်းစာ (၄) ဒို ၊ရေ၊ မီ သံစဉ်အနိမ့်အမြင့်ကို လက်ဟန်ဖြင့် သရုပ်ပြတတ်ရန်<br><br>သင်ခန်းစာ (၅) တေးဆိုငှက် တေးကဗျာအား ဒို၊ ရေ၊ မီ သင်္ကေတဖြင့်လည်းကောင်း၊ တေးစာသား ဖြင့်လည်းကောင်း ပျော်ရွှင်စွာ သီဆိုတတ်ရန် |

အခန်း (၁) သင်ခန်းစာ ၅ ခုမှ တစ်ခုစီနှင့်ဆက်စပ်ပြီး နယ်ပယ်(၃)ခုဖြစ်သော စိတ်ပါ ဝင်စားမှု၊ ဂီတကိုခံစား၍သရုပ်ဖော်နိုင်မှုနှင့် ကျွမ်းကျင်မှုစသည့်နယ်ပယ်များကိုစစ်ဆေးအကဲဖြတ်ရန်အတွက် အောက်တွင် စစ်ဆေးအကဲဖြတ်ခြင်း အဆင့် 'သင့်' အဆင့်ကို ဖော်ပြထားပါသည်။

| နယ်ပယ် | အလွန် ကောင်း (A) | သင့် (B) | ထပ်မံကြိုးစားရန် (C) |
|---|---|---|---|
| စိတ်ပါဝင်စားမှု | ကောင်းမွန် ပြည့်စုံစွာ လုပ်နိုင်သည်။ | ၁။ ရုပ်ပုံကားချပ်ကိုကြည့်၍ အဓိပ္ပာယ်ကို စဉ်းစားသရုပ်ဖော်ရင်း သီဆိုနိုင်သည်။ (သင်ခန်းစာ- ၁)<br>၂။ တေးဆိုငှက် တေးကဗျာအား အုပ်စုလိုက် စိတ်ပါဝင်စားစွာဖြင့် ဒို၊ ရေ၊ မီ သရုပ်ဖော်ဟန်ကို အသုံးပြုကာ အသံအနိမ့်အမြင့်များဖြင့် သီဆိုနိုင်သည်။ (သင်ခန်းစာ - ၅) | အနည်းငယ် မှားယွင်းမှု ရှိသည်။ ဆက်လက် ကြိုးစားပါ။ |
| ဂီတကို ခံစား၍ သရုပ်ဖော်နိုင်မှု | ကောင်းမွန် ပြည့်စုံစွာ လုပ်နိုင်သည်။ | ၁။ ခံစားချက်ထည့်၍ အဖွဲ့လိုက် ပျော်ရွှင်စွာ သီဆိုနိုင်သည်။ (သင်ခန်းစာ - ၁)<br>၂။ တေးကဗျာ၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်ပြီး မှန်ကန်စွာ ရွတ်ဆိုနိုင်သည်။ (သင်ခန်းစာ -၂) | အနည်းငယ် မှားယွင်းမှု ရှိသည်။ ဆက်လက် ကြိုးစားပါ။ |
| ကျွမ်းကျင်မှု | ကောင်းမွန် ပြည့်စုံစွာ လုပ်နိုင်သည်။ | ၁။ လေးချက်စည်းဖြင့် ဖြောင်း၊ ဖြောင်း၊ ဖြောင်း၊ ဟိုး အား တီးနိုင်သည်။ (သင်ခန်းစာ - ၃)<br>၂။ ဒိုရေမီ သရုပ်ဖော်ဟန်ဖြင့် အသံအနိမ့်အမြင့်များ အကြောင်းကို နားလည်သည်။ (သင်ခန်းစာ - ၄)<br>၃။ အုပ်စုလိုက် ဒိုရေမီ သရုပ်ဖော်ဟန်ကို ပျော်ရွှင်စွာ ပြုလုပ်တတ်သည်။ (သင်ခန်းစာ - ၄) | အနည်းငယ် မှားယွင်းမှု ရှိသည်။ ဆက်လက် ကြိုးစားပါ။ |

# လက်ကမ်းစာစောင် (၁၅)
# ဒုတိယတန်း ပန်းချီအနုပညာဘာသာ၏ စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာများတွင် ကျောင်းသားကျောင်းသူများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ခန်းစာ၏ရည်ရွယ်ချက်များအပေါ်တွင် အခြေခံပါသည်။ သင်ခန်းစာတစ်ခုစီကို (၁) ကျောင်းသား၊ ကျောင်းသူများ၏ ကျွမ်းကျင်မှုနှင့် (၂) ကျောင်းသား၊ ကျောင်းသူများ၏ တွေးတောနိုင်မှု စသည့် ရှုထောင့်အမြင်နှစ်မျိုးအပေါ်တွင် အခြေခံပြီး စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ထို့သို့ စစ်ဆေးအကဲဖြတ်ခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်နိုင်ပြီး အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများ မျဉ်းများကို ချောမွေ့ပြေပြစ်စွာဆွဲနိုင်ခြင်း ရှိ၊မရှိ၊ အရောင်များကို သပ်ရပ်စွာ ခြယ်သနိုင်ခြင်း ရှိ၊ မရှိနှင့် မိမိ ရေးဆွဲထားသော လက်မှုပညာဖန်တီးမှုများနှင့် သက်ဆိုင်သော မေးခွန်းများကို ဖြေကြားနိုင်မှု ရှိ၊ မရှိ စသည့် စွမ်းရည်များပေါ်တွင် အခြေခံပြီး အကဲဖြတ်နိုင်ပါသည်။ အောက်ဖော်ပြပါ နမူနာအမှတ်ပေး စံဇယားသည် ဒုတိယတန်း ပန်းချီအနုပညာဘာသာ၏ သင်ခန်းစာ (၁.၁) နှင့် (၁.၂) တွင် အသုံးပြုထားသည့် နမူနာပုံစံဖြစ်သည်။

**သင်ခန်းစာ (၁.၁)** သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကို ရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း

**သင်ခန်းစာ ရည်ရွယ်ချက်**

သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကိုရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်းများကို နားလည်သဘောပေါက်ရန်

## စစ်ဆေးအကဲဖြတ်ခြင်း

### ၁။ သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကို ရေးဆွဲခြင်း

| | |
|---|---|
| (က) | သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကို သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲနိုင်သည်။ |
| (ခ) | သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကို ရေးဆွဲနိုင်သည်။ |
| (ဂ) | သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကို မရေးဆွဲနိုင်ပါ။ |

### ၂။ သုံးထောင့်၊ လေးထောင့်၊ အဝိုင်းတို့ကို ဆေးရောင်ခြယ်ခြင်း

| | |
|---|---|
| (က) | ရုပ်ပုံ၏အတွင်းပိုင်းကို ရုပ်ပုံအနားသားများသို့ လျှံထွက်မသွားအောင် သန့်ရှင်းသပ်ရပ်စွာ ဆေးခြယ်နိုင်သည်။ |
| (ခ) | ရုပ်ပုံကို ဆေးခြယ်နိုင်သည်။ |
| (ဂ) | ရုပ်ပုံကို ဆေးမခြယ်နိုင်ပါ။ |

## သင်ခန်းစာ (၁.၂) သုံးထောင့်၊ လေးထောင့်၊ အဝိုင်းပေါင်းစပ်ထားသည့် ရုပ်ပုံများကိုရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း

### သင်ခန်းစာ ရည်ရွယ်ချက်

သုံးထောင့်၊ လေးထောင့်၊ အဝိုင်းပေါင်းစပ်ထားသည့် ရုပ်ပုံများကို ရေးဆွဲပြီး ဆေးခြယ်နိုင်ရန်နှင့် ထိုအကြောင်းအရာများကို နားလည်သဘောပေါက်ရန်

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ အခြေခံပုံသဏ္ဍာန်များဖြင့် ပေါင်းစပ်ထားသည့် ရုပ်ပုံများကိုအသုံးပြုပြီး မိမိ၏ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကိုဆွဲခြင်း။

| | |
|---|---|
| (က) | အခြေခံပုံသဏ္ဍာန်များဖြင့် ပေါင်းစပ်ထားသည့် ရုပ်ပုံများကို ရှင်းလင်းပြတ်သားစွာ ဆွဲနိုင်သည်။ |
| (ခ) | အခြေခံပုံသဏ္ဍာန်များဖြင့် ပေါင်းစပ်ထားသည့် ရုပ်ပုံများကို ဆွဲနိုင်သည်။ |
| (ဂ) | အခြေခံပုံသဏ္ဍာန်များဖြင့် ပေါင်းစပ်ထားသည့် ရုပ်ပုံများကို မဆွဲနိုင်ပါ။ |

၂။ အရောင်များကိုအသုံးပြုပြီး ဆေးခြယ်ခြင်း အကြောင်းအရင်းများကို ရှင်းပြခြင်း။

| | |
|---|---|
| (က) | အရောင်များကို အသုံးပြုပြီး ဆေးခြယ်ရခြင်း အကြောင်းအရင်းများကို ကောင်းမွန်စွာ ရှင်းပြနိုင်သည်။ |
| (ခ) | အရောင်များကို အသုံးပြုပြီး ဆေးခြယ်ရခြင်း အကြောင်းအရင်းများကို ရှင်းပြနိုင်သည်။ |
| (ဂ) | အရောင်များကို အသုံးပြုပြီး ဆေးခြယ်ရခြင်း အကြောင်းအရင်းများကို မရှင်းပြနိုင်ပါ။ |

# လက်ကမ်းစာစောင် (၁၆)
# စစ်ဆေးအကဲဖြတ် ချဉ်းကပ်နည်းအတွက် သင်ထောက်ကူသေတ္တာ[၂၀]

## သရုပ်ပြသင်ကြားခြင်း

ကျောင်းသားများကို သင်ယူနေသော ကျွမ်းကျင်မှုတစ်ခုအားပြသရန် သို့မဟုတ် သရုပ်ပြသင်ကြားစေပါ။ ဥပမာ - ကျောင်းသားများအား 'အက' နည်းလမ်းတစ်ခုကို သရုပ်ပြ ကပြစေခြင်း၊ သိပ္ပံလက်တွေ့ စမ်းသပ်ချက်၏ အဆင့်တစ်ဆင့် သို့မဟုတ် ကာယပညာရေးမှ လှုပ်ရှားမှုတစ်ခုကို သရုပ်ပြ ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကို ဖတ်ပြီးမေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်းဖတ်စရာများ ဖတ်စေခြင်းစသည်တို့ ပါဝင်နိုင်သည်။ ပေးသောအိမ်စာ အလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များ ရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်းရေးခြင်း ဖြစ်သည်။ မိမိတို့၏သင်ယူမှုကို အသိရှိစွာဖြင့် ထင်ဟပ်သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ဆရာများက အလေးထား ဆင်ခြင်သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

---

[၂၀] ဆရာများအတွက် ဆရာလမ်းညွှန်အား မိတ်ဆက်ခြင်း ၊ ဤလမ်းညွှန်အား မည်သို့အသုံးပြုရမည်နည်းအပိုင်းမှ ကောက်နုတ်ကိုးကားထားခြင်း ဖြစ်သည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်း လှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာကို နားလည်မှုရှိပါသလား ဆိုသည်ကို ယေဘုယျအားဖြင့်သိနိုင်သော နည်းလမ်း ကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏ အဖြေများ သို့မဟုတ် တင်ပြခြင်းကို စစ်ဆေးရမည့်စာရင်း (Checklist) သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်း (Criteria) ကို အသုံးပြုပြီး ကြည့်ရှုလေ့လာစစ်ဆေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်မှု (Peer Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ် သုံးသပ်ခြင်း သို့မဟုတ် အကဲဖြတ် ထင်မြင်ချက်ပေးစေခြင်းများကို လုပ်ဆောင်စေပါ။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်း များတွင် ကျောင်းသားများက စံသတ်မှတ်ချက်များအပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များ ပေးနိုင်ရန် စစ်ဆေးရမည့်စာရင်း (Checklist) သို့မဟုတ် အကဲဖြတ်ရန် သတ်မှတ်ချက် ဇယား (Rubric) လိုအပ်ပါသည်။

## တင်ပြခြင်း (Presentation)

အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်း သည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ပူးပေါင်းပြီး ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ် ဆိုင်ရာ အသိပညာနားလည်မှုကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု

သို့မဟုတ် နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းလေ့လာရန် စီမံချက်များ ပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ထောက်ပံ့ပေးရန် ဖြစ်သည်။

အမေးအဖြေများ (Question and answer)

ကျောင်းသားများ သင်ယူနေသော အကြောင်းအရာကို နားလည်သဘောပေါက်ခြင်း ရှိသည်၊ မရှိသည်ကို သိရှိရန် အပိတ်မေးခွန်း၊ အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သောနည်းလမ်းတစ်ခုဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးသကဲ့သို့ အဖြေတစ်ခုထက်ပိုသော၊ ကျောင်းသားများ၏ စဉ်းစားမှုကို ပိုမိုဖြစ်ထွန်းစေသည့် အဖွင့်မေးခွန်းများဖြင့် လေးနက်စွာ ဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်း မေးခွန်းများကို အတန်းတွင်းတွင် တစ်တန်းလုံး လုပ်ငန်းအနေဖြင့်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့်သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်း မေးခွန်းများကိုသင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအား ၎င်းတို့၏ ဖြည့်ဆည်းရန် လိုနေသော ကွာဟနေသည့် အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်

စေပြီး ထိုကွာဟချက်များကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ချမှတ်ရန် ကူညီပေးသည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့၏လုပ်ငန်း သို့မဟုတ် ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးချတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်အဆုံးတိုင်းတွင် ကျင်းပပါသည်။

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန